# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၈ ရက် ၂၀၂၀ ပြည့်နှစ်၊ မေ ၂၉ ရက်၊ သောကြာနေ့ အတွဲ (၅၉)၊ အမှတ် (၂၃၉)


## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး

အမျိုးသားအဆင့်ဗဟိုကော်မတီမှ အသိပေးကြေညာချက်

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၇ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၈ ရက်)

Coronavirus Disease 2019 (COVID–19) ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၀ ပြည့်နှစ်၊ မေလ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးသည့်ကိစ္စရပ်များမပါ) အား ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က

## ယခုဖြေလျှော့ပေးမှုများသည် စည်းကမ်းလိုက်နာခြင်းအားဖြင့် covid ကာကွယ်ရေးကို ဖေးမပေးခြင်း၏ အကျိုးဖြစ်တာကြောင့် covid ကို အနိုင်ရရေးအတွက် စည်းကမ်းထိန်းသိမ်းခြင်းအားဖြင့် ဆက်ပြီးကူညီကြပါလို့ မေတ္တာရပ်ခံပါကြောင်း သတင်းစကားပါး

နေပြည်တော် မေ ၂၈

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ယခုဖြေလျှော့ပေးမှုများသည် စည်းကမ်းလိုက်နာခြင်းအားဖြင့် covid ကာကွယ်ရေးကို ဖေးမပေးခြင်း၏ အကျိုးဖြစ်တာကြောင့် covid ကို အနိုင်ရရေးအတွက် စည်းကမ်းထိန်းသိမ်းခြင်းအားဖြင့် ဆက်ပြီးကူညီကြပါလို့ မေတ္တာရပ်ခံပါကြောင်း ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် သတင်းစကားပါး ရေးသားထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အချိန်နဲ့ဒီရေဟာ မည်သူ့ကိုမှ မစောင့်တဲ့။ မည်သူ၊ မည်သည့်အရာကမှလည်း မရွေ့မလျား၊ မပြောင်းမလဲမရှိပါကြောင်း၊ Covid နှင့် ပတ်သက်ပြီး ပြည်သူများနှင့် ဆက်သွယ်ရေးအတွက် Facebook ကို စပြီး အသုံးပြုခဲ့သည်မှာ (၂)လနီးပါး ရှိလာပြီဖြစ်ကြောင်း၊ Covid ဘက်ကလည်း အငြိမ်မနေဘဲ တစ်နေ့တစ်မျိုး မရိုးရအောင် ဖြစ်နေကြောင်း။

မေလ (၃၁) ရက်နေ့အထိ ရောဂါမပြန့်ပွားရေးအတွက် ချထားသည့် သတ်မှတ်ချက်အချို့ကို ဇွန်လ (၁) ရက်နေ့မှစပြီး ဖြေလျှော့မည်ဖြစ်ပါကြောင်း၊ သတိကြီးစွာဖြင့် တဖြည်းဖြည်း နိုင်ငံ၏ယန္တရား ပြည့်ဝစွာ ပြန်လည်ပတ်နိုင်ရေးကို ဦးတည်ပါကြောင်း။

ဒီကိစ္စမှာသာမက အခြားကိစ္စအဝဝမှာပါ ပြည်သူများ၏ စိုးရိမ်ချက်များ၊ မျှော်မှန်းချက်များ၊ ဖြစ်ချင်တာများ၊ ဖြစ်သင့်တာများ၊ ဖြစ်နိုင်တာများကို အမြဲစိတ်ထဲမှာရှိနေပါကြောင်း၊ အကောင်းဆုံးအဖြေကို အမြဲရှာနေပါကြောင်း၊ အကောင်းဆုံးအဖြေရနိုင်ဖို့က ပြည်သူများ အကူအညီ၊ ပူးပေါင်းဆောင်ရွက်မှုကို လိုအပ်တယ်ဆိုတာကိုတော့ ထပ်လောင်းပြောချင်ပါကြောင်း၊ နှလုံး၊ ဦးနှောက်ထဲ စွဲသွားအောင် အကြိမ်(၂၀၀) ပြောရမဲ့ကိစ္စမျိုး ဖြစ်ပါကြောင်း။

ယခုဖြေလျှော့ပေးမှုများသည် စည်းကမ်းလိုက်နာခြင်းအားဖြင့် covid ကာကွယ်ရေးကို ဖေးမပေးခြင်း၏ အကျိုးဖြစ်တာကြောင့် covid ကို အနိုင်ရရေးအတွက် စည်းကမ်းထိန်းသိမ်းခြင်းအားဖြင့် ဆက်ပြီးကူညီကြပါလို့ မေတ္တာရပ်ခံပါကြောင်း ရေးသားထားသည်။

> “ပြည်သူများ၏ စိုးရိမ်ချက်များ၊ မျှော်မှန်းချက်များ၊ ဖြစ်ချင်တာများ၊ ဖြစ်သင့်တာများ၊ ဖြစ်နိုင်တာများကို အမြဲစိတ်ထဲမှာ ရှိနေ၊ အကောင်းဆုံးအဖြေကို အမြဲရှာနေ၊ အကောင်းဆုံး အဖြေရနိုင်ဖို့က ပြည်သူများ အကူအညီ၊ ပူးပေါင်းဆောင်ရွက်မှုကို လိုအပ်”

## အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က KNU/KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောထော့လေးနှင့် KNU/KNLA ငြိမ်းချမ်းရေးကောင်စီသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ၊

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က

KNU/KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောထော့လေးနှင့်

KNU/KNLA ငြိမ်းချမ်းရေးကောင်စီသို့ ပေးပို့သည့်

ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

၂၀၂၀ ပြည့်နှစ်၊ မေလ ၂၇ ရက်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement–NCA) ကို လက်မှတ်ရေးထိုးခဲ့သော KNU/KNLA ငြိမ်းချမ်းရေးကောင်စီ၏ ဗဟိုကော်မတီနှင့် တပ်မှူး တပ်ဗိုလ်များ အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၅ ရက် နှင့် ၂၆ ရက်တို့၌ ဗဟိုဌာနချုပ်၊ ထို့ကော်ကိုး(ဝေနော်တယာ) တွင် ကျင်းပခဲ့ပြီး လစ်လပ်နေသော KNU/KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ်ကြီး စောထော့လေးအား ရွေးချယ်တင်မြှောက်သည့်အတွက် ဝမ်းမြောက်စွာဖြင့် ကြိုဆိုဂုဏ်ပြုပါသည်။


*စာမျက်နှာ ၃ ကော်လံ ၄* ◆



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# အခြေအနေသစ်နှင့် လိုက်လျောညီထွေ

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိထိရောက်ရောက် ထိန်းချုပ်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးမှ ၁၀ မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ တစ်မြို့နယ်တို့တွင် နေထိုင်ကြသည့် ပြည်သူများ မိမိအိမ်တွင် နေထိုင်ရေး(Stay at Home) အစီအစဉ်ကို ချမှတ်ဆောင်ရွက်ခဲ့ရာ ရောဂါထိန်းချုပ်မှုဆိုင်ရာ အခြေအနေကောင်းများ တိုးတက်ဖြစ်ပေါ်ခဲ့သည်။ သို့အတွက် မိမိအိမ်တွင် နေထိုင်ရေး အစီအစဉ်ကို မေလ ၁၄ ရက်နေ့တွင် တစ်ကြိမ်၊ မေလ ၂၈ ရက်နေ့တွင် တစ်ကြိမ် မြို့နယ်အချို့တို့အား ပယ်ဖျက်ပေးခဲ့ရာ ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ မြို့နယ် နှစ်မြို့နယ်သာ ကျန်ရစ်တော့သည်ကို တွေ့ရသည်။

ထို့အပြင် လူငါးဦးဖြစ်စေ၊ ငါးဦးထက်ပို၍ဖြစ်စေ စုဝေးနိုင်သည့် ကိစ္စရပ်များကို ထပ်မံဖြည့်စွက်လိုက်သည့်အတွက် အလုပ်များ၊ ကျောင်းများ၊ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်များ ပြန်လည်လည်ပတ်နိုင်တော့မည့် အခြေအနေသို့ ရောက်ရှိလာသည်။ တစ်ဖက်တွင်လည်း မေလ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသည့် ပြည်သူသို့ ပန်ကြားချက်၊ အမိန့်နှင့် အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးသည့်ကိစ္စရပ်များမပါ)တို့အား ၂၀၂၀ ပြည့်နှစ် ဇွန်လ ၁၅ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ထားသည်။ ဤသည်မှာ အခြေအနေကောင်းများ တိုးတက်ဖြစ်ပေါ်လာသည့်အတွက် ဖြေလျှော့မှုအချို့ ထိန်းညှိပြုလုပ်ပေးခြင်းသာဖြစ်ပြီး အပြီးတန်းဖြုတ်လိုက်ခြင်းမဟုတ်ကြောင်း သတိပြုကြရမှာဖြစ်သည်။ စီးပွားရေးယန္တရားများ လည်ပတ်လုပ်ကိုင်နိုင်ရေး၊ ပညာသင်ကြားမှုများ ပြန်လည်ပြုလုပ်နိုင်ရေး ၊ နေ့စဉ်လူနေမှုဘဝပုံစံများ ပြန်လည်ရရှိနိုင်ရေးတို့အတွက် ဖြေလျှော့ပေးမှုများကို ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှု ကာကွယ်ထိန်းချုပ်ရေးအတွက် ချမှတ်ထားသည့် သတ်မှတ်ချက်များနှင့် ညီညွတ်မှသာ ဆောင်ရွက်နိုင်ကြမှာဖြစ်သည်။

မကြာသေးမီက ကြည့်မြင်ဖတ်ရှုခဲ့ရသည့် နိုင်ငံတကာသတင်းများအရ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိတော့သည့်အတွက် ပုံမှန်အတိုင်း ပြန်လည်နေထိုင်ခဲ့ကြသည့် နိုင်ငံများမှ မြို့များတွင် ရောဂါကူးစက်ပျံ့နှံ့မှု ပြန်လည်ဖြစ်ပွားလာပြီး အရှိန်အဟုန်ပါမြင့်တက်ခဲ့သည်။ သို့ဖြစ်ရာ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုမရှိတော့ဟု ယူဆရသည့်အခြေအနေမျိုး ရရှိလာသည့်အချိန်၌ပင် ရုတ်တရက် တန်းဖြုတ်လိုက်ပြီး ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးအစီအမံများကိုပါ စွန့်လွှတ်လိုက်၍ မရကြောင်း သာဓကများ ရှိနေသည့်အလျောက် မိမိတို့၏ နေ့စဉ်လူနေမှုဘဝပုံစံများကို မိမိတို့ကိုယ်တိုင် ဆက်လက်ထိန်းချုပ်နေကြရဦးမည်ဟု ရှုမြင်မိသည်။ အထူးသဖြင့် ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ ရှိနေသလို နိုင်ငံတကာလေကြောင်းလိုင်းများ ပြန်လည်ဆိုက်ရောက်ခွင့်ပြုမည့် ကာလမျိုးများတွင် ရောဂါပိုးဝင်ရောက် ကူးစက်လာနိုင်သည့် အခြေအနေတစ်ရပ်ရှိနေသည်ကို ဂရုပြုကြရမှာဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာမြေပေါ်မှ လျင်မြန်စွာ ပြန်လည်ပျောက်ကွယ်သွားမည့် ရောဂါမဟုတ်ဟူ၍ ယူဆထားကြသည့်အလျောက် အခြေအနေသစ်နှင့် လိုက်လျောညီထွေစွာ ရှင်သန်နေထိုင်ကြရန် နိုင်ငံတကာတွင်လည်း ကြိုးပမ်းနေကြသည်။ အသက်အန္တရာယ်ပြုနိုင်သည့် ဗိုင်းရပ်စ်ပိုးမကူးစက်စေရေးအတွက် ခါတိုင်းနေနေကျအတိုင်း နေထိုင်၍မရတော့။ အခြေအနေသစ်မှာ ပုံစံသစ်ဖြင့် နေထိုင်ကြရတော့မည်။ အနောက်တိုင်းသားတို့ကတော့ New Normal ဟု ဆိုကြသည်။ တစ်ယောက်နှင့်တစ်ယောက်တွေ့လျှင် လက်ဆွဲနှုတ်ဆက်၍မရတော့၊ ဓာတ်လှေကားခလုတ်ကို လက်ဖြင့်နှိပ်၍ မရတော့၊ ဈေးဝယ်စင်တာကြီးများထဲသို့ ဝင်ချင်တိုင်းဝင်၍ မရတော့။ ဘာကိုပဲထိလိုက်ထိလိုက် ဗိုင်းရပ်စ်တို့ရှိနေနိုင်သည့် အခြေအနေမျိုးတွင် ဆင်ခြင်ကြရတော့သည်။

ကိုရိုနာဗိုင်းရပ်စ်က ကမ္ဘာကြီးတစ်ခုလုံးကို မျှော်လင့်မထားသည့် ပုံစံသစ်တစ်ခုဆီသို့ လျင်လျင်မြန်မြန် ပြောင်းလဲလိုက်ပြီဖြစ်ရာ ဖြစ်ပေါ်လာသည့် အခြေအနေသစ်တွင် အသားကျနေထိုင်နိုင်ကြရန် မိမိတို့ကိုယ်ကိုယ် ပြင်ဆင်ကြရတော့မည်ဖြစ်သည်။ သက်ရှိတို့၏ ဆင့်ကဲဖြစ်စဉ်တွင်လည်း အပြောင်းအလဲနှင့်အတူ လိုက်လျောညီထွေစွာ ရှင်သန်နိုင်သည့် သတ္တဝါကသာ ဆက်လက်ရှင်သန်တည်တံ့ကြရပြီး အပြောင်းအလဲတွင် မလိုက်ပါနိုင်သည့် သတ္တဝါကထာဝရ ပျောက်ကွယ်သွားကြရသည်ဖြစ်ရာ ကိုဗစ်-၁၉ ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည့် New Normal တွင် ပျော်ရွှင်စွာရှင်သန်နိုင်ကြပါစေကြောင်း။ ။

## Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့် ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိပါသည်။

၂။ ၎င်းအပြင် (၁၆-၃-၂၀၂၀) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါ ဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည် -

| | | | |
|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - CF 004880 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - EDN 600010 |
| ( ခ ) | ကမ္ဘောဇဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 034 103 034 0232 8301 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 034 109 034 0232 8301 |
| ( ဂ ) | ရေဝတီဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - A/C 000 110 501 002 5635 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | - မြန်မာကျပ်ငွေစာရင်းအမှတ် | - 0093 1005 0000 1333 |
| | | နိုင်ငံခြားငွေစာရင်းအမှတ် | - 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ

## ဆင်းမ်ကတ်များ စနစ်တကျပြန်လည်မှတ်ပုံတင်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ထပ်မံအသိပေးကြေညာချက်

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် SIM Card များ စနစ်တကျ ပြန်လည်မှတ်ပုံတင်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ သုံးစွဲသူများအနေဖြင့် သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများက ဆောင်ရွက်ပေးလျက်ရှိသော စစ်ဆေးနိုင်မည့် နည်းလမ်းများဖြင့် မိမိသုံးစွဲနေသော SIM Card သည် မိမိ၏ကိုယ်ရေးအချက်အလက်များဖြင့် မှတ်ပုံတင်ထားသော SIM Card မှန်/ မမှန်စစ်ဆေး၍ မမှန်ပါက သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများ၏ Online ဝန်ဆောင်မှုဖြင့်လည်းကောင်း၊ အရောင်းဆိုင်များတွင် လည်းကောင်း၊ သတ်မှတ်ရက်အတွင်း ပြန်လည်မှတ်ပုံတင်ကြပါရန် (၂၃-၀၂-၂၀၂၀) ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် လည်းကောင်း၊ Website များနှင့် လူမှုကွန်ရက်မီဒီယာများတွင် လည်းကောင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ တည်ဆဲဥပဒေအရ ထုတ်ပေးထားသည့် သက်သေခံလက်မှတ် (နိုင်ငံသား/ ဧည့်နိုင်ငံသား/ နိုင်ငံသားပြု/ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား)၊ Passport (နိုင်ငံခြားသားများအတွက်) တစ်ခုခုဖြင့် (၂)ကတ်ထက်ပို၍ မှတ်ပုံတင်ထားသော SIM Card များနှင့် အချက်အလက်မှန်ကန်စွာဖြင့် မှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card များကို (၃၀-၄-၂၀၂၀) နောက်ပိုင်း မှတ်ပုံတင်ရေးကိစ္စများကိုစုံစမ်းနိုင်ရန် Call Center သို့ ခေါ်ဆိုနိုင်ခြင်းမှလွဲ၍ အထွက်ခေါ်ဆိုမှု ပိတ်ထားခြင်းကို ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အထွက်ခေါ်ဆိုမှု ပိတ်ထားခြင်းခံရသည့် SIM Card များအား အပိုဒ် (၁)တွင် ဖော်ပြထားသည့် နည်းလမ်းများဖြင့် (၃၀-၆-၂၀၂၀) ရက်နေ့နောက်ဆုံးထား၍ မှတ်ပုံတင်ကြပါရန်နှင့် မှတ်ပုံတင်ခြင်းမပြုလုပ်ပါက (၃၀-၆-၂၀၂၀) ရက်နေ့ နောက်ပိုင်း အပြီးသတ် ပိတ်သိမ်းသွားမည်ဖြစ်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ သုံးစွဲသူများအနေဖြင့် မိမိတို့အမှန်တကယ်သုံးစွဲနေသော SIM Card များကို ပိတ်သိမ်းခံရမှုမရှိစေရေးအတွက် မိမိတို့၏ SIM Card များကို သတ်မှတ်ရက်အတွင်း မှန်ကန်စွာ မှတ်ပုံတင်နိုင်ရေးဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

## ကောလင်းမြို့နယ်တွင် မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၄၀၀ ပဥ္စမအကြိမ် ထုတ်ချေး

ကောလင်း မေ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် အောက်ကလုံးကျေးရွာတွင် ယနေ့နံနက်၁၀ နာရီက မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၄၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အားသာချက်၊ အားနည်းချက်ရှိခဲ့သော်လည်း အောင်မြင်မှုရရှိနေပြီဖြစ်ကြောင်း၊ ယခုပဥ္စမနှစ် စက်ဝန်းတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၄ ဦးအား ငွေကျပ် ၂၉၉ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦးအား ငွေကျပ် ၈၄ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦးအား ငွေကျပ် ၁၇ သိန်း စုစုပေါင်း ၁၆၅ ဦးကို ငွေကျပ်သိန်း ၄၀၀ ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်မိမိအောင်က ပြောသည်။

ကောလင်းမြို့နယ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကစတင်ပြီး ကျေးလက်နေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ယူနစ် ၄၀ ကျေးရွာ ၄၁ ရွာကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင့်ထွန်းမင်း(ကောလင်း)

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် မေ ၂၈

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအနည်းငယ်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## ကိုဗစ် - ၁၉ Call Center ဖွင့်လှစ်ထားရှိ

နေပြည်တော် မေ ၂၈

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID-19 Call Center ဖုန်းနံပါတ် - (၂၀၁၉) အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

အမိန့်အမှတ်၊ ၁၆/၂၀၂၀

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၇ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၈ ရက်)

**မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ (ဃ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးမြင့်ဆန်း ကို မန္တလေး တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

◆ *ရှေ့ဖုံးမှ*

KNU/KNLA ငြိမ်းချမ်းရေးကောင်စီအနေဖြင့် မကြာသေးမီက ခေါင်းဆောင်အချို့ အပြောင်းအလဲရှိသော်လည်း ငြိမ်းချမ်းရေးအပေါ် ချမှတ်ထားသည့်မူဝါဒများ အပြောင်းအလဲ တစ်စုံတစ်ရာမရှိဘဲ ပြည်ထောင်စုငြိမ်းချမ်းရေး တည်ဆောက်မှုဖြစ်စဉ်တွင် လည်းကောင်း၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လည်းကောင်း သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ညီနောင်တိုင်းရင်းသားများနှင့်အတူ လက်တွဲပြီး NCA လမ်းကြောင်း အတိုင်း စိတ်ရင်းစေတနာမှန်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပါသည်။ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ၏ သဘောထားသည် ငြိမ်းချမ်းရေးအပေါ် အမှန်တကယ် မြတ်နိုးတန်ဖိုးထားသော စိတ်ရင်းစေတနာမှန်ကို ပြသနေကြောင်း မြင်တွေ့ရ၍လည်း ဝမ်းမြောက်ရပါသည်။

KNU/KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌနှင့် KNU/KNLA ငြိမ်းချမ်းရေး ကောင်စီအနေဖြင့် အားလုံးမျှော်မှန်း ထားသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ဆက်လက်လျှောက်လှမ်းရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် လက်ရှိဖြစ်ပွားနေသော COVID-19 ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများ တွင် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေကြောင်း ဆန္ဒပြုတိုက်တွန်းရင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

အောင်ဆန်းစုကြည်
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်

# COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဆေးရုံသုံးစက်ပစ္စည်းကိရိယာများ လှူဒါန်း

**နေပြည်တော် မေ ၂၈**

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် အလှူရှင်များက ဆေးရုံသုံး စက်ပစ္စည်းကိရိယာများကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၌ လာရောက်လှူဒါန်းရာ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ အတွင်းရေးမှူး(၂)၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေးက လက်ခံသည်။

**အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်**

ရှေးဦးစွာ အလှူရှင်များကိုယ်စား Rotary Club of Central Yangon ၏ ဥက္ကဋ္ဌ ဦးထက်ညီက Rotary Club of Central Yangon သည် ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးကဏ္ဍများတွင် အကျိုးပြုလုပ်ငန်းများ ဆောင်ရွက် လျက်ရှိပါကြောင်း၊ ယခု ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်စဉ်၌ မိမိတို့အနေဖြင့် ဆေးရုံများတွင် လူနာများအား ကုသမှု ပေးရာတွင် အသုံးပြုရန် စက်ပစ္စည်း ကိရိယာများ လာရောက်လှူဒါန်းခြင်း




ဖြစ်ပါကြောင်း ရှင်းလင်းပြောကြား သည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးက ယခုကဲ့သို့ ဆေးရုံသုံး စက်ပစ္စည်းကိရိယာများ လှူဒါန်းမှု သည် ကိုဗစ်-၁၉ လူနာများအတွက် သာမက အခြားရောဂါဖြင့် ကုသမှု ခံယူရသော လူနာများအတွက်လည်း အသုံးပြုနိုင်မည်ဖြစ်သဖြင့် ရေရှည် အကျိုးရှိမည်ဖြစ်ပါကြောင်း၊ ကိုဗစ်- ၁၉ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်း များအတွက် ယခုအချိန်တွင် လူမှုရေး အသင်းအဖွဲ့များ၊ ပရဟိတ အဖွဲ့အစည်းများနှင့် ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အခန်း ကဏ္ဍသည် အရေးကြီးပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး က လှူဒါန်းမှုများကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။ **(အပေါ်ပုံ)**

**လှူဒါန်း**

ယနေ့ လှူဒါန်းမှုတွင် Rotary Club of Central Yangon (District 3350)မှ အမေရိကန်ဒေါ်လာ ၅၀၀၀၀ တန်ဖိုးရှိသည့် Patient Monitor ၅၉ ခု၊ Rotary Club of Central Yangon (District 3350), District 2570, Rotary Club of Kawagoe and Rotary Club of Honjo Minami တို့မှ အမေရိကန်ဒေါ်လာ ၆၁၅၀၀ တန်ဖိုးရှိ Syringe Pump ၁၁၅ ခု၊ Rotary Club of Central Yangon (District 3350) နှင့် District 3630 တို့မှ အမေရိကန်ဒေါ်လာ ၆၀၀၀၀ တန်ဖိုးရှိ Patient Monitor ၇၄ ခု တို့အား လှူဒါန်းခဲ့သည်။

**ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်**

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးသည် တိုင်းရင်းသားလူမျိုး များရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှမော်ဦးက Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအတွက် လာရောက် လှူဒါန်းမှုကို လက်ခံပြီး ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ် သည်။

ထိုသို့လှူဒါန်းမှုတွင် တိုင်းရင်း သားလူမျိုးများရေးရာ၊ ဒုတိယဝန်ကြီး ဦးလှမော်ဦး - ဒေါ်တိုးတိုးသူ မိသားစု၊ ဒေါ်အေးမြင့်ဦး၊ ဒေါ်အေးချစ်ဦး၊ ဒေါက်တာသီသီဦးနှင့် ဒေါ်စီစီဦးတို့က ငွေကျပ် ၁၅ သိန်းကို လှူဒါန်းခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမိန့်အမှတ်၊ ၅၇/ ၂၀၂၀ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

အမိန့်အမှတ်၊ ၅၇/၂၀၂၀

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၇ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၈ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ(ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလော အသက်ရှူ လမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019-COVID-19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက် လျက်ရှိရာ ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာထိန်းချုပ်နိုင်ရန် ရန်ကုန် တိုင်းဒေသကြီးအတွင်းမှ ၁၀ မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ တစ်မြို့နယ်၊ စုစုပေါင်း ၁၁ မြို့နယ်တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ယင်းသို့ Stay at Home အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာ ခဲ့သည့် မြို့နယ်များမှ (၅) မြို့နယ်တွင် COVID-19 ရောဂါထိန်းချုပ်မှုအခြေအနေ တိုးတက်လာသည်ကို တွေ့ရှိရသဖြင့် ၁၄-၅-၂၀၂၀ ရက်နေ့တွင် ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာန၏ အမိန့်အမှတ် (၅၀/၂၀၂၀) ဖြင့် ယင်းမြို့နယ် များအား Stay at Home အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်ခဲ့ ပါသည်။

၃။ ယခုအခါ အောက်ပါမြို့နယ်များသည်လည်း COVID-19 ရောဂါကူးစက် ပြန့်ပွားမှုနှင့် ကပ်ရောဂါဗေဒဆိုင်ရာ အချက်အလက်များအရ ရောဂါထိန်းချုပ် မှုနှင့်စပ်လျဉ်း၍ တိုးတက်မှုရှိသည်ကို တွေ့ရှိရသဖြင့် ၂၉-၅-၂၀၂၀ ရက်နေ့၊ ၄ နာရီအချိန်မှစတင်၍ ယင်းမြို့နယ်တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် Stay at Home အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်လိုက်သည်-

(က) ဗဟန်းမြို့နယ်၊
(ခ) တောင်ဥက္ကလာပမြို့နယ်၊
(ဂ) ပန်းဘဲတန်းမြို့နယ်၊
(ဃ) တာမွေမြို့နယ်၊

(ဒေါက်တာမြင့်ထွေး)
ပြည်ထောင်စုဝန်ကြီး

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၈**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေး တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီး နှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်း အမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြစ်ဝကျွန်းပေါ်ဒေသများသို့ ဝင်ရောက်နိုင်သည်။

မိုး/ဇလ

# လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီ ဆဋ္ဌမအကြိမ် အစည်းအဝေး Online Meeting ဖြင့် ကျင်းပ

နေပြည်တော် မေ ၂၈

**လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီ ဆဋ္ဌမအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် Online Meeting ဖြင့် ကျင်းပသည်။**

အစည်းအဝေးသို့ ကော်မတီ ဥက္ကဋ္ဌဖြစ်သူ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်နှင့် ဝန်ကြီးဌာနများမှ လုပ်ငန်း ကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်က လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် သေကျေထိခိုက်ဒဏ်ရာရစေမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်မှုများမှ ကာကွယ်တားဆီးနိုင်ရေး အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (မြန်မာ/ အင်္ဂလိပ်) အားရေးဆွဲခဲ့ပြီးနောက် လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကာကွယ်တားဆီးရေး လုပ်ငန်း ကော်မတီနှင့် CTFMR တို့ တွေ့ဆုံဆွေးနွေးမည့် အစီအစဉ်များနှင့် အသိပညာပေးလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးရန်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲတွင် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ အပေါ် ကြီးလေးသောကျူးလွန်မှုများမှ ကာကွယ်တားဆီးရေး အသိပညာပေးလုပ်ငန်းများကို UNICEF နှင့် ပူးပေါင်းဆောင်ရွက်ရန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် UNICEF တို့ လက်မှတ်ရေးထိုးထားသည့် Multi-Year Work Plan ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေး လုပ်ငန်းကော်မတီနှင့် CTFMR တို့ ၂၀၂၀ ပြည့်နှစ် ဇွန်လကုန်တွင် တွေ့ဆုံဆွေးနွေးသွားရန် ဆုံးဖြတ်သည်။



အမြဲတမ်းအတွင်းဝန် ဦးစိုးဟန် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးလုပ်ငန်းကော်မတီ ဆဋ္ဌမအကြိမ်အစည်းအဝေးကို Online Meeting ဖြင့် တက်ရောက်ဆွေးနွေးစဉ်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် ၁၆၁၂ (၂၀၀၅) နှင့် နောက်ဆက်တွဲ ဆုံးဖြတ်ချက်များအရ သတ်မှတ်ထားသော လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှု (၆) ရပ် (Six Grave Violations) ဖြစ်သည့် ကလေးသူငယ်များအား သေကျေ ထိခိုက်ဒဏ်ရာရစေခြင်း၊ အရွယ်မရောက်သေးသူများအား လက်နက်ကိုင်အဖွဲ့များသို့ စုဆောင်းခြင်း၊ ကျောင်းနှင့် ဆေးရုံများအား တိုက်ခိုက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ကျူးလွန်ခြင်း၊ ကလေးသူငယ်များအား ပြန်ပေးဆွဲခြင်းနှင့် ကလေးသူငယ်များအား လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့များ ပိတ်ပင်ခြင်းတို့မှ ကာကွယ်တားဆီးရန်အတွက် "လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ကြီးလေးသော ကျူးလွန်မှုများမှ ကာကွယ်တားဆီးရေးကော်မတီ"ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မကွေးတိုင်းဒေသကြီး ပြင်ပသို့ ခရီးသည်တင် မော်တော်ယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲခွင့်ပြု

**မကွေး မေ ၂၈**

မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရီးသည်တင် မော်တော်ယာဉ်လိုင်းများအား အခြား တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ပြန်လည်ပြေးဆွဲခွင့်ပြုပြီဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာနမှ သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း ကိုဗစ် – ၁၉ ရောဂါ ပြန့်ပွားမှုမဖြစ်စေရေးနှင့် ကာကွယ်ရေး၊ ထိန်းချုပ်ရေး လုပ်ငန်းများ အထောက်အကူဖြစ်စေရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပြည်သူသို့ ပန်ကြားချက်များအရ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ် ဧပြီ ၁၀ ရက်မှ မေ ၁၅ ရက်အထိ ယာယီရပ်နားခဲ့ပြီးနောက် ၂၀၂၀ ပြည့်နှစ် မေ ၁၆ ရက်တွင် ပထမအဆင့်အနေဖြင့် ခရီးသည်တင်ပို့ဆောင်ရေး ယာဉ်လိုင်းများကို တိုင်းဒေသကြီးအတွင်း ပြေးဆွဲခွင့်ပြုခဲ့သည်။

ယခုအခါ မကွေးတိုင်းဒေသကြီးမှ ခရီးသည်တင်ယာဉ်လိုင်းများအား အခြား တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပြေးဆွဲခွင့်နှင့် ပတ်သက်ပြီး မကွေးတိုင်းဒေသကြီး လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးသိန်းဟန်က "မေ ၁၆ ရက်ကစပြီး တိုင်းဒေသကြီးအတွင်း ခရီးစဉ်တွေကို ခွင့်ပြုခဲ့ပါတယ်။ အခု မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ အစည်းအဝေးဆုံးဖြတ်ချက်နဲ့ မေ ၂၈ ရက်က စပြီးတော့ မကွေးတိုင်းဒေသကြီး ပြင်ပ အခြားတိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီသို့ သွားခွင့် ခွင့်ပြုချက်ရရှိပြီး ဖြစ်ပါတယ်။ ဇွန်လ ၁ ရက်နေ့ကစပြီး ရန်ကုန်တိုင်းဒေသကြီးသို့ ဆက်လက်ဆောင်ရွက်မယ့် အစီအစဉ်ဖြစ်ပါတယ်" ဟု ပြောသည်။



ပူးပေါင်းအဖွဲ့များက ယာဉ်များမထွက်ခွာမီ စည်းကမ်းလိုက်နာမှုရှိ၊ မရှိစစ်ဆေးကြစဉ်။

ခရီးသည်တင် မော်တော်ယာဉ်လိုင်းများအနေဖြင့် ကိုဗစ် – ၁၉ ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များအား လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ခရီးသည်တင်ဆောင်ရာတွင် မော်တော်ယာဉ်ခရီးသည်တင်အား၏ တစ်ဝက်နှင့် ယာဉ်စီးနှုန်းထားတစ်ဆခွဲဖြင့် ခွင့်ပြုထားကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း ပြေးဆွဲသည့် ယာဉ်လိုင်း ၇၉ လိုင်း၊ မကွေးတိုင်းဒေသကြီးအတွင်းမှ အခြားတိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပြေးဆွဲသည့် ယာဉ်လိုင်း ၁၄၁ လိုင်း၊ အခြား ပြည်နယ်၊ တိုင်းဒေသကြီးများမှ မကွေးတိုင်းဒေသကြီးအတွင်းသို့ ပြေးဆွဲသည့်ယာဉ်လိုင်း ၁၂၃ လိုင်း စုစုပေါင်း ၃၄၃ လိုင်းဖြင့် ခရီးစဉ်များ ပြေးဆွဲလျက်ရှိကြောင်း သိရသည်။ **နိုင်သွေး(ပြန်/ဆက်)**

## မြန်မာဘာသာဖြင့် အပြန်အလှန်ဆွေးနွေးနိုင်မည့် လူထုကျန်းမာရေးအစီအစဉ် အွန်လိုင်းတွင် စတင်ပြုလုပ်မည်

**နေပြည်တော် မေ ၂၈**

မြန်မာဘာသာဖြင့် အပြန်အလှန်ဆွေးနွေးနိုင်မည့် လူထုကျန်းမာရေးအစီအစဉ်ကို Borderless Clinic က မေ ၃၀ ရက်တွင် အွန်လိုင်းပေါ်၌ ပထမဆုံးအကြိမ် စတင်ပြုလုပ်မည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို နယ်စည်းမခြား ကျန်းမာရေးစောင့်ရှောက်မှုများ နိုင်ငံတကာကော်ပိုရေးရှင်း (Borderless Health Care Group Inc) က ၂၀၂၀ ပြည့်နှစ် မေလမှစ၍ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ တရုတ်၊ အမေရိကားနိုင်ငံများရှိ ကိုဗစ်– ၁၉ကပ်ရောဂါကြောင့် အကူအညီလိုအပ်လျက်ရှိသည့် မြန်မာအလုပ်သမားထု ဘက်စုံကျန်းမာရေးအစီအစဉ်ကို စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကိုဗစ်–၁၉ နှင့်ပတ်သက်၍ နိုင်ငံတကာကျွမ်းကျင်ဆေးပညာရှင်များနှင့် မြန်မာဘာသာစကားပြောဆိုနိုင်သော ဆရာဝန်များက နယ်စည်းမခြားပူးတွဲကုသမှုစနစ်ဖြင့် မေ ၃၀ ရက်တွင် ပြုလုပ်မည့် အပြန်အလှန် အကျိုးပြုကျန်းမာရေးပညာပေးအစီအစဉ်ကို မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် လက်ခံရယူနိုင်ရန် Borderless.com Website တွင် ပါဝင် sign up ပြုလုပ်ရမည် ဖြစ်ပြီး Application ကိုလည်း အခမဲ့ဒေါင်းလုပ် ရယူနိုင်သည်။

နယ်စည်းမခြားပူးတွဲကုသမှုအစီအစဉ်တွင် ဆရာဝန်များ၊ ပရဟိတစေတနာ့ဝန်ထမ်းများက မြန်မာဘာသာစကားဖြင့် ကျန်းမာရေးအသိပညာပေးခြင်းကို ဆောင်ရွက်ပေးနိုင်သည့်အပြင် ကိုဗစ် ၁၉ လူနာများနှင့်မိသားစုများ အွန်လိုင်းတွင်တွေ့ဆုံ နိုင်ပြီး Telemedicine ဖြင့် အတူတကွပူးပေါင်းကုသခြင်းများ Co-care sessions များ ပြုလုပ်နိုင်ကြောင်းနှင့် ကမ္ဘာ့ပထမဆုံးသော Telemedicine နည်းပညာဖြစ်သော Borderless Clinic သည် မိုဘိုင်းဖုန်း၊ Tablet ၊ ကွန်ပျူတာ၊ Android TV တို့တွင် သုံးစွဲနိုင်မည်ဖြစ်ကြောင်း BHG စတင်ထူထောင်သူနှင့် ကုမ္ပဏီ ဥက္ကဋ္ဌဖြစ်သူ Dr. Wei Siang Yu က ပြောဆိုထားကြောင်း သိရသည်။

BHG Inc သည် တစ်ကမ္ဘာလုံးဆိုင်ရာကျန်းမာရေး၊ သက်ကြီးစောင့်ရှောက်ရေး၊ အစားအသောက်၊ ဟိုတယ်ခရီး၊ အိမ်ရာဆောက်လုပ်ရေးလုပ်ငန်း၊ လယ်ယာလုပ်ငန်းများတွင် ဦးဆောင်ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နေသောလုပ်ငန်းအုပ်စုဖြစ်သည်။ ယင်းနှင့်ဆက်စပ်လုပ်ငန်းများတွင် အမေရိကန် ဒေါ်လာသန်း ၂၅၀ ကျော်တန်ဖိုးရှိ ဆန်းသစ်တီထွင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

❒ *ကျောဖုံးမှ*

ထို့အတူ ပြည်နယ်ဝန်ကြီးများ၊ ကမ္ဘောဇဘဏ်လီမိတက်နာယက ဦးစီးအဖွဲ့သည် မေ ၂၆ ရက်က ပအိုဝ်းတိုင်းရင်းသားများ နေထိုင်ရာ နောင်တရားမြို့ ပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များ အတွက် ဆန်အိတ် ၂၀ နှင့် ဆီငါးပုံး၊ ယင်းမြို့ရှိ အခြေခံ အိမ်ထောင်စု ၃၀၀ အတွက် ရိက္ခာထုပ် ၃၀၀ နှင့် ငွေကျပ် တစ်သောင်းစီကို လည်းကောင်း၊ ကယန်းတိုင်းရင်းသားများနေထိုင်ရာ ဖယ်ခုံမြို့နယ် မိုးဗြဲမြို့ ပရဟိတဘုန်းတော်ကြီးကျောင်း သံဃာတော်များအတွက် ဆန်အိတ် ၂၀ နှင့် ဆီ ငါးပုံး၊ ယင်းမြို့မှ အခြေခံအိမ်ထောင်စု ၃၀၀ အတွက် ရိက္ခာထုပ် ၃၀၀ နှင့် ငွေကျပ်တစ်သောင်းစီကို လည်းကောင်း၊ ခရစ်ယာန်ဘုရားရှစ်ခိုးကျောင်းအတွက် ဆန် အိတ် ၂၀ နှင့် ဆီ ရှစ်ပုံးကို လည်းကောင်း၊ ကယားပြည်နယ်အတွင်းရှိ လယ်တွန်ရွာနေ ကယန်းတိုင်းရင်းသားလူမျိုးစု အိမ်ထောင်စု ၃၀၀ အတွက် ရိက္ခာထုပ် ၃၀၀နှင့် ငွေကျပ် တစ်သောင်းစီကို လည်းကောင်း၊ ကယန်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့သို့ ငွေကျပ်သိန်း ၅၀၊ တောင်ရိုးစာပေ ယဉ်ကျေးမှုကော်မတီသို့ ငွေကျပ် သိန်း ၅၀၊ ဖယ်ခုံရွှေဓမ္မရောင်ခြည် ဖောင်ဒေးရှင်းသို့ ငွေကျပ်သိန်း ၅၀ တို့ကို လည်းကောင်း ပေးအပ်လှူဒါန်းကြောင်း သိရသည်။

အလားတူ ပအိုဝ်းတိုင်းရင်းသား အများစုနေထိုင်ရာ ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်ရှိ အခြေခံတိုင်းရင်းသား ပြည်သူ အိမ်ထောင်စု ၆၀၀ အတွက် ရိက္ခာထုပ် ၆၀၀ ကို လည်းကောင်း၊ ကျောက်တစ်လုံးကြီးမြို့ရှိ အခြေခံ ပြည်သူ အိမ်ထောင်စု ၅၀၀ အတွက် ရိက္ခာထုပ် ၅၀၀ နှင့် ငွေကျပ်တစ်သောင်းစီကို လည်းကောင်း၊ ကျောက်တစ်လုံးမြို့ ဘုန်းတော်ကြီးကျောင်း လေးကျောင်းအတွက် ဆန်အိတ် ၂၀ နှင့် ဆီ ရှစ်ပုံးကို လည်းကောင်း လက်ဝယ်အရောက် လှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ယင်းကော်မတီမှ သိရသည်။ ထို့အပြင် ပင်လောင်းမြို့နယ်နှင့် တိုင်းရင်းသားဒေသအသီးသီးတွင် စိုက်ပျိုးထားရှိသည့် ဂေါ်ဖီထုပ်စိုက်ခင်းများ ဈေးကွက်မရှိခြင်း၊ ရာသီအခြားသီးနှံများ စိုက်ပျိုးရမည့် အချိန်သို့ ရောက်ရှိပြီဖြစ်၍ ဂေါ်ဖီစိုက်ခင်းကို ဖျက်ဆီးပစ်ရမည့်အခြေအနေမှ ကာကွယ်ရန်အတွက် ကမ္ဘောဇဘဏ်နှင့် ရှမ်းပြည်နယ် ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီနာယက က ဂေါ်ဖီထုပ် ငါးသိန်းကို ဝယ်ယူ၍ မြန်မာနိုင်ငံဒေသအသီးသီးသို့ ပို့ဆောင်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

အလားတူ ယနေ့ နံနက် ၈ နာရီခွဲတွင် ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေး ကော်မတီနာယကဦးစီးအဖွဲ့ဝင်များသည် တောင်ကြီးမြို့ အေးသာယာမြို့တွင် ရိက္ခာထုပ်ဖြန့်ဝေရန် ကျန်ရှိသည့် ရပ်ကွက် (၆) ရပ်ကွက်မှ အခြေခံတိုင်းရင်းသားပြည်သူ အိမ်ထောင်စု ၂၃၇၆ စုအတွက် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ ပါဝင်သည့်ရိက္ခာထုပ် ၃၂၁၅ ထုပ်နှင့် ငွေကျပ်တစ်သောင်းစီကို တိုင်းရင်းသားပြည်သူများ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းကြောင်း သိရသည်။

**စိုးညွန့်ရွှေ (ပြန်/ဆက်)**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဌမနေ့ကျင်းပ

**နေပြည်တော် မေ ၂၈**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဌမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော COVID-19 ရောဂါကြောင့် လူမှုစီးပွားရေးထိခိုက်မှုများကို ကုစားနိုင်ရေးနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒပြုပြင်ပြောင်းလဲမှု တိုးတက်ရေးအတွက် ဂျပန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ ဂျပန်ယန်း ဘီလီယံ ၃၀ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ယခု JICA Loan ကို Policy Matrix အတွက် (COVID-19 Economic Relief Plan-CERP) ၏ Action Plan များအပေါ် မူတည်ဆောင်ရွက်မည်ဖြစ်ကြောင်းကို JICA မှ ညှိနှိုင်းလာပါကြောင်း၊ ထိုသို့ ညှိနှိုင်းရာတွင် မိမိတို့ ဆောင်ရွက်နိုင်မည့် အနေအထားနှင့် ၎င်းတို့လိုအပ်သည့် အနေအထားတို့ကို နှစ်ဦးနှစ်ဖက် ညှိနှိုင်းပြီး အချိန်တိုအတွင်း အမှန်တကယ် အောင်မြင်နိုင်မည့် အချက်များကို ရွေးချယ်ဆောင်ရွက်ခြင်းဖြင့် ချေးငွေထုတ်ယူမှုကို မြန်ဆန်စေမည် ဖြစ်ပါကြောင်း၊ JICA မှ ယန်းဘီလီယံ ၃၀ ရရှိမှုအပေါ် မူတည်၍ သင့်လျော်သော အသုံးစရိတ်ကို ရွေးချယ်အသုံးပြုနိုင်မည် ဖြစ်ပါကြောင်း၊ ထိုသို့ အသုံးပြုခြင်းသည် ဘတ်ဂျက်လိုငွေကို လျော့နည်းသက်သာစေပါကြောင်း။

နိုင်ငံတော်အနေဖြင့် Project Loan များ ရယူလျက်ရှိသကဲ့သို့ အရေးပေါ်ကာလအတွင်း သင့်လျော်သော Program Loan များကိုလည်း ရယူသင့်ပါကြောင်း၊ ပြည်ပချေးငွေ အထူးသဖြင့် သက်သာမှုရှိသော ချေးငွေများ ရယူရာတွင် မိမိတို့ရယူလိုတိုင်း ရယူနိုင်သည် မဟုတ်ပါကြောင်း၊ ချေးငွေပေးအပ်မည့်



ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း



မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်

နိုင်ငံ/အဖွဲ့အစည်း၏ မိမိတို့နိုင်ငံအပေါ် ထားရှိသည့် မူဝါဒ၊ မိမိတို့နိုင်ငံနှင့် ဆက်ဆံရေး၊ မိမိတို့နိုင်ငံ၏ လက်ရှိလုပ်ကိုင်ဆောင်ရွက်နေမှုနှင့် မိမိတို့နိုင်ငံ၏ ရှေ့အလားအလာ စသည်တို့ကို အဘက်ဘက်မှ ကြည့်ရှုပြီးမှသာ ပေးအပ်လေ့ရှိပါကြောင်း။

ကြွေးမြီရယူနိုင်သည့် အခွင့်အလမ်းရရှိချိန်တွင် ရယူထားခြင်းဖြင့် နိုင်ငံအတွက် ပိုမိုအကျိုးရှိစေမည်ဖြစ်ပြီး ချေးငွေကို ထိရောက်အောင် သုံးစွဲနိုင်ရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကိုဗစ်-၁၉ ကြောင့် လူမှုစီးပွားရေးဆိုင်ရာ ထိခိုက်မှုများ လိုအပ်သလို ကုစားနိုင်ရေးနှင့် စီးပွားရေးနာလန်ထူလာအောင် ဆောင်ရွက်နိုင်ရေးတို့အတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ချေးငွေဂျပန်ယန်း ဘီလီယံ ၃၀ ရယူဆောင်ရွက်လိုခြင်းအပေါ် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးစေလိုပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

## COVID-19 ရောဂါကြောင့် လူမှုစီးပွားရေးထိခိုက်မှုများကို ကုစားနိုင်ရေးနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒပြုပြင်ပြောင်းလဲမှု တိုးတက်ရေးအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)ထံမှ ဂျပန်ယန်းဘီလီယံ ၃၀ ချေးငွေရယူရေးနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြု

ထို့နောက် ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော COVID-19 ရောဂါကြောင့် လူမှုစီးပွားရေးထိခိုက်မှုများကို ကုစားနိုင်ရေးနှင့် မြန်မာနိုင်ငံ၏ စီးပွားရေးမူဝါဒပြုပြင်ပြောင်းလဲမှု တိုးတက်ရေးအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ထံမှ ဂျပန်ယန်း ဘီလီယံ ၃၀ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေဖြည့်ဆည်းရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေ ငွေကျပ် ၁၃၁၁ ဒသမ ဝ၆၄ ဘီလီယံအတွင်း ရယူရေးနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်း၏ လိုငွေပိုငွေဟု ဆိုရာတွင် အရအသုံးခန့်မှန်းခြေ ငွေစာရင်းအရ ဖြစ်ပေါ်လာသည့် လိုငွေနှင့် ပိုငွေများ



ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက
ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်

အပြင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် ဆက်စပ်ဆောင်ရွက်ရသည့် ကြွေးမြီအပ်ငွေနှင့် ယာယီစာရင်းများအရ ဖြစ်ပေါ်လာသည့် လိုငွေနှင့် ပိုငွေများလည်း ပါဝင်ပါကြောင်း၊ ထို့ကြောင့် ဘတ်ဂျက်လိုငွေပမာဏနှင့် လိုငွေဖြည့်ဆည်းမှုပမာဏတို့သည် ထပ်တူမဖြစ်ဘဲ ကွာခြားနေရခြင်းဖြစ်ပါကြောင်း။

ဘတ်ဂျက်ရေးဆွဲရာတွင် ပြည်ပချေးငွေရရှိမှု၊ သုံးစွဲမှုတို့ကို ထည့်သွင်းရေးဆွဲရပြီး အဆိုပါချေးငွေများအပါအဝင် ရငွေ၊ သုံးငွေခြားနားချက်ကြောင့် ဖြစ်ပေါ်လာသည့် ဘတ်ဂျက်လိုငွေကို ပြည်တွင်းချေးငွေဖြင့် ဖြည့်ဆည်းရခြင်း ဖြစ်ပါကြောင်း၊ ယင်းသို့ ဖြည့်ဆည်းရာတွင် အစိုးရငွေတိုက်စာချုပ်များ ရောင်းချခြင်း၊ အစိုးရငွေတိုက်လက်မှတ်များ ရောင်းချခြင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ ချေးယူခြင်းနည်းလမ်းတို့ဖြင့် ဆောင်ရွက်ပါကြောင်း။

အနာဂတ်ကာလတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ ချေးယူခြင်းဖြင့် ဖြည့်ဆည်းခြင်းကို လျှော့ချ၍ ပြည်သူသို့ အစိုးရငွေတိုက်စာချုပ်နှင့် အစိုးရငွေတိုက်လက်မှတ်များ ရောင်းချခြင်းဖြင့် ပိုမိုဖြည့်ဆည်းရန် ဦးတည်ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေအရ ပြည်တွင်းဈေးကွက် ဖွံ့ဖြိုးရန် လိုအပ်နေသေးသဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံသို့ အစိုးရငွေတိုက်လက်မှတ်များ အာမခံပေး၍ ချေးယူခြင်းကို လျှော့ချ၍ မရသေးပါကြောင်း၊ ယခုအခါတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ဘဏ်များအနေဖြင့် Liquidity Ratio (ငွေဖြစ်လွယ်မှုအချိုး) အခက်အခဲများလည်းရှိသည့်အတွက် မိမိတို့အနေဖြင့် ငွေတိုက်စာချုပ်၊ ငွေတိုက်လက်မှတ်များ မည်မျှပင်ရောင်းချသော်လည်း အဓိကရင်းနှီးမြှုပ်နှံသူဘဏ်များအနေဖြင့် ဝယ်ချင်မှ ဝယ်နိုင်မည် ဖြစ်ပါကြောင်း၊ သို့ပါ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ လိုငွေဖြည့်ဆည်းခြင်းကို လက်လွှတ်၍ မရသေးခြင်းဖြစ်ပါကြောင်း၊ တဖြည်းဖြည်း လျှော့ချသွားရန် ရည်ရွယ်ပါကြောင်း၊ တစ်ဖက်တွင်လည်း ပြည်တွင်းဈေးကွက် ဖွံ့ဖြိုးအောင် ဆောင်ရွက်၍ အခြားတစ်ဖက်ကလည်း လိုငွေဖြစ်ပေါ်မှု လျော့နည်းအောင် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့က မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အစိုးရငွေတိုက်လက်မှတ်များ အာမခံပေး၍ ချေးငွေများရယူရန် ငွေကျပ် ၁၃၁၁ ဒသမ ဝ၆၄ ဘီလီယံ လျာထားမှုကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်က မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ ချေးငွေရယူမှုကို လျှော့ချရန် ရည်ရွယ်၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ညှိနှိုင်း၍ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှစတင်ကာ အစိုးရငွေတိုက် လက်မှတ်များကို တစ်လလျှင်နှစ်ကြိမ် လေလံစနစ်ဖြင့် ရောင်းချခဲ့ပါကြောင်း၊ အလားတူ ၂၀၁၆ ခုနှစ် စက်တင်ဘာလမှ စတင်၍ အစိုးရငွေတိုက်စာချုပ်များကို တစ်လလျှင် တစ်ကြိမ် လေလံစနစ်ဖြင့် ရောင်းချခဲ့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ချေးငွေ ငွေကျပ် ၆၆၃ ဒသမ ၁၂ ဘီလီယံ ဖြည့်ဆည်းပေးခဲ့ရပါကြောင်း၊ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ဖြည့်ဆည်းပေးခဲ့ရခြင်း မရှိပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၈၀၉ ဒသမ ၆၇ ဘီလီယံသာ ဖြည့်ဆည်းပေးခဲ့ရပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လျာထားချက်အောက် ၂၀၇ ဒသမ ၁၄၈ ဘီလီယံ လျော့နည်းဖြည့်ဆည်းပေးခဲ့ရခြင်းကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ ငွေချေးယူရမှု အခြေအနေ တစ်စတစ်စ လျော့ကျလာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

## လိုငွေကို ဖြည့်ဆည်းရန်၊ လိုအပ်သောငွေကြေးရရှိရန် ချေးငွေထုတ်ချေးခြင်းများ သို့မဟုတ် အစိုးရငွေတိုက်လက်မှတ်နှင့်ငွေတိုက်စာချုပ်များ ပိုမိုတိုးမြှင့်ရောင်းချခြင်းများကို ဆောင်ရွက်ရမည်

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း ၉ ဒသမ ၅၁ ရာခိုင်နှုန်း ရှိသော်လည်း ၂၀၁၉-၂၀၂၀ ခုနှစ်၊ မတ်လအထိ နှစ်အလိုက် ငွေကြေးဖောင်းပွမှုနှုန်း ၆ ဒသမ ၆၁ ရာခိုင်နှုန်းသာရှိသဖြင့် ငွေကြေးတန်ဖိုးကို ထိန်းသိမ်းထားနိုင်သည်ကို တွေ့ရှိရပါကြောင်း၊ လိုငွေကို ဖြည့်ဆည်းရန်၊ လိုအပ်သောငွေကြေးရရှိရန် ချေးငွေထုတ်ချေးခြင်းများ သို့မဟုတ် အစိုးရငွေတိုက်လက်မှတ်နှင့် ငွေတိုက်စာချုပ်များ ပိုမိုတိုးမြှင့်ရောင်းချခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေကို အစိုးရငွေတိုက်လက်မှတ်နှင့် ငွေတိုက်စာချုပ်များ လေလံစနစ်ဖြင့် Public သို့ရောင်းချ လိုငွေဖြည့်ဆည်းပြီးနောက် အဆိုပါအပ်ငွေစာရင်းပိတ်တွင် လိုငွေဖြစ်ပေါ်မှသာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေဖြင့် ဖြည့်ဆည်းပေးရခြင်း ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်ထောင်စုအစိုးရအဖွဲ့သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဖြစ်ပေါ်လာမည့် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေအတွက် ငွေကျပ် ၁၃၁၁ ဒသမ ဝ၆၄ ဘီလီယံကို လိုအပ်ပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အစိုးရငွေတိုက်လက်မှတ်များဝယ်ယူခြင်းဖြင့် ဖြည့်ဆည်းမည်ဖြစ်ရာ ချေးငွေရယူနိုင်ရေး မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ (၉၁) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ရယူပေးပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုအစိုးရ အပ်ငွေစာရင်း၏ လိုငွေဖြည့်ဆည်းရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေ ငွေကျပ် ၁၃၁၁ ဒသမ ဝ၆၄ ဘီလီယံအတွင်း ရယူရေးနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အဌမအကြော့ အာဆီယံငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေး သဘောတူညီချက် အသက်ဝင်ရေး အတည်ပြုစာချွန်လွှာတွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။



မင်းလှမဲဆန္ဒနယ်မှ
ဒေါက်တာသန်းအောင်စိုး



ရခိုင်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၁၁)မှ ဒေါ်ထုမေ

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးစနစ် စီမံကိန်းအတွက် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့ (IDA) ထံမှ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုးက စီမံကိန်းအတွက် ကမ္ဘာ့ဘဏ် (IDA-18) အစီအစဉ်အရ ဒေါ်လာသန်း ၂၀၀ ချေးယူရေးကိစ္စသည် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုရှိ မြို့နယ် ၂၂၈ မြို့နယ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်၍ ကြိုဆိုပါကြောင်း။

စီမံကိန်းတွင် စိုက်ပျိုးထုတ်လုပ်မှုများတိုးပွားရေး၊ စိုက်ပျိုးထုတ်ကုန် အရည်အသွေး ပိုမိုကောင်းမွန်ရေး၊ ဈေးကွက်ယှဉ်ပြိုင်မှု တိုးမြှင့်လာစေရေး၊ တိရစ္ဆာန်ရောဂါ ကာကွယ်ထိန်းချုပ်မှု အထောက်အပံ့ပေးနိုင်ရေး၊ ကိုဗစ်-၁၉ ကြောင့် ဆိုးကျိုးသက်ရောက်မှု ကြံ့ကြံ့ခံကျော်လွှားနိုင်စေရေး၊ အာဟာရပြည့်ဝပြီး ဘေးကင်းသော စားနပ်ရိက္ခာ စဉ်ဆက်မပြတ် ပံ့ပိုးနိုင်ရေး၊ ဆည်ရေသောက်စနစ် တူးမြောင်းတာတမံများ ပြုပြင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ထွန်းလာစေရေးနှင့် လတ်တလော ရေရှည်ကုစားပေးရန် အစီအမံများကို တွေ့ရပါကြောင်း၊ ထို့ကြောင့် ချေးငွေများကို စနစ်တကျအဆင့်ဆင့် စီမံခန့်ခွဲမည်ဖြစ်၍ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁) မှ ဒေါ်ထုမေက အမေရိကန်ဒေါ်လာ သန်း ၂၀၀ ချေးငွေသည် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအပေါ် အမှီအခိုပြုနေသည့် ကျေးလက်နေတောင်သူလယ်သမားများနှင့် ပြည်သူများ ကိုဗစ်-၁၉ ၏ သက်ရောက်မှုများကို ကျော်လွှားနိုင်ရေးနှင့် အထောက်အကူပြုရေးကို ရည်ရွယ်၍ မြန်မာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးစနစ် ဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖော်နိုင်မည်ဟု သိရပါကြောင်း၊ စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးစနစ် ဖွံ့ဖြိုးရေးကို အထောက်အကူပြု ဖြစ်ထွန်းစေမည့် စီမံကိန်းဟု ယူဆပါကြောင်း၊ ထို့ကြောင့် ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခံရသည့် ဝင်ငွေနည်းတောင်သူများအတွက် စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေး ဖွံ့ဖြိုးရေးခေါင်းစဉ်အောက်ရှိ ချေးငွေကို ထောက်ခံပါကြောင်း၊ ချေးငွေကို ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခံစားရသည့် မြို့နယ်များအတွက် ထိရောက်အကျိုးရှိမည့် အစီအစဉ်များ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တိုက်တွန်းပါကြောင်း ဆွေးနွေးသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက နိုင်ငံတော်၏ အခြေခံစီးပွားဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍတို့အပေါ် အမှီအခိုပြု အသက်မွေးဝမ်းကျောင်းလျက်ရှိနေကြသည့် ကျေးလက်နေ တောင်သူလယ်သမားများနှင့် ပြည်သူတို့အတွက်

*စာမျက်နှာ ၇ သို့*

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ


ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်


သန်လျင် မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ်


ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်


မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်

**နေပြည်တော် မေ ၂၈**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သန်လျင် မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ်၏ ဝန်ကြီးဌာန အသီးသီးက လက်ရှိကျင့်သုံးနေသော ပြဋ္ဌာန်းကာလ သက်တမ်း နှစ်နှစ်ကျော် နေပြီဖြစ်သော ဥပဒေများကို သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ပြန်လည်စိစစ် သုံးသပ်ပြီး "ဥပဒေကျင့်သုံးအကောင်အထည်ဖော်မှု စိစစ်ချက်မှတ်တမ်းအစီရင် ခံစာ"ကို လွှတ်တော်များနှင့် သက်ဆိုင်ရာကော်မတီများသို့ ပေးပို့ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်က နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီး ဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနများက ဥပဒေကျင့်သုံးအကောင်အထည် ဖော်မှု စိစစ်ချက်မှတ်တမ်းအစီရင်ခံစာကို လွှတ်တော်နှင့် သက်ဆိုင်ရာကော်မတီ များသို့ ပေးပို့နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က လမ်းညွှန်မှုပြုပါက တင်ပြအစီရင်ခံမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေ ပုဒ်မ ၃၇ အရ ပြည်ထောင်စုလွှတ်တော်သို့ နှစ်စဉ်အစီရင်ခံစာတင်ပြလျက်ရှိပါ ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေ ဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၂၄ (ဆ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စု လွှတ်တော်သို့ နှစ်စဉ် အစီရင်ခံတင်ပြလျက်ရှိပါကြောင်း၊ မြန်မာ နိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥပဒေနှင့်စပ်လျဉ်း၍ ပုဒ်မ ၂၂ (ဌ)ပါ ပြဋ္ဌာန်းချက်နှင့် အညီ လုပ်ငန်းဆောင်ရွက်မှုကို ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြ လျက် ရှိပါကြောင်း။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက သက်ဆိုင်ရာဥပဒေအသီးသီးကို ကျင့်သုံး အကောင်အထည်ဖော်မှု စိစစ်ချက်မှတ်တမ်းကို လွှတ်တော်များနှင့် သက်ဆိုင်ရာ ကော်မတီများသို့ ပေးပို့သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ် ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တိုင်းရင်း သားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးများအနေဖြင့် လွှတ်တော်များနှင့် သက်ဆိုင်ရာကော်မတီများသို့ သီးခြားအစီရင်ခံတင်ပြရန် မရှိပါကြောင်း။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် အသစ်ပြဋ္ဌာန်းသော မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေသည် ပြဋ္ဌာန်းကာလ နှစ်နှစ် မကျော်သေးပါ ကြောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဂတိ လိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့အနေဖြင့် ၎င်းတို့ ကျင့်သုံးလျက်ရှိသော ဥပဒေများကို ပြင်ဆင်သည့်ကာလ နှစ်နှစ်မကျော်သေးပါကြောင်း။

## ဥပဒေတစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ အနေဖြင့် သက်ဆိုင်ရာဥပဒေ၏ သဘောသဘာဝအရ သီးခြား တင်ပြရန် အတိအလင်း ဖော်ပြထားသော ဥပဒေပြဋ္ဌာန်းချက်အရ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံ တင်ပြလျက်ရှိ

သို့ပါ၍ ဥပဒေတစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာဥပဒေ၏ သဘောသဘာဝအရ သီးခြားတင်ပြရန် အတိအလင်း ဖော်ပြထားသော ဥပဒေပြဋ္ဌာန်းချက်အရ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံ တင်ပြလျက်ရှိပါကြောင်း၊ ယင်းသို့ အစီရင်ခံတင်ပြရန် ဥပဒေပြဋ္ဌာန်းချက်၊ ညွှန်ကြားချက်များမရှိသဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် ဥပဒေ တစ်ခုချင်းအလိုက် ကျင့်သုံးအကောင်အထည်ဖော်မှု စိစစ်ချက်မှတ်တမ်း အစီရင် ခံစာကို လွှတ်တော်၊ လွှတ်တော်ကော်မတီသို့ တင်ပြရန် မရှိကြသော်လည်း လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းဖြေကြားရာတွင် လည်းကောင်း၊ အဆိုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် လည်းကောင်း၊ သက်ဆိုင်ရာလွှတ်တော်ကော်မတီများတွင် ဆွေးနွေးရာတွင် လည်းကောင်း သက်ဆိုင်ရာဥပဒေများအတွက် အကောင်အထည်ဖော်မှုအခြေအနေကို လိုအပ် သလို အစီရင်ခံတင်ပြလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်၏ ယခုပြင်ဆင်ထားသည့်ထက် ပိုမိုထိရောက်သော စီမံခန့်ခွဲမှုများ နိုင်ငံအနှံ့မှာ အရေးပေါ်ပြင်ဆင်နိုင်ရန်နှင့် COVID -19 ဘေးအန္တရာယ်ကျရောက်လာသည့်အခါ တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရထံသို့ လုံလောက်သော ဘဏ္ဍာငွေများ ဖြည့်ဆည်းပေးရန်နှင့် ထိုသို့ ဆောင်ရွက်နိုင်ရန် COVID-19 ကနဦး ရန်ပုံငွေကျပ်ဘီလီယံ ၁၀၀ အပြင် ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဥပဒေမူကြမ်းတင်သွင်းခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၀၃၊ ပုဒ်မခွဲ (ဂ)အရ ပြည်ထောင်စုလွှတ်တော်က လက်ရှိဘဏ္ဍာရေးနှစ် အတွင်း နောက်ထပ်အရေးပေါ်ရန်ပုံငွေ သုံးစွဲခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိတို့ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော် သို့ တင်သွင်းခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စု လွှတ်တော်သို့ ပေးပို့ထားပြီးဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနကို နောက်ထပ်ခွင့်ပြုသည့် သုံးငွေသည် ၉၄ ဒသမ ၃၆၇ ဘီလီယံ ပါဝင်ပါ ကြောင်း။

COVID-19 ကာကွယ်၊ ထိန်းချုပ်ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ အတည်ပြုချက်ဖြင့် ပြည်တွင်း ပြည်ပအလှူရှင်များ လှူဒါန်းနိုင်ရန်အတွက် နိုင်ငံခြားငွေစာရင်း၊ ကျပ်ငွေစာရင်းများကို မြန်မာ့စီးပွားရေးဘဏ်၊ ကမ္ဘောဇ ဘဏ်၊ ရောဝတီဘဏ်နှင့် CB ဘဏ်များတွင် ဖွင့်လှစ်ထားရှိပါကြောင်း၊ အဆိုပါ အလှူငွေများထဲမှလည်း သက်ဆိုင်ရာဝန်ကြီးဌာနများက သုံးစွဲလျက်ရှိပါကြောင်း၊ COVID -19 ကိစ္စအတွက် နိုင်ငံတကာအဖွဲ့အစည်းများထံက အတိုးနှုန်းသက်သာ သည့် ချေးငွေများရရှိနိုင်ရန်အတွက် ညှိနှိုင်းဆောင်ရွက်မှုများပြုလုပ်၍ ရယူခဲ့ရာ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)ထံမှ အမေရိကန်ဒေါ်လာသန်း ၇၀၀၊ ကမ္ဘာ့ဘဏ်ထံမှ အမေရိကန်ဒေါ်လာသန်း ၅၀၊ အာရှဖွံ့ဖြိုးရေးဘဏ်ထံ မှ အမေရိကန်ဒေါ်လာ သန်း ၃၀၊ JICA ထံမှ ဂျပန်ယန်း ၃၀ ဘီလီယံ တို့ကို ရယူမည်ဖြစ်ပါကြောင်း။

IMF ချေးငွေရယူပြီးသည့်အခါ G-20 နိုင်ငံများ၏ ကြွေးမြီရွှေ့ဆိုင်းခွင့် ၂၀၂၀ ပြည့်နှစ် နှစ်ကုန်အထိရရှိနိုင်မည်ဖြစ်သည့်အတွက် ယင်းထဲမှလည်း အမေရိကန်ဒေါ်လာ သန်း ၄၆၀ ခန့် သုံးစွဲနိုင်မည်ဖြစ်ပါကြောင်း၊ COVID -19 အတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ကမ္ဘာ့ဘဏ်ချေးငွေနှင့် ချေးငွေတို့ဖြင့် ဆောင်ရွက်လျက်ရှိသည့် လက်ရှိစီမံကိန်းများထဲမှ လွှဲပြောင်း သုံးစွဲသည်မှာ အမေရိကန်ဒေါ်လာ ၁၁ သန်း ရှိပါကြောင်း၊ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်နေသည့် စီမံကိန်း ရှစ်ခုရှိပြီး ယင်းတို့ထဲမှ လွှဲပြောင်းသုံးစွဲမည်ဆိုပါက အမေရိကန်ဒေါ်လာ သန်း ၄၆၀ အထိ လွှဲပြောင်းသုံးစွဲနိုင်သည်ကို တွေ့ရပါ ကြောင်း။

## COVID-19 ကြောင့် စီးပွားရေးနှင့် လူမှုရေးထိခိုက်မှုများကို ကုစားနိုင်ရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် COVID-19 Economic Relief Plan ကို ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၇ ရက်တွင် ထုတ်ပြန်ထားပြီးဖြစ်

COVID-19 ကြောင့် စီးပွားရေးနှင့် လူမှုရေးထိခိုက်မှုများကို ကုစားနိုင်ရန် အတွက် နိုင်ငံတော်အစိုးရအနေဖြင့် COVID-19 Economic Relief Plan ကို ၂၀၂၀ ပြည့်နှစ် ဧပြီ ၂၇ ရက်တွင် ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ သို့ပါ၍ COVID- 19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး၊ စီးပွားရေး၊ လူမှုရေးသက်ရောက်မှု များအပေါ် ကုစားရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအစီအစဉ်များကို အကောင်းဆုံး ဖြစ်အောင် စီမံခန့်ခွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် လိုအပ်သည့် ဘဏ္ဍာငွေအရင်းအမြစ်များကို စီမံထားပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အရေးပေါ်ရန်ပုံငွေကိုတိုးမြှင့်ရန် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြား သည်။

မဟာအောင်မြေ မဲဆန္ဒနယ်မှ ဦးငြိမ်းသစ် (ခ) ဦးသောင်းထွန်း၏ မဟာ အောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက် မစိုးရိမ်ကံတက်ကုန်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို မူလတန်းအဆင့်မှ အလယ်တန်းအဆင့်သို့ တိုးမြှင့်ပေး ရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ပြဋ္ဌာန်း ခဲ့သော အခြေခံပညာရေးဥပဒေ ပုဒ်မ ၇၊ ပုဒ်မခွဲ (င) အရ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများကို အခြေခံပညာရေးအဆင့်နှင့် အတန်းများ ပါရှိသော ကျောင်းအမျိုးအစားများအဖြစ် သတ်မှတ်ပြဋ္ဌာန်းထားပါသဖြင့် ဘုန်းတော်ကြီး သင်ပညာရေးများသည်လည်း အခြေခံပညာရေးဥပဒေတွင် အကျုံးဝင်လျက် ရှိပါကြောင်း၊ ယင်းဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ)အရ အခြေခံကျောင်းများ ဖွင့်လှစ် ခြင်း၊ ပိတ်သိမ်းခြင်း၊ အဆင့်တိုးမြှင့်ခြင်းနှင့် အဆင့်လျှော့ချခြင်းတို့ကို အမျိုးသား ပညာရေးမူဝါဒကော်မရှင်၏ မူဝါဒနှင့်အညီ အခြေခံပညာရေးကောင်စီက ကြပ်မတ်ဆောင်ရွက်ရမည့်ကိစ္စ ဖြစ်ပါကြောင်း။

သို့ပါ၍ လက်ရှိအခြေအနေတွင် အဆိုပါ မစိုးရိမ်ကံတက်ကုန်း ဘုန်းတော်ကြီး သင် ပညာရေးကျောင်းကို သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန အနေဖြင့် မူလတန်းအဆင့်မှ အလယ်တန်းအဆင့်သို့ တိုးမြှင့်ပေးနိုင်သည့် အစီအစဉ်မရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

အလားတူ ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ ကနီမြို့နယ် အလောင်းတော် ကဿပ ဂေါပကဖွဲ့စည်းရာတွင် ကနီမြို့နယ် သံဃနာယကအဖွဲ့၏ သဘောထား ထုတ်ပြန်ချက်ပါအတိုင်း ဖွဲ့စည်းပေးနိုင်ခြင်းရှိ၊ မရှိနှင့် နယ်မြေခံ သံဃ နာယကအဖွဲ့က လက်ခံနိုင်သော ဂေါပကဖွဲ့စည်းပုံ စည်းမျဉ်းစည်းကမ်းများ အား တိုင်းဒေသကြီးအစိုးရမှ ကြီးကြပ်ရေးဆွဲ၍ အတည်ပြုထုတ်ပြန်နိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကြည်မင်းက လည်းကောင်း၊ တွံတေး မဲဆန္ဒနယ်မှ ဦးမြင့်လွင်၏ တွံတေး တူးမြောင်းပိုင်မြေများအား (ရေ/မြစ်/ဖြိုး) ဦးစီးဌာနက စီမံခန့်ခွဲဆောင်ရွက်နေမှု အခြေအနေများနှင့် တိကျရှင်းလင်းသော မူဝါဒများ ချမှတ်ပေးနိုင်ခြင်းရှိ၊ မရှိ တို့ကို သိရှိလိုခြင်းမေးခွန်း၊ ငပုတော မဲဆန္ဒနယ်မှ ဦးသန်းအောင်၏ ငပုတောမြို့ ဈေးတံတားဆိပ်ကမ်းတွင် ခရီးသွားပြည်သူများနှင့် ရေယာဉ်များ ဘေးအန္တရာယ် ကင်းရှင်းစွာ ဆိုက်ကပ်နိုင်ရန်နှင့် ကုန်စည်စီးဆင်းမှု လျင်မြန်သွက်လက်စေ ရန်အတွက် ဆိပ်ခံဖောတစ်စင်းကို နိုင်ငံသားများအတွက် မည်သို့ ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ကို သိလိုခြင်းမေးခွန်းတို့နှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က လည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ မက်မန်း မဲဆန္ဒနယ်မှ ဦးတင်အေး၏ မက်မန်းမြို့နယ်တွင် မြို့နယ် သစ်တောဦးစီးဌာန၏ ဖွဲ့စည်းပုံပါ ဝန်ထမ်းဖွဲ့စည်းပုံအနက်မှ လစ်လပ် လျက်ရှိသည့် ဝန်ထမ်းဦးရေမည်မျှအား ထပ်မံဖြည့်ဆည်းခန့်အပ်ပေးရန်နှင့် မြို့နယ်သစ်တောဦးစီးဌာနရုံး အဆောက်အဦဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၏ မင်းဘူး(စကု)မြို့နယ် လေးပင် ကျေးရွာအုပ်စုရှိ ၁၂၇၉ ကွင်းမှ နှစ်ပေါင်း ၆၅ နှစ်ခန့် ခေးမဦးချလုပ်ကိုင် စားသောက်နေသော စိုက်ပျိုးဧရိယာအား ကွင်းဆင်းစစ်ဆေးပြီး ကြိုးဝိုင်းဧရိယာ အတွင်းမှ ပယ်ဖျက်ပေးနိုင်ခြင်းရှိ၊ မရှိ သိရှိလိုခြင်း မေးခွန်း၊ ပေါင် မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း၏ ပေါင်မြို့နယ်ရှိ ကုလားမတောင်တန်းကြီးမှ လမ်းခင်း ကျောက်ထုတ်လုပ်ခြင်း၊ ခဲတ်သတ္တုတူးဖော်ခြင်း၊ မြေကွက်ဖော်မြေတူးရောင်း ချခြင်း စသည့်လုပ်ငန်းများကို တရားဝင် နှစ်ရှည်လုပ်ကိုင်ခွင့်ပြုထားခြင်းနှင့် တရားမဝင် ဝင်ရောက်လုပ်ကိုင်နေခြင်းကို ပိတ်သိမ်းပေးရန်နှင့် သဘာဝ ထိန်းသိမ်းစောင့်ရှောက်သည့် ဇီဝတောင်အဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် ဖားဆောင်း မဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ၏ မော်ချီးဒေသတွင် သတ္တုအကြီးစား လုပ်ကွက်တူးဖော်လုပ်ကိုင်ခွင့်ရရှိသော ကယားပြည်နယ် သတ္တုတူးဖော်ထုတ်လုပ်ရေးကုမ္ပဏီ (KMPC) အနေဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်း ရေးရန်ပုံငွေနှင့် သတ္တုတွင်းပိတ်သိမ်းမှုနှင့် ပြန်လည်ထူထောင်မှုရန်ပုံငွေထား ရှိရန် စသောကိစ္စရပ်များနှင့်စပ်လျဉ်း၍ မည်ကဲ့သို့ စီမံဆောင်ရွက်ထားရှိသည်ကို သိရှိလိုခြင်းနှင့် ညွှန်ကြားချက်များနှင့် လိုက်နာဆောင်ရွက်ထားခြင်းမရှိပါက မြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေနှင့်အညီ အရေးယူရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က အမျိုးသား လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော ကျန်းမာရေးမှူး ကောင်စီဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာပါ အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန်အတွက် လွှတ်တော်၏ သဘောထား ရယူရာ သဘောမတူသူမရှိသည့်အတွက် ပြင်ဆင်ချက်ဖြင့် သဘောတူကြောင်း နှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တင်သွင်းသည့် ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန် တင်ပြချက် ၇၃ ချက်အား တင်ပြ၍ ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သဘောထားမေးမြန်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူ

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ကူးစက်ရောဂါ ကာကွယ် နှိမ်နင်းရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများ အတိုင်း အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိ သည့်အတွက် အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာသည်။

*စာမျက်နှာ ၈ သို့*

# ကျန်းမာရေးအသိပညာ တိုးတက်မြင့်မားလာစေရန် ရည်ရွယ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သော ကျောင်းမုန့်ဈေးတန်းအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကျင်းပ



ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင်



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါ်သန်းသန်းအေး



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး



မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်

**နေပြည်တော်  မေ ၂၈**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်သန်းသန်းအေး၏ မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ရေနံမရဲစခန်းနှင့် လက်ပံတံခါးရဲစခန်းတို့အတွက် ဝန်ထမ်းအိမ်ရာ အဆောက်အဦကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင် က ရေနံမနယ်မြေရဲစခန်းနှင့် လက်ပံတံခါးရဲကင်းစခန်းတို့ရှိ ပြုပြင်ရန် လိုအပ်သော နေအိမ်လိုင်းခန်းများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ အဆောက်အဦပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေမှ စိစစ်၍ ပြင်ဆင်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ လိုအပ်လျက်ရှိသည့် ခြောက်ခန်းတွဲ နှစ်ထပ် သံကူကွန်ကရစ် တစ်လုံးနှင့် လေးခန်းတွဲ နှစ်ထပ် သံကူကွန်ကရစ် တစ်လုံးတို့ကို လွှတ်တော်များ၏ ကတိလက်ကျန်များ၊ နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်များအတွင်း ညွှန်ကြားခဲ့သော လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေရပါသဖြင့် ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးနိုင်ခြင်းမရှိသေးပါကြောင်းနှင့် အဆိုပါ အဆောက်အဦများကို ၂၀၂၁ – ၂၀၂၂ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း (မူလ) ခွင့်ပြုရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၏ ချင်းပြည်နယ် မတူပီမြို့နယ် ဆဘောင်းတယ်ကျေးရွာတွင် ရဲကင်းစခန်း ပြန်လည်ချထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင် က လတ်တလောဖြစ်ပေါ်နေသည့် လုံခြုံရေးအခြေအနေများအရ ချင်းပြည်နယ် မတူပီခရိုင် မတူပီမြို့နယ် ဆဘောင်းတယ်ကျေးရွာတွင် လုံခြုံရေးရဲကင်း ပြန်လည်ဖွင့်လှစ်နိုင်သည့် အခြေအနေ မရှိသေးပါကြောင်းနှင့် နယ်စပ်ဈေးဖွင့်လှစ်ချိန်တွင် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် ရဲကင်းစခန်း ဖွင့်လှစ်ရန် လိုအပ်မှုရှိကြောင်း တင်ပြလာပါက စခန်းဖွင့်လှစ်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်တင်ပြဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

### မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် မော်တော်ယာဉ်အသစ်များ ဝယ်ယူပြီးပါက လုပ်ငန်းလိုအပ်ချက်ရှိသော မြို့နယ်များသို့ ဦးစားပေးလဲလှယ် ထုတ်ပေးသွားမည်

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ရာဇဝတ်မှု – မှုခင်းများ၊ ဒုစရိုက်မှုများ၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီ ထိထိရောက်ရောက် ကာကွယ်တားဆီးမှုများ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အသီးသီးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့များ အသုံးပြုနိုင်ရန် အရည်အသွေးကောင်းမွန်သော 4 WD – Double Cub မော်တော်ယာဉ်အသစ်များကို လိုအပ်လျက်ရှိသော မြို့နယ်များသို့ ဖြည့်ဆည်းထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ် စိုးတင့်နိုင် က မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် မော်တော်ယာဉ်အသစ်များ ဝယ်ယူပြီးပါက လုပ်ငန်းလိုအပ်ချက်ရှိသော မြို့နယ်များသို့ ဦးစားပေးလဲလှယ် ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း ၏ ချင်းပြည်နယ် ထန်တလန် မြို့နယ် ဇဖိုင် (ခ) အခြေခံပညာအလယ်တန်းကျောင်း အဆောင်(၁) သည် ယိုယွင်းပျက်စီးနေပါသဖြင့် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် RCC နှစ်ထပ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က ဇဖိုင်(ခ) အခြေခံပညာအလယ်တန်းကျောင်းတွင်ရှိသည့် အန္တရာယ်ရှိ ကျောင်းဆောင် ပေ(၁၂၀ x ၃၀) သွပ်မိုးပျဉ်ကာကို ဖျက်သိမ်း၍ ပေ(၁၃၀ x ၃၀) RC နှစ်ထပ်ဆောင် တစ်ဆောင် ဆောက်လုပ်ပေးရန်အတွက် လိုအပ်သည့်ရန်ပုံငွေကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းတည်ဆောက်ရေးရန်ပုံငွေ ခေါင်းစဉ်အောက်မှ မြို့နယ်ဦးစားပေးအစီအစဉ်အရ စိစစ်၍ လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ် ၏ အခြေခံပညာကျောင်းများရှိ မုန့်ဈေးတန်းများတွင် ရောင်းချနေသော အန္တရာယ်ရှိသည့် အသင့်စားမုန့်များ ပပျောက်စေရန် မည်သို့စီမံကိန်းချမှတ်၍ ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က ဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကျောင်းများတွင် ကျန်းမာရေးနှင့်ညီညွတ်သည့် ကျောင်းမုန့်ဈေးတန်းများ ဖန်တီးပေးခြင်းအားဖြင့် ကျောင်းသား၊ ကျောင်းသူများသည် ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို ရွေးချယ်စားသုံးတတ်စေရန်နှင့် အဆိုပါ ကျောင်းမုန့်ဈေးတန်းများမှတစ်ဆင့် ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် ရောင်းချသူများအားလုံး၏ ကျန်းမာရေးအသိပညာ တိုးတက်မြင့်မားလာစေရန် ရည်ရွယ်ပြီး ကျန်းမာရေးနှင့် ညီညွတ်သော ကျောင်းမုန့်ဈေးတန်းအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

### ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ဈေးရောင်း၊ ဈေးဝယ်များ လိုက်နာရမည့် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသည့် ကျောင်းမုန့်ဈေးဆိုင်များကို ဖွင့်လှစ်ခွင့်မပြု

ယခုအခါတွင်လည်း ကျောင်းများပြန်လည်ဖွင့်လှစ်ရန် စီစဉ်သည့်အခါ မုန့်စားနားချိန်နှင့် ထမင်းစားနားချိန်များတွင် ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူများ လိုက်နာရမည့်အချက်အနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ဈေးရောင်း၊ ဈေးဝယ်များ လိုက်နာရမည့် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသည့် ကျောင်းမုန့်ဈေးဆိုင်များကို ဖွင့်လှစ်ခွင့်မပြုပါကြောင်း၊ ကျောင်းသား၊ ကျောင်းသူများကိုလည်း ဖြစ်နိုင်မည်ဆိုပါက တစ်ဦးနှင့် တစ်ဦး ခြောက်ပေခွာ၍ နေထိုင်ရမည်ဖြစ်သည့်အတွက် မုန့်စားဆင်းချိန်တွင် အိမ်မှစီစဉ်၍ ယူဆောင်လာသော အစာအာဟာရများဖြစ်သည့် ရေ၊ မုန့်၊ နေ့လယ်စာတို့ကို မိမိအတန်းစာသင်ခုံတွင်သာ တစ်ဦးချင်းသီးခြားစားသုံးစေမည်ဖြစ်ပါကြောင်း၊ စုပေါင်းစားသုံးခြင်းကို လုံးဝခွင့်မပြုပါကြောင်း။

ထို့ပြင် အစာမစားမီနှင့် စားပြီးချိန်တွင်လည်း ရေနှင့်ဆပ်ပြာကိုအသုံးပြု၍ လက်ကို စက္ကန့် ၂၀ ကြာ စနစ်တကျဆေးကြောရန်နှင့် ရေနှင့်ဆပ်ပြာအလွယ်တကူ မရနိုင်ပါက အခြေခံပညာဦးစီးဌာနက ရေမရှိသည့်ကျောင်းစုစုပေါင်း ၇၀၀၀ ကျော်ကို အယ်ကိုဟော အနည်းဆုံး ၆၀ ရာခိုင်နှုန်းပါဝင်သည့် လက်သန့်ဆေးရည်များကို ဖြန့်ဝေပေး၍ အသုံးပြုပြီး ခြောက်သည့်အခါမှသာ အစားအစာကို ကိုင်တွယ်စားသုံးရန်ကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

### ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် လိုအပ်သော ရန်ပုံငွေကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း တည်ဆောက်ရေးရန်ပုံငွေ ခေါင်းစဉ်အောက်တွင် မြို့နယ်ဦးစားပေးအစီအစဉ်အရ စိစစ်၍ လျာထားဆောင်ရွက်ပေးသွားမည်

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း၏ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် သဇင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ပေ (၁၃၀ x ၃၀) RCC နှစ်ထပ်ကျောင်းဆောင်တစ်ဆောင်ကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဘဏ္ဍာငွေလျာထားသတ်မှတ်ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်းမေးခွန်းကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက သဇင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် လိုအပ်နေသည့် ပေ (၁၂၀ x ၃၀) RC နှစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် လိုအပ်သော ရန်ပုံငွေကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း တည်ဆောက်ရေးရန်ပုံငွေ ခေါင်းစဉ်အောက်တွင် မြို့နယ်ဦးစားပေးအစီအစဉ်အရ စိစစ်၍ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးဝင်းကြိုင်၏ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ် မော်အင်းကျေးရွာ အခြေခံပညာအထက် တန်းကျောင်းတွင် ပေ (၁၂၀ x ၃၀) နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ၂၀၂၀ – ၂၀၂၁ ပညာသင်နှစ်တွင် ရန်ပုံငွေ ခွဲဝေချထားပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း မေးခွန်းနှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင် ၏ ကျောက်တော်မြို့နယ်အတွင်း ပန်ဖဲချောင်း အခြေခံပညာမူလတန်း(လွန်) ကျောင်းကို အခြေခံပညာအလယ် တန်းကျောင်း (ခွဲ) အဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် စပ်ကွပ်ချောင်းနှင့် ကျောက်ဖြူရွာသစ် အခြေခံပညာ မူလတန်းကျောင်း(ခွဲ)တို့ကို အခြေခံပညာမူလတန်းကျောင်းများအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရေး လာမည့်ပညာသင်နှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းတို့နှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြန်လည် ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦးနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုးတို့က ဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားမည်ဖြစ်ကြောင်းနှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာသည်။ **အောင်ရဲသွင်**

---

*ပြည်ထောင်စုလွှတ်တော်မှ*

ယခုကဲ့သို့ ကြုံတွေ့နေရသည့် ကိုဗစ်–၁၉ သက်ရောက်မှုများကို ကျော်လွှားနိုင်စေရေး အထောက်အကူပြုနိုင်မှုများကို အခြေပြု၍ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် စီမံကိန်းကို အကောင်အထည်ဖော်ခြင်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ နိုင်ငံ၏ စီးပွားရေးပြန်လည်ကုစားရာတွင် နိုင်ငံ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများအတွက် ကိုဗစ်ရန်ပုံငွေကို ဦးစားပေးအသုံးပြုသင့်သကဲ့သို့ နိုင်ငံတကာ ချေးငွေများဖြင့်လည်း လုပ်ဆောင်သင့်ပါကြောင်း၊ ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်လာပြီးနောက်ပိုင်း အဓိကလိုအပ်ချက်ဖြစ်လာမည့် နေ့စဉ်ဘဝအတွက် လိုအပ်သော စားသောက်ကုန်ထုတ်လုပ်မှု လုပ်ငန်းဖြစ်သည့်အတွက် ပင်မအရင်းအမြစ်ဖြစ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို ထောက်ပံ့ကူညီရန် အရေးကြီးပါကြောင်း၊ အဆိုပါ လုပ်ငန်းများအတွက် ငွေကြေးအရင်းအနှီး လိုအပ်သဖြင့် ချေးငွေကို ထောက်ခံရခြင်း ဖြစ်ပါကြောင်း၊ စီမံကိန်းပါ အစီအစဉ်များသည် ထိခိုက်သွားသည့် လယ်ယာကဏ္ဍနှင့် စီးပွားရေးလုပ်ငန်းများကို ကုစားပေးနိုင်ရေးနှင့် ကြုံတွေ့နေရသည့် အကျပ်အတည်းများကို လွတ်မြောက်သွားနိုင်ရေး အဓိကရည်ရွယ်ထားခြင်း ဖြစ်ပါကြောင်း၊ အဆိုပါ ရည်မှန်းချက်များ အောင်မြင်စေရေးအတွက် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုကျယ်ပြန့်စွာ လုပ်ဆောင်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုး၊ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၇)မှ ဒေါ်ကျိန်ငိုက်မန်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးသန်းစိုး (ခ)သန်းစိုး (ဘောဂဗေဒ)၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး သောင်းထိုက်စိုး၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ကျော်မိုးအောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈) မှ ဦးမျိုးဝင်း၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး ဇော်ဝင်းဦး၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမောင်မောင်အုန်းနှင့် ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းတို့က ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို မေ ၂၉ တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်း–မင်းမင်းဇော်၊ ဟန်လင်းနိုင်၊ ဓာတ်ပုံ–ကျော်ဇင်ထိုက်**

## ပြည်သူ့လွှတ်တော်မှ

ထို့နောက် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၅ အရ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအား တာဝန်မှ ရုပ်သိမ်းရန် အဆိုနှင့်စပ်လျဉ်း၍ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် က တင်သွင်းရာတွင် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၁ တွင် ဥက္ကဋ္ဌကိုဖြစ်စေ၊ ဒုတိယဥက္ကဋ္ဌကိုဖြစ်စေ၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ နှစ်ဦးစလုံးကိုဖြစ်စေ လွှတ်တော်က အောက်ပါအကြောင်းတစ်ရပ်ရပ်နှင့် သတ်မှတ်နည်းလမ်းနှင့်အညီ တာဝန်မှ ရုပ်သိမ်းနိုင်ကြောင်းကို ပြဋ္ဌာန်းထားပါကြောင်း။ ယင်းတို့မှာ နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ အကျင့်သိက္ခာပျက်ပြားခြင်းနှင့် ဥပဒေအရပေးအပ်သောတာဝန်များကို ကျေပွန်စွာမဆောင်ရွက်ခြင်းတို့ ဖြစ်ပါကြောင်း။

ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၁ နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၅ တို့အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် လေးပုံတစ်ပုံဖြစ်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၁၀ တို့က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဖြစ်ပြီး လက်ရှိ ပြည်ထောင်စုလွှတ်တော်နာယက တာဝန်ကိုပါ ထမ်းဆောင်လျက်ရှိသည့် ဦးတီခွန်မြတ်အား တာဝန်မှ ရုပ်သိမ်းပေးပါရန် အဆိုလွှာတင်သွင်းအပ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ က ယခုတင်သွင်းသော အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ၂၀၂၀ ပြည့်နှစ် မေ ၂၉ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်တင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ဇွန် ၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်**

# ပခုက္ကူမြို့နယ် သမဝါယမအသင်းစုမှ ရိုးရာရက်ကန်းစက်များဖြင့် ချည်ထည်များထုတ်လုပ်

**ပခုက္ကူ မေ ၂၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် သမဝါယမအသင်းစုက ကုန်ထုတ်လုပ်ငန်းခွဲအဖြစ် ဆောင်ရွက်လျက်ရှိသော မြမဥ္ဇူချည်ထည်ထုတ်လုပ်သည့်လုပ်ငန်းကို အနောက်ချောက်ကန်ကျေးရွာရှိ "ရွှေဝတ်မှုံ" စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းတွင် စက်ရက်ကန်း သုံးစင်ဖြင့် စောင်၊ လက်သုတ်ပဝါများအား စဉ်ဆက်မပြတ် ရက်လုပ်ဆောင်ရွက်လျက်ရှိသည်။



မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနနှင့် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်တို့မှ တာဝန်ရှိသူများက ကိုဗစ်-၁၉ ကာလအတွင်း ရက်ကန်းလုပ်ငန်းများ လည်ပတ်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထားသောစံနှုန်းများနှင့် ဆောင်ရွက်နေခြင်း ရှိ/မရှိ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ/မရှိ၊ သတ်မှတ်အရည်အသွေး စံချိန်မီ/မမီ တို့ကို ယနေ့တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့ပြင် ပြည်တွင်းဖြစ် ကုန်ချောစောင်နှင့် လက်သုတ်ပဝါများအား တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သမဝါယမအသင်းစုများနှင့် ချိတ်ဆက်၍ ဖြန့်ဖြူးရောင်းချခြင်း၊ အပြည်ပြည်ဆိုင်ရာ သမဝါယမ အထိမ်းအမှတ်ပွဲတော်များတွင် ပြသရောင်းချခြင်းများအပြင်ပြင်ပပုဂ္ဂလိကများထံသို့လည်း လက်လီလက်ကား သင့်တင့်သောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးရာတွင် သုံးစွဲသူများက နှစ်သက်ကြကြောင်းနှင့် ပစ္စည်းများဝယ်ယူလိုပါက ပခုက္ကူမြို့နယ်သမဝါယမအသင်းစု ဖုန်းနံပါတ် ၀၉ - ၄၃၀၀၈၃၀၄ ထံသို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ရေအသုံးချသူများအဖွဲ့ တိုးချဲ့ဖွဲ့စည်းနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ပင်သောင်ကျေးရွာအုပ်စု ပေါင်းလောင်း လက်ဝဲမြောင်းမကြီးရေသောက်စနစ်တွင် IFAD ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော စနစ်ကျလယ်ယာမြေ ဧက ၃၄၀ ဖော်ထုတ်ခြင်းလုပ်ငန်းသည် ရာနှုန်းပြည့်ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

ဖော်ဆောင်ပြီး စနစ်ကျလယ်ယာမြေများ ရေရှည်တည်တံ့စေရန်အတွက် ထိန်းသိမ်းပြုပြင်ခြင်းများ ဆောင်ရွက်နိုင်ရန်နှင့် စိုက်ပျိုးရေစီမံခန့်ခွဲမှုတွင် တောင်သူများကိုယ်တိုင် ပူးပေါင်းပါဝင်နိုင်ရန်အပြင် ဆည်ရေအားလေလွင့်ဆုံးရှုံးမှု အနည်းပါးဆုံးနှင့် အတတ်နိုင်ဆုံး ခြိုးခြံချွေတာစွာသုံးစွဲနိုင်ရန်အတွက် ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်(PIM)လမ်းညွှန်ချက်နှင့်အညီ နေပြည်တော် ပေါင်းလောင်းဆည်ရေသောက်စနစ်အတွင်းရှိ ဖော်ဆောင်ပြီး စနစ်ကျလယ်ယာ မြေဧက ၂၃၄၀ တွင် ရေအသုံးချသူများအဖွဲ့ (WUG)၉၁ ဖွဲ့ ဖွဲ့စည်းပေးနိုင်ခဲ့ကြောင်း သိရသည်။



ယခုနှစ်ဆောင်ရွက်ဆဲ ပင်သောင်ကျေးရွာအုပ်စု စနစ်ကျ လယ်ယာမြေဧက ၃၄၀ တွင်လည်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၅) နှင့် FARM Project မှ တာဝန်ရှိသူများသည် မေ ၂၈ ရက်က ပင်သောင်ကျေးရွာနှင့် ကျောက်အိုးကျေးရွာများမှ တောင်သူများအား လယ်ကြားမြောင်းအလိုက် ရေအသုံးချသူများအဖွဲ့ ( WUG ) များ ထပ်မံတိုးချဲ့ ဖွဲ့စည်းနိုင်ရေးအတွက် အသိပညာပေးရှင်းလင်းပြောကြားခဲ့ပြီး တောင်သူများ သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်မွေး**

# "နှစ်သစ်" မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်သူများ သမဝါယမအသင်း လီမိတက်က မျိုးကောင်းမျိုးသန့်မျိုးစေ့များ ဖြန့်ဖြူးရောင်းချ

**ဘားအံ မေ ၂၈**

ကရင်ပြည်နယ် ဘားအံမြို့နယ် နောင်လုံကျေးရွာရှိ "နှစ်သစ်" မျိုးကောင်းမျိုးသန့်မျိုးစေ့ ထုတ်လုပ်သူများ သမဝါယမအသင်းလီမိတက်က အသင်းသား ၅၇ ဦးနှင့် အသင်းသားပိုင် စိုက်ဧက ၁၁၇ ဧကပေါ်တွင် မျိုးစပါးများစိုက်ပျိုးဆောင်ရွက်လျက်ရှိရာ တစ်ရာသီလျှင် ဆင်းသုခစပါးတင်း ၄၀၀၀ ထွက်ရှိပြီး တစ်တင်းလျှင် ၈၀၀၀ ကျပ်နှုန်းဖြင့် အသင်းသားများနှင့် အခြားလိုအပ်သော တောင်သူများထံသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။



ထိုသို့ ဖြန့်ဖြူးရောင်းချပေးနိုင်မှုများကြောင့် အသင်းသားများအနေဖြင့် မျိုးကောင်းမျိုးသန့်စပါးများကို ပြင်ပမှ မှာယူစရာမလိုဘဲ မိမိအသင်းများ၏ လိုအပ်ချက်များနှင့် ဒေသတွင်းရှိ အခြားတောင်သူများ၏ လိုအပ်ချက်များကိုပါ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများ မြဝတီချစ်ကြည်ရေးအမှတ်(၂)တံတားမှ ယနေ့တွင် ၁၁၆၈ ဦး ဝင်ရောက်

**မြဝတီ မေ ၂၈**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများအား မြန်မာနိုင်ငံမှ မေ ၁ ရက်မှစပြီး လက်ခံခဲ့ရာ ယနေ့တွင် မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ၁၁၆၈ ဦး ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ထိုသို့ ပြန်လည်ဝင်ရောက်လာသူများအနက် ၅၀၃ ဦးသည် မော်တော်ယာဉ် ၂၄ စီးဖြင့် နှစ်နိုင်ငံအစိုးရ၏ ညှိနှိုင်းမှု ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်ပြီး ကျန် ၆၆၅ ဦးသည် ထိုင်းနိုင်ငံ ဒေသအသီးသီးမှ ၎င်းတို့၏ အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်က ၆၀၊ ၂ ရက်က ၅၄ ဦး၊ ၃ ရက်က တစ်ဦး၊ ၄ ရက်က ၄၄ ဦး၊ ၅ ရက်က ၂၃ ဦး၊ ၆ ရက်နှင့် ၇ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၈ ရက်က ၁၀၀၊ ၉ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၁၀ ရက်တွင် ၄၄ ဦး၊ ၁၁ ရက်တွင် ၁၃ ဦး၊ ၁၂ ရက်တွင် ၄၁ ဦး၊ ၁၃ ရက်တွင် ၁၆ ဦး၊ ၁၄ ရက်တွင် ၃၈ ဦး၊ ၁၅ ရက်တွင် ၁၂၀၊ ၁၆ ရက်တွင် ၇၆ ဦး၊ ၁၇ ရက်တွင် ၉၀၊ ၁၈ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၁၉ ရက်တွင် ၆၄ ဦး၊ ၂၀ ရက်နှင့် ၂၁ ရက်တွင် ဝင်ရောက်ခြင်းမရှိဘဲ ၂၃ ရက်တွင် ၆၀၄ ဦး၊ ၂၄ ရက်တွင် ၁၁၁၈ ဦး၊ ၂၅ ရက်တွင် ၁၂၇၇ ဦး၊ ၂၆ ရက်တွင် ၁၃၉၄ ဦး၊ ၂၇ ရက်တွင် ၁၄၃၄ ဦး၊ ၂၈ ရက်တွင် ၁၁၆၈ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး စုစုပေါင်း ၇၇၇၉ ဦးအထိ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

အဆိုပါ နေ့အလိုက် ပြန်လည်ဝင်ရောက်သူများအနက် မေ ၁၃ ရက်မှ ၁၅ ရက်အထိ ပြန်လည်ဝင်ရောက်သူများနှင့် မေ ၁၇ ရက် ဝင်ရောက်သူ ၉၀ အနက် ၄၅ ဦး၊ မေ ၂၇ ရက် ဝင်ရောက်သူ ၁၄၃၄ ဦးအနက် ၅၂ ဦးတို့အနေဖြင့် ထိုင်းနိုင်ငံတွင် ပြစ်ဒဏ်ကျခံရပြီးသောသူများနှင့် အချုပ်မှ ပြန်လည်လွှတ်မြောက်လာသူများဖြစ်သဖြင့် ထိုင်းနိုင်ငံ တာဝန်ရှိသူများက လာရောက်လွှဲပြောင်း ပို့ဆောင်ပေးခြင်း ဖြစ်သည်။



ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို တွေ့ရစဉ်။

ယနေ့ ပြန်လည်ဝင်ရောက်သူများအနေဖြင့် ကချင်ပြည်နယ်မှ ၅၁ ဦး၊ ကယားပြည်နယ်မှ ရှစ်ဦး၊ ကရင်ပြည်နယ်မှ ၁၂၇ ဦး၊ မွန်ပြည်နယ်မှ ၁၈၂ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၈၁ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၂၆၃ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၃၃ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၄၆ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၇၅ ဦး၊ နေပြည်တော်မှ ၂၅ ဦး၊ ရှမ်းပြည်နယ်မှ ၉၂ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ၁၃ ဦး၊ ရခိုင်ပြည်နယ်မှ ကိုးဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ၆၃ ဦး စုစုပေါင်း ၁၁၆၈ ဦးဖြစ်ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများကို ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များ ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# တိုင်းဒေသကြီး/ပြည်နယ်အချို့တို့တွင် လေပြင်းများတိုက်ခတ်၊ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော်　မေ ၂၈**

မြန်မာနိုင်ငံတွင် ယခုကာလအတွင်း၌ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းများ ဖြစ်ပွားလျက်ရှိရာ မေ ၂၇ ရက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ နေအိမ်နှစ်လုံး အမိုးအကာလန်ပျက်စီးခြင်း၊ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦး၊ သာယာဝတီနှင့် နတ်တလင်းမြို့နယ်တို့၌ နေအိမ် ၆၁ လုံး အမိုးအကာလန်ပျက်စီးခြင်း၊ မကွေးတိုင်းဒေသကြီး ချောက်၊ မကွေး၊ မြို့သစ်၊ ရေနံချောင်း၊ နတ်မောက်၊ မင်းဘူးနှင့် စလင်းမြို့နယ်တို့၌ နေအိမ် ၁၂ လုံး ပြိုကျပျက်စီးပြီး နေအိမ် ၁၃၁ လုံးနှင့် ဘာသာရေးအဆောက်အအုံ ငါးလုံး အမိုးအကာလန်ပျက်စီးခြင်း၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်း၊ ပျော်ဘွယ်၊ တောင်သာနှင့် မြင်းခြံမြို့နယ်တို့၌ နေအိမ်တစ်လုံး ပြိုကျပျက်စီးပြီး နေအိမ် ၁၇ လုံး အမိုးအကာလန်ပျက်စီးခြင်းတို့ဖြစ်ပွားခဲ့ပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်ရုံးများမှ ထောက်ပံ့မှုများ အမြန်ဆုံး သွားရောက်ဆောင်ရွက်ခဲ့သည်။

အလားအတူ ဧပြီ ၉ ရက်မှ မေ ၂၈ ရက်အထိ မြန်မာနိုင်ငံတစ်ဝန်း၌ လေပြင်းတိုက်ခတ်မှုနှင့် မိုးသီးကြွေကျမှုတို့ကြောင့် နေအိမ် ၈၄၈ လုံးနှင့် ဘာသာရေးအဆောက်အအုံ ၁၆ လုံး ပြိုကျပျက်စီးခြင်း၊ နေအိမ် ၁၁၉၉၄ လုံးနှင့်ဘာသာရေးအဆောက်အအုံ ၂၃၇ လုံး အမိုးအကာလန်ပျက်စီးခြင်းနှင့် လူရှစ်ဦးသေဆုံးပြီး လူ ၂၆ ဦး ဒဏ်ရာရရှိခဲ့သည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာ၊ အိမ်ဆောက်ပစ္စည်း၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် သေဆုံး၊ ဒဏ်ရာရသူ ထောက်ပံ့ခြင်းများအတွက် စုစုပေါင်း ငွေကျပ် ၇၀၁၁၃သမ၈ သန်းကျော် ထောက်ပံ့ခဲ့ပြီးဖြစ်သည်။

ပြည်သူလူထုအနေဖြင့်လည်း ယခုကာလ၌ ဖြစ်ပွားတတ်သည့် လေပြင်းတိုက်ခတ်ခြင်း၊ အချိန်အခါမဟုတ်မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးသီးကြွေခြင်း၊ မိုးကြိုးပစ်ခြင်းတို့နှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်ကြပါရန်နှင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပန်နန်းဒင်တွင် မိုးအဆက်မပြတ်ရွာမှုကြောင့် တောင်ပြိုကျမှုများဖြစ်၍ ခရီးသွားလာမှုခက်ခဲနေ



**ပန်နန်းဒင်　မေ ၂၈**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပန်နန်းဒင်မြို့တွင် ယခုရက်ပိုင်းအတွင်း မိုးအဆက်မပြတ်ရွာမှုကြောင့် တောင်ပြိုကျမှုများ၊ ရေတိုက်စားခြင်းများ ဖြစ်ပေါ်ခဲ့ပြီး သစ်ပင်ကြီးများလည်း လမ်းမပေါ်လဲကျနေကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၅ ရက်မှစ၍ မိုးအဆက်မပြတ်ရွာမှုများကြောင့် ပန်နန်းဒင်မြို့နှင့် ဝိုင်ဖီတောင်ကြားရှိ သစ်သားတံတားတစ်စင်းမှာ ရေတိုက်စားမှုကြောင့် ကျိုးကျပျက်စီးသွားသည်။ (ယာပုံ)

ယင်းလမ်းပိုင်းတွင် တောင်ပြိုကျမှုများ ဖြစ်ပေါ်ခဲ့ကာ သစ်ပင်ကြီးများ လမ်းမပေါ်သို့လဲကျပြီး လမ်းများ ပိတ်ဆို့နေ၍ ဒေသခံများနှင့် ခရီးသွားလာသူများ အခက်အခဲဖြစ်နေကြောင်း သိရသည်။

အဆိုပါ တံတားပျက်စီးနေမှုများ၊ တောင်ပြိုကျမှုများနှင့် သစ်ပင်များလဲကျကာ လမ်းများပိတ်ဆို့နေမှုများကို အမြန်ဆုံးရှင်းလင်းဖယ်ရှားပေးစေလိုကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**နော‌ယော်ဘော်(ပြန်/ဆက်)**

# မြို့နယ်များ၌ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုဖြစ်စဉ်များကြောင့် နေအိမ်၊ အဆောက်အအုံအချို့ အမိုးလန်ပျက်စီးမှုများဖြစ်ပေါ်

## မင်းဘူး(စကု)

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် မေ ၂၇ ရက် ညနေ ၅ နာရီခွဲက လေပြင်းတိုက်ခတ်မှုများကြောင့် စကုမြို့ အမှတ်(၃) ရပ်ကွက်တွင် နေအိမ်တစ်လုံး၊ ပဒေသာကျွန်းကျေးရွာတွင် နေအိမ်သုံးလုံး၊ ကျောက်စံကျေးရွာတွင် ပြိုလဲနေအိမ်တစ်လုံးနှင့် အမိုးလန်နေအိမ်သုံးလုံး၊ ကံသစ်ကျေးရွာတွင် နေအိမ်ဆယ်လုံး၊ မင်းရွာကျေးရွာတွင် ဘုန်းကြီးကျောင်းတစ်ကျောင်း၊ ပေါက်ငူကျေးရွာတွင် နေအိမ်နှစ်လုံး၊ ပေါက်လေးပင်ကျေးရွာတွင် နေအိမ်နှစ်လုံး၊ ခြင်ထောင်ကျေးရွာတွင် နေအိမ်သုံးလုံး၊ ကဒီးကျေးရွာတွင် ပြိုလဲနေအိမ် တစ်လုံးနှင့် ရွာသစ်ကုန်းကျေးရွာတွင် နေအိမ်နှစ်လုံးတို့ အမိုးလန်ပျက်စီးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

လေဘေးသင့်အိမ်ထောင်စုများအား ကူညီထောက်ပံ့နိုင်ရေး ဌာနဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် ဒေသခံပြည်သူများက ပြန်လည်ပြုပြင်နိုင်ရေးကို ဝိုင်းဝန်းကူညီပေးကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## ရေနံချောင်း

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ မေ ၂၇ ရက် ညနေ ၄ နာရီခန့်က လေပြင်းများတိုက်ခတ်မှုကြောင့် ကံသာကျေးရွာတွင် နေအိမ် ၁၄ လုံးအမိုးလန်ပြီး နေအိမ်တစ်လုံးပြိုလဲခြင်း၊ မိန်မလှကျေးရွာတွင် နေအိမ် လေးလုံး၊ ကံရွာကျေးရွာတွင် နေအိမ် သုံးလုံး၊ ဘူးကျွန်းကျေးရွာ၊ ဝက်လွတ်ကျေးရွာ၊ စိန်ပန်းပင်ကျေးရွာတွင် နေအိမ်တစ်လုံးနှင့် ဝက်မစွတ်ကျေးရွာတွင် နေအိမ်တစ်လုံးစီ စုစုပေါင်း နေအိမ် ၂၆ လုံး အမိုးလန်ပျက်စီးခဲ့သည်။

ထို့ပြင် သစ်ဖြူပင်ကျေးရွာတွင် နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိ တမာပင်အမြစ်ခြေလန်၍ နေအိမ်နှစ်လုံးအကြား ပြိုလဲခြင်းနှင့် သုံးဆယ့်ခြောက်ကျေးရွာအုပ်စု စက်မှုဇုန်ရပ်တွင် သစ်ပင်နှစ်ပင်လဲကျ၍ ကားလမ်းပိတ်ဆို့နေခြင်းကို မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသက်နိုင်ဝင်းနှင့် သန္ဓေတပ်ဖွဲ့ဝင်များ အမြန်ဆုံးသွားရောက်ရှင်းလင်းခဲ့ကြောင်း သိရသည်။

**ကိုစိုးကြီး**



မင်းဘူး(စကု)မြို့နယ်၌ အမိုးလန်ပျက်စီးသွားသည့် နေအိမ်ကို တွေ့ရစဉ်။

## ကျုံပျော်

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ဂုန်ညှင်းတန်းကျေးရွာတွင် မေ ၂၈ ရက် နံနက်ပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ရှစ်လုံး၊ တင်ကုတ် တစ်လုံး အမိုးလန်ပျက်စီးခဲ့ပြီး အဆိုပါ လူနေအိမ် ရှစ်လုံးမှ နှစ်လုံးမှာ အိမ်အကာအရံများပါ ပြုတ်ကျပျက်စီးကြောင်း သိရသည်။

အလားတူ ကျူတောရွာမတွင် မွန်းလွဲ ၂ နာရီခွဲက လေပြင်းတိုက်ခတ်မှုကြောင့် အိမ် သုံးလုံး၊ ပိန်းအင်းကုန်းကျေးရွာတွင် လူနေအိမ် လေးလုံး အမိုးလန်ပျက်စီးခဲ့သဖြင့် စုစုပေါင်း လူနေအိမ် ၁၅ လုံး၊ တင်းကုပ် တစ်လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရှိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများအား ကျေးရွာတာဝန်ရှိသူများနှင့် ကျေးရွာပြည်သူများက လတ်တလော ပြန်လည်နေထိုင်နိုင်ရေး ပြုပြင်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

## ချောက်

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင် မေ ၂၇ ရက်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် စလင်းတောင်ကျေးရွာအုပ်စု ပွင့်လင်းကျေးရွာ၌ လေဘေးသင့် အိမ်ခြေ ၅၀ ရှိသည်။ ယင်းတို့အနက် ၃ ပင် ၄ ပင် သွပ်မိုးထရံကာ နှစ်ထပ်ပြိုကျ နှစ်လုံး၊ ၃ ပင်ပတ်လည် ဝါးထရံကာ သက်ကယ်မိုးအိမ် သုံးလုံးပြိုကျ၊ အမိုးလန်အိမ်ခြေ ၄၅ လုံး ရှိကြောင်း သိရသည်။ အခင်းဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့ခေတ္တရဲမှူး ဇော်ဝင်း၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဦးစောမြဖောင်းတို့က သွားရောက်၍ ပျက်စီးဆုံးရှုံးမှုများ ကြည့်ရှုစစ်ဆေးခဲ့ပြီး ထောက်ပံ့ပေးအပ်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**

## ပခုက္ကူ

ပခုက္ကူမြို့နယ်တွင် မေ ၂၇ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များကျိုးပြီး နေအိမ်အချို့ပျက်စီးခြင်း၊ အမိုးလန်ခြင်းများ ဖြစ်ပွားသည်။

လေပြင်းတိုက်ခတ်မှုကြောင့် အနောက်ချောက်ကန်ကျေးရွာ၊ ရွှေဒါးကျေးရွာ၊ ဘောလုံးခုံကျေးရွာ၊ ချမ်းသာကြီးကျေးရွာ၊ တင်းဂါတ်ကျေးရွာ၊ နတ်ကျွန်းကျေးရွာ၊ ကင်းမွန်းခါးကျေးရွာတို့တွင် လူနေအိမ် ကိုးလုံး အမိုးလန်ခြင်း၊ နေအိမ်သုံးလုံးပြိုလဲခြင်း လူနေအိမ်တစ်လုံး သစ်ပင်လဲကျပိ၍ ပျက်စီးခြင်းဖြစ်ပွားရာ စုစုပေါင်း လူနေအိမ် ၁၃ လုံး ထိခိုက်ပျက်စီးကြောင်း သိရသည်။

အလားတူ ဧရာဝတီတံတား (ပခုက္ကူ) လုံခြုံရေးစီစီတီဗွီ ထားရှိသည့် အဆောက်အအုံပြိုကျခဲ့ပြီး ပခုက္ကူမြို့ပေါ်ရှိ ရပ်ကွက်များ၊ လမ်းများတွင် သစ်ပင်လဲကျခြင်း၊ ကျိုးပဲ့ခြင်း၊ လျှပ်စစ်မီးလိုင်းများပေါ် သစ်ပင်များပိခြင်း ဖြစ်ပေါ်ခဲ့ရာ ပခုက္ကူခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်နိုင်နှင့် ဝန်ထမ်းများ၊ ပခုက္ကူမြို့နယ်လျှပ်စစ်မန်နေဂျာ ဦးစိုးဝေနှင့် ဝန်ထမ်းများက ညတွင်းချင်း ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မကွေး

မကွေးမြို့နယ်အတွင်း ကျေးရွာများတွင် မေ ၂၇ ရက်က လေပြင်းတိုက်ခတ်ပြီး မိုးရွာသွန်းမှုဖြစ်ပွားရာ ဘုန်းကြီးကျောင်းနှင့် ကျေးရွာလူနေအိမ်များ ပြိုကျခြင်း၊ အမိုးလန်ခြင်းနှင့် သစ်ပင်များပြိုလဲမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်ကာ မိုးရွာသွန်းမှုကြောင့် မကွေးမြို့နယ် မြစ်သာစည်ကျေးရွာတွင် ဘုန်းကြီးကျောင်း တစ်ကျောင်း၊ နေအိမ် တစ်လုံး အမိုးလန်ခဲ့ပြီး ဘုရားကုန်းကျေးရွာအုပ်စုမှ ငွေစမ်းရောင်ကျေးရွာတွင် အမိုးလန်နေအိမ် တစ်လုံး၊ ကွေ့ချောင်း(တ)ကျေးရွာတွင် ပြိုလဲနေအိမ် တစ်လုံး၊ အမိုးလန်နေအိမ် သုံးလုံးနှင့် ရွာလယ်ဓမ္မာရုံ အမိုးလန်ပျက်စီးကာ၊ လယ်ယားကျေးရွာအုပ်စု လယ်ယား(မ) ကျေးရွာတွင် နေအိမ် တစ်လုံး ပြိုလဲပြီး နေအိမ် သုံးလုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် မကွေးမြို့နယ်မှ ကျေးရွာအုပ်စု(၃) အုပ်စုတွင် ဘုန်းကြီးကျောင်း တစ်ကျောင်း၊ ဓမ္မာရုံ တစ်ရုံ၊ ပြိုကျနေအိမ် နှစ်လုံးနှင့် အမိုးလန်နေအိမ် ရှစ်လုံး ပျက်စီးခဲ့ရပြီး ဆုံးရှုံးမှုတန်ဖိုး ငွေကျပ် ၃၅၆၅၀၀ ဖြစ်ကြောင်းနှင့် ပျက်စီးခဲ့သည့် နေအိမ်များကို သက်ဆိုင်ရာ ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့များနှင့် ကျေးရွာပြည်သူများက ပြန်လည်ပြုပြင်နိုင်ရေး ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

✻ *ကျောဖုံးမှ*

အစားထိုးရောက်ရှိလာသော စပိန်ဂိုးသမား ကီပါကို ရောင်းထုတ်သွားရန် ဆန္ဒရှိနေသည်။ နည်းပြ လမ်းပတ် သည် လက်စွမ်းမပြသနိုင်သည့် ကီပါကို အနားပေးကာ အသက် ၃၈ နှစ်အရွယ်ရှိ ကာဘဲလ်လီယိုကို အရေးကြီးသည့် ပွဲစဉ်များဖြစ်သည့် လက်စတာ၊ မန်ယူ၊ တော့တင်ဟမ်နှင့် ဘိုင်ယန်မြူးနစ် အသင်းတို့ပွဲစဉ်အပါအဝင် ဇန်နဝါရီနှင့် ဖေဖော်ဝါရီလတို့တွင် ပထမဂိုးသမား အဖြစ် အသုံးပြုခဲ့သည်။ ကီပါသည် စတန်းဖို့ဒ်ဘရစ်တွင် ၂၀၂၅ ခုနှစ်အထိ စာချုပ်ချုပ်ဆိုထားကြောင်း သိရသည်။ ကီပါသည် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် ပရီမီယာလိဂ်တွင် ၆၁ ပွဲ ပါဝင်ကစား ထားပြီး ပြိုင်ပွဲအရပ်ရပ်တွင်လည်း ၈၇ ပွဲသာ ပါဝင်ကစားထားကြောင်း မှတ်တမ်းများအရ သိရသည်။

အသက် ၂၉ နှစ်အရွယ်ရှိပြီဖြစ်သည့် ဘာကီသည် ဒေါ့မွန်အသင်းနှင့် စာချုပ်သက်တမ်း တစ်နှစ်ကျန်ရှိနေသေးကြောင်း သိရသည်။ ဘာကီ သည် ဆွစ်ဇာလန်အသင်းအတွက် ကိုးပွဲကစားထားကြောင်း သိရသည်။ ၎င်းသည် ၂၀၁၅ ခုနှစ်တွင် ဂျာမန်ပြိုင်ဘက် ဖရိုင်းဘတ်အသင်းမှ ဒေါ့မွန်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး ဘွန်ဒက်စ်လီဂါကလပ် အတွက် ပွဲ ၁၅၀ ကျော် ပါဝင်ကစားထားကြောင်း သိရသည်။

စပိန်သတင်းအရင်းအမြစ်များတွင် ချယ်လ်ဆီးဂိုးသမား ကီပါကို ဗလင်စီယာအသင်းက အငှားခေါ်ယူလိုနေကြောင်း ဖော်ပြထားသည်။ ဗလင်စီယာအသင်းသည် အသင်းမှ နယ်သာလန်ဂိုးသမား စီလက်ဆင်ကို အိုင်းယက်စ်အသင်းထံသို့ ပြောင်းရွှေ့သွားမည်ကို စိုးရိမ်နေကြောင်းလည်း သိရသည်။

အခြားဆက်စပ်သတင်းများအနေဖြင့် အိုင်းယက်စ်ဘယ်ခံစစ်ကစား သမား တက်လီယာဖီကိုသည် ပေါင် ၂၂ ဒသမ ၄ သန်းဖြင့် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ဖွယ်ရှိကြောင်း သိရသည်။ ထို့အပြင် နည်းပြလမ်းပတ်သည် လက်စတာအသင်းမှ ဘယ်ခံစစ်ကစားသမား ဘင်ချီဝဲလ်ကိုလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

**အောင်ဇော်**

## မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်း နည်းပြချုပ်သစ်ကို ဆီးဂိမ်းပြိုင်ပွဲအထိ တာဝန်ပေးမည်

**ရန်ကုန်  မေ ၂၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်း နည်းပြချုပ်သစ်အဖြစ် ခန့်အပ်မည့် နယ်သာလန်နိုင်ငံသား ဗစ်တာဟာမန်စ်ကို ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲအထိ စတင်တာဝန်ပေးရန် စီစဉ်ထားသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်ကော်မတီသည် မြန်မာဖူဆယ် အသင်းနည်းပြချုပ်အဖြစ် ဗစ်တာဟာမန်စ်ကို တာဝန်ပေးရန် မေ ၂၅ ရက်က ပြုလုပ်သည့်အစည်းအဝေးတွင် အတည်ပြုခဲ့ပြီး ကိုဗစ်-၁၉ အခြေအနေ တည်ငြိမ်သွားမှသာ အပြီးသတ်စာချုပ် ချုပ်ဆိုမည်ဖြစ်သည်။ ၎င်းသည် လက်ရှိ အခြေအနေအရ မြန်မာနိုင်ငံသို့ လာရောက်ရန် မလွယ်ကူနိုင်သောကြောင့် ရောဂါအခြေအနေတည်ငြိမ်သွားမှသာ လာရောက်ပြီး မြန်မာအသင်းကို စတင် တာဝန်ယူကိုင်တွယ်မည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၎င်းကို ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၂၁ ဆီးဂိမ်းပြိုင်ပွဲအထိ တာဝန်ပေးမည်ဖြစ်ပြီး ဗစ်တာဟာမန်စ်အနေဖြင့် အရှေ့တောင်အာရှဒေသအတွင်း ၌ အဆင့်မြင့်ဆုံးပြိုင်ပွဲနှစ်ခုဖြစ်သည့် အာဆီယံဖူဆယ်ပြိုင်ပွဲနှင့် ဆီးဂိမ်းဖူဆယ် ပြိုင်ပွဲတို့ကို ကိုင်တွယ်ရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် ယခုနှစ်တွင် တစ်ခုတည်းသောနိုင်ငံတကာပြိုင်ပွဲအဖြစ် ထိုင်းနိုင်ငံ၌ကျင်းပမည့် ၂၀၂၀ အာဆီယံဖူဆယ်ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဗစ်တာဟာမန်စ်သည် အရှေ့တောင်အာရှ လက်ရွေးစင်အသင်းများကို ကိုင်တွယ်ခဲ့ဖူးသူဖြစ်ပြီး ထိုင်း၊ မလေးရှားနှင့် အင်ဒိုနီးရှားတို့ကို ကိုင်တွယ်ခဲ့ဖူးကာ လေးသင်းမြောက်အဖြစ် မြန်မာအသင်းကို ကိုင်တွယ်ခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

## အုန်းပင်-ကင်မွန်းခြံလမ်း မြို့နယ်ကျေးလက်လမ်းဦးစီးက အဆင့်မြှင့်တင် ကွန်ကရစ်ခင်းနေ

**ရန်ကုန်  မေ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အရှေ့ခြမ်း ပင်လယ်ကမ်းခြေဒေသ အုန်းပင်နှင့် ကင်မွန်းခြံကျေးရွာများ သည် တစ်ရွာနှင့်တစ်ရွာ သွားလာရန် အတွက် လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲသော ကျေးရွာများဖြစ်၍ မိုးတွင်းအချိန်တွင် လှေနှင့်သွားကြပြီး လှေမပေါက်၊ လှည်းမပေါက်ကာလတွင် ခြေကျင်သာသွားကြရသော ဒေသများ ဖြစ်သည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန လမ်းဦးစီးဌာနက ဖောက် လုပ်ပေးခဲ့သော ခရမ်း - ရေကျော် ကွန်ကရစ်လမ်းမကြီးကို အမှီပြု၍ ကျေးလက်လမ်းများ ပေါ်ထွန်းလာ လျက်ရှိပြီဖြစ်သည်။

အဆိုပါ အုန်းပင် - ကင်မွန်းခြံ ကျေးလက်လမ်းသည် လွန်ခဲ့သော ၂၅ နှစ်က ရေငန်တား ဆည်မြောင်းတာ ဖြစ်သော်လည်း ၂၀၁၄ - ၂၀၁၅ ခုနှစ်တွင် လွှတ်တော်ဘတ်ဂျက် ငွေကျပ်သိန်း ၅၀၊ ဒေသခံပြည်သူများ ထည့်ဝင်ငွေတို့ဖြင့် စုပေါင်းပြီး မြေသားလမ်းအဖြစ် ဆောင်ရွက်ခဲ့ရာမှ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုငွေကျပ် ၆၁၄ ဒသမ ၆၀၈ သန်းဖြင့် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဦးစီးဌာနက တာဝန် ပေး၍ နိုင်းနိုင်ဝမ်းကုမ္ပဏီက ခရမ်းမြို့နယ် ကျေးလက်လမ်းဦးစီး အတွက် ကွန်ကရစ်ခင်းပေးနေခြင်း ဖြစ်သည်။



ခရမ်းမြို့နယ် အုန်းပင်-ကင်မွန်းခြံ ကျေးလက်မြေသားလမ်းကို ကျေးလက်လမ်းဦးစီးက ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးစဉ်။

**ခရမ်းစိုးမြင့်**

## အားတီ ယှဉ်ပြိုင်နေသည့် Chinese 8 Ball ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်များ ရှုံးထွက်ကစားရမည်

**ရန်ကုန်  မေ ၂၈**

မြန်မာ့လက်ရွေးစင် ပူးလ်ကစားသမား ဘုန်းမြင့်ကျော် (ခ) အားတီ ပါဝင် ယှဉ်ပြိုင်လျက်ရှိသော Chinese 8 Ball ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်များကို ရှုံးထွက်စနစ်ဖြင့် ကစားရမည် ဖြစ်ကြောင်း ဘုန်းမြင့်ကျော် (ခ) အားတီက အတည်ပြုပြောကြားသည်။

ပထမအဆင့် ရှစ်ယောက် ပတ်လည်ပြိုင်ပွဲ၌ ပထမမှ တတိယ ရရှိသူ သုံးဦးသည် ဒုတိယအဆင့်သို့ တိုက်ရိုက်တက်ရောက်ခွင့် ရရှိမည် ဖြစ်ပြီး စတုတ္ထနှင့် ပဉ္စမရရှိသူ နှစ်ဦး သည် ကစားသမားအသစ် နှစ်ဦးနှင့် အတူ Play-Off ကစားကာ အမှတ် အများဆုံး ရရှိသူမှာ ဒုတိယအဆင့်သို့ တက်ရောက်ကစားခွင့် ရရှိမည်ဖြစ် သည်။

ဒုတိယအဆင့်ပြိုင်ပွဲ၌ လေးယောက် ကစားရမည်ဖြစ်ပြီး ပထမအဆင့် ပြိုင်ပွဲမှ အဆင့် ၁ ရရှိသူသည် Play-Off ပွဲမှ တက်လာသူနှင့် ကစားရမည်ဖြစ်ကာ ပထမအဆင့် ပြိုင်ပွဲ၌ အဆင့် ၂ ရရှိသူနှင့် အဆင့် ၃ ရရှိသူတို့မှာ ဒုတိယအဆင့်၌ ရှုံးထွက် ပုံစံ ကစားရမည်ဖြစ်သည်။ ထို့နောက် ယင်းပွဲစဉ်များမှ အနိုင်ရရှိသူနှစ်ဦးက ဗိုလ်လုပွဲကစားပြီး ရှုံးသူနှစ်ဦးက တတိယလုပွဲ ကစားရမည်ဖြစ်သည်။

ပထမဆုရရှိသူကို မြန်မာကျပ်ငွေ သိန်း ၁၀၀၀ ဆုကြေးချီးမြှင့်မည်ဖြစ်ပြီး ဒုတိယဆု ကျပ်သိန်း ၆၀၀၊ တတိယဆု ကျပ်သိန်း ၂၀၀ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် ပူးလ်ကစား သမား ဘုန်းမြင့်ကျော် (ခ) အားတီ သည် ခြောက်ပွဲကစားပြီး ခြောက်ပွဲ စလုံး အနိုင်ရရှိထားသည့်အတွက် ဒုတိယအဆင့်သို့ တက်ရောက်နိုင်ပြီ ဖြစ်သော်လည်း မည်သည့်အဆင့်ဖြင့် တက်ရောက်မည်ကိုမူ အခြားကစား သမားများ၏ လက်ကျန်ပွဲရလဒ်များ အပြင် မေ ၃၁ ရက်တွင် ကစားရမည့် ၎င်း၏နောက်ဆုံးပွဲမှ ရလဒ်အဖြေကိုပါ စောင့်ကြည့်ရမည်ဖြစ်သည်။

အားတီသည် ပထမအဆင့် နောက်ဆုံးပွဲအဖြစ် မေ ၃၁ ရက်တွင် Chinese 8 Ball ကမ္ဘာ့မာစတာချန်ပီယံ ပြိုင်ပွဲ လက်ရှိချန်ပီယံဖြစ်သူ ကျူဘင် ဂျယ်လ်နှင့် ကစားရမည်ဖြစ်သည်။ ယင်းပွဲအနိုင်ရရှိပါက ခုနစ်ပွဲစလုံး ရာနှုန်းပြည့်နိုင်ပွဲရကာ အဆင့် ၁ ဖြင့် ဒုတိယအဆင့်သို့ တက်မည်ဖြစ်ပြီး Play-Off မှ တက်လာသည့် ကစား သမားနှင့် ဒုတိယအဆင့်ဆီမီးဖိုင်နယ်ပွဲ ကစားရမည်ဖြစ်သည်။ အကယ်၍ ရှုံးနိမ့်ခဲ့ပါက Yu Hai Tao၊ Zheng Yu Bo နှင့် Chu Bing Jie တို့၏ ပွဲရလဒ်များ ထွက်ပေါ်လာပြီးမှသာ အဆင့် ၁ သို့မဟုတ် အဆင့် ၂ အဖြေကို သိရမည်ဖြစ်သည်။

၎င်းကစားသမား သုံးဦးသည် တစ်ပွဲစီ ရှုံးနိမ့်ထားသူများဖြစ်သော် လည်း လက်ကျန်ပွဲများ ကစားရန် ကျန်ရှိနေသေးသည်။ ၎င်းတို့အနက် Yu Hai Tao နှင့် Chu Bing Jie တို့မှာ ကစားရန် သုံးပွဲစီ ကျန်နေသေးပြီး Zheng Yu Bo မှာ ၎င်းနေထိုင်ရာမြို့၌ ကိုဗစ်-၁၉ ရောဂါ ပြန်လည်ဖြစ်ပွား လာသဖြင့် မြို့ကို လော့ခ်ဒေါင်းချထား သည့်အတွက် ပြိုင်ပွဲကျင်းပရာ ချောင်ရန်မြို့သို့ ပြန်လာမရဖြစ်နေ သောကြောင့် လက်ကျန်ပွဲလေးပွဲအထိ ကစားရန် ကျန်နေခြင်းဖြစ်သည်။



မြန်မာ့လက်ရွေးစင် ပူးလ်ကစားသမား ဘုန်းမြင့်ကျော် (ခ) အားတီ။

**အာကာစိုး**

# ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၂၈) ဟော်ဖန်ဟိမ်းတို့ ကိုလုံးကို အနိုင်ယူ

၂၀၁၉-၂၀၂၀ ခုနှစ် ဘောလုံးရာသီ ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ် (၂၈) မှ မေ ၂၈ ရက် (ကြာသပတေး) နံနက်တွင် ယှဉ်ပြိုင်ကစားခဲ့သည့် ဟော်ဖန်ဟိမ်းနှင့် ကိုလုံးတို့ပွဲတွင် အိမ်ကွင်း၌ ဟော်ဖန်ဟိမ်းအသင်း သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



ယင်းပွဲတွင် အိမ်ရှင် ဟော်ဖန်ဟိမ်းသည် ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ကိုလုံးသည် ၄-၂-၃-၁ ပုံစံဖြင့် ပွဲထွက်လာသည်။ ပထမပိုင်းပွဲချိန် ၁၁ မိနစ်တွင် ကွင်းလယ် ကစားသမား ဘမ်းဂတ်နာက ဟော်ဖန်ဟိမ်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၂၆ မိနစ်တွင် ကိုလုံး နောက်တန်းကစား ဘော်နော် တိုက်ရိုက်အနီဖြင့် ထုတ်ပယ် ခံရသည်။ ဟော်ဖန်ဟိမ်းအသင်းသည် တစ်ယောက်အသာ ဖြင့် ယှဉ်ပြိုင်ခဲ့ပြီး ဒုတိယပိုင်းပွဲစ ပွဲချိန် ၄၆ မိနစ်တွင် ဘမ်းဂတ်နာက ဒုတိယဂိုးထပ်မံသွင်းယူပေးခဲ့သည်။ (ဝဲပုံ) ဟော်ဖန်ဟိမ်းအတွက် တတိယမြောက်ဂိုးကို နောက်တန်း ကစားသမား ဖူးဘားက သွင်းယူပေးခဲ့သည်။ ပွဲချိန် မိနစ် ၅၀ တွင် ဟော်ဖန်ဟိမ်း နောက်တန်းကစားသမား ဟက်နာ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရပြီး ညှော့သည် ကိုလုံးအသင်း ချေပဂိုးရရှိရန်တိုက်စစ်မြှင့်ကစားခဲ့ရာ ပွဲချိန် မိနစ် ၆၀ တွင် လူစားဝင်ကစားသမား ကိန်းဇ်က ကိုလုံးအတွက် ချေပဂိုး တစ်ဂိုးသွင်းယူပေးခဲ့သည်။ ပွဲချိန် ၇၇ မိနစ်တွင် ကိုလုံး အသင်း ပယ်နယ်တီကန်ခွင့်ရခဲ့ရာ မက်ခ် သွင်းယူခဲ့သော် လည်း ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပေ။ ပွဲပြီးချိန်တွင် အိမ်ရှင် ဟော်ဖန်ဟိမ်းအသင်း သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယနေ့ပွဲတွင် ဘမ်းဂတ်နာက အကောင်းဆုံးခြေစွမ်းပြသည့် ကစားသမားဖြစ်ခဲ့သည်။ ယင်းပွဲတွင် နှစ်သင်းစလုံး အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြပြီး ဘောလုံးပိုင်ဆိုင်မှုတွင် ကိုလုံးက အနည်းငယ်အသာစီးရရှိခဲ့ရာ ဂိုးကန်သွင်းခွင့် ၁၇ကြိမ်ထိရရှိခဲ့ပြီး အိမ်ရှင် ဟော်ဖန်ဟိမ်းအသင်းက ရှစ်ကြိမ်သာ ဂိုးကန်သွင်းခွင့်ရခဲ့သည်။ ဂိုးပေါက်ခြိမ်းခြောက်မှုမှာ နှစ်သင်းစလုံး ခြောက်ကြိမ်စီ ရရှိခဲ့သည်။ ပွဲစဉ်(၂၈) ယှဉ်ပြိုင်အပြီးတွင် ဟော်ဖန်ဟိမ်းက ရမှတ် ၃၉ မှတ်ဖြင့် အဆင့် ၇ တွင် ရပ်တည်နေပြီး ကိုလုံးအသင်းက လေးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့၍ အဆင့် ၁၁ တွင် ရပ်တည်နေသည်။

ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၂၈) အခြားပွဲစဉ်ရလဒ်များအဖြစ် လိုက်ပ်ဇစ်နှင့် ဟာသာဘာလင်မှာ တစ်ဖက် နှစ်ဂိုးစီ သရေကျခဲ့ပြီး ဒက်ဆယ်ဒေါ့ဖ ရှော်လ်ကေးကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အော့စ်ဘတ်နှင့် ပါဒါဘွန်းမှာ ဂိုးမရှိသရေကျခဲ့ပြီး ယူနီယံဘာလင်နှင့် မိန့်ဇ်မှာ တစ်ဖက် တစ်ဂိုးစီ သရေကျခဲ့သည်။

**သီဟ**

# ရမည်းသင်းမြို့နယ်တွင် မူးယစ်ဆေးဝါးများနှင့် လက်လုပ်သေနတ်တို့အား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းကျော်ဦးစီးသည့် ခရိုင်မှုခင်းနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ယနေ့ နံနက် ၁ နာရီခွဲက ကျောင်းကုန်းကျေးရွာနေ အောင်ဖေ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀၊ ဘိန်းချေးဟု ယူဆရသော အမည်းရောင်အမှုန့် ၄၃ ကျပ်သားခန့်၊ ဘိန်းရှူရာတွင် အသုံးပြုသော ပစ္စည်းများထည့်ထားသည့် သံသေတ္တာတစ်လုံး၊ အရှည် ၁၅ လက်မရှိ လက်လုပ် တူမီးသေနတ်အတို တစ်လက်၊ ခဲသီး ခုနစ်လုံး၊ ဓားအိမ်ပါ ဓားလေးချောင်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ရမည်းသင်းမြို့နယ် ကျောက်အိုးရဲကင်းမှူး ဒုရဲအုပ်ထင်ကျော်ထွန်း ဦးစီးသည့် တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သတင်းအရ မေ ၂၇ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် တိန်းညက်ကုန်းကျေးရွာနေ ဇော်ဝင်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဇော်ဝင်း၊ နိုင်ဦးနှင့် မအေးမြင့်တို့ သုံးဦးအား စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၊ ငွေကျပ် ၄၀၀၀၀၊ ဖုန်းနှစ်လုံးနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



အောင်ဖေ အား သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

# ဝမ်းတွင်းမြို့နယ်၌ စက်ချွတ်ယွင်း၍ ပြုပြင်နေသည့်ယာဉ်ကို နောက်မှဝင်တိုက်မိ၍ တစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရ

**ဝမ်းတွင်း မေ ၂၈**

ဝမ်းတွင်းမြို့နယ် ဝမ်းသာကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းတွင် ယနေ့ နံနက် ၀၀ နာရီ မိနစ် ၂၀ က စက်ချွတ်ယွင်း၍ ရပ်နားပြုပြင်နေသည့် မော်တော်ယာဉ်ကို နောက်မှ မော်တော်ယာဉ်တစ်စီးက ဝင်ရောက်တိုက်မိ၍ တစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ခရိုင်မီးသတ်ဦးစီးဌာနမှ သိရသည်။

ဝမ်းတွင်းမြို့နယ် ဝမ်းသာကျေးရွာအနီး ရန်ကုန်-မန္တလေး ကားလမ်းမကြီး မိုင်တိုင်အမှတ် (၃၂၁/၂)တွင် မန္တလေးမှ မကွေးသို့ မင်းလှမြို့နေ ယာဉ်မောင်း ဇော်ဝင်းနိုင် (၃၂ နှစ်) မောင်းနှင်လာသည့် BGO 5L/---- ကင်တာ ခြောက်ဘီးယာဉ်သည် လမ်းဘေးတွင် ကားပျက်၍ ရပ်နားပြုပြင်နေသည့် မိတ္ထီလာမြို့နေသူ ယာဉ်မောင်း ဘိုလင်း (၄၃ နှစ်) မောင်းနှင်သည့် YGN 7C/---- တီအီး ၁၀ ဘီးယာဉ်၏ နောက်ဘက်ခြမ်းကို ဝင်ရောက်တိုက်မိခဲ့သဖြင့် ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းနှင့် သန္ဓေတပ်ဖွဲ့ဝင်များက သွားရောက်ကူညီဆောင်ရွက်ခဲ့သည်။ (ဓာတ်ပုံ)



အဆိုပါဖြစ်စဉ်ကြောင့် ကင်တာယာဉ်မောင်းနှင်သူ ဇော်ဝင်းနိုင်တွင် ဒဏ်ရာများရရှိ၍ အခင်းဖြစ်နေရာတွင် သေဆုံးပြီး ယာဉ်နောက်လိုက် ကျော်ရဲအောင်နှင့် ၁၀ ဘီး ယာဉ်မောင်း ဘိုလင်းတို့တွင် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသဖြင့် သက်ဆိုင်ရာ နယ်မြေရဲစခန်းမှ စစ်ဆေးလျက်ရှိကြောင်း ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းထံမှ သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

# ဖားကန့်၌ ကျောက်မျက်ကုမ္ပဏီတစ်ခုမှ လုံခြုံရေးဝန်ထမ်းကို ဓားဖြင့်ထိုးခဲ့သူအား ဖော်ထုတ်ဖမ်းဆီးရမိ

**ဖားကန့် မေ ၂၈**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဝေခါကျေးရွာအနီးရှိ နေကြာရတနာ ကျောက်မျက်ကုမ္ပဏီ(ဒေသအခေါ် တစ်သုံးလုံးကုမ္ပဏီ)ဝင်း အတွင်း တာဝန်ထမ်းဆောင်နေသော လုံခြုံရေးဝန်ထမ်းတစ်ဦးအား ယမန်နေ့ မွန်းလွဲပိုင်းက ဓားဖြင့်ဝင်ရောက်ထိုးသူကို ဖမ်းဆီးရမိပြီဖြစ်ကြောင်း ဝေခါကျေးရွာ ရာအိမ်မှူးရုံးမှ သိရသည်။

လုံးခင်းကျေးရွာအုပ်စု ငြိမ်းချမ်းသာယာကျေးရွာနေထိုင်သူ ဦးနေလင်းအောင် (၂၉ နှစ်)မှာ ဓားဖြင့်ထိုးခံရသဖြင့် အခင်းဖြစ်နေရာတွင်ပင် သေဆုံးခဲ့ရသည်။ ဆိပ်မူကျေးရွာအုပ်စု ဝေခါကျေးရွာ မော်တောင်းရပ်ကွက်(၂)တွင် အိမ်ငှားနေထိုင်သည့် ပြစ်မှုကျူးလွန်သူ ရာဇာထွန်း(၁၈ နှစ်)အား ဝေခါကျေးရွာ တာဝန်ခံ ဦးကျော်မင်းနှင့် ကျေးရွာတာဝန်ခံအဖွဲ့များ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များက ယနေ့ နံနက်ပိုင်းတွင် ပူးပေါင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။ ဖမ်းဆီးရမိခဲ့သူအား ကျေးရွာတာဝန်ခံအဖွဲ့မှ ဆိပ်မူကျေးရွာ နယ်မြေရဲစခန်းသို့ ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန် လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

တာလင်းမောင်(ပြန်/ဆက်)

# ရွှေစက်တော်ဘေးမဲ့တော ဧရိယာအတွင်း ကျော့ကွင်းပေါင်း ၁၇၀ ကျော် သိမ်းဆည်းရမိ

**မင်းဘူး မေ ၂၈**

မင်းဘူးခရိုင် ရွှေစက်တော်ဘေးမဲ့တောဧရိယာ ဧကပေါင်း တစ်သိန်းကျော်အတွင်း၌ ရွှေသမင်များ အဓိကကျက်စားသည့် ဧက ၄၀၀ ကျော်ရှိပြီး ဧပြီလနှင့် မေလတို့တွင် သမင်နှင့် တောဝက်များကို ဖမ်းဆီးနိုင်သည့် ကျော့ကွင်းပေါင်း ၁၇၂ ကွင်းကို ဖြုတ်သိမ်းနိုင်ခဲ့ကြောင်း ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

"ထွန်စက်တာယာတွေကနေ သံကြိုးထုတ်ပြီးတော့ သမင်ကျော့ကွင်းထောင်တာရှိနေတယ်။ ဒေသခံတွေထဲက လုပ်ကြတာပါ။ အဲဒါကလည်း နှစ်ပေါင်းများစွာကြာပါပြီ။ ဓလေ့လို ဖြစ်နေကြတာ။ ရွှေသမင်တွေ သေနတ်နဲ့ ပစ်ခံရတယ်ဆိုတဲ့ အကြားသတင်းတွေရှိပေမယ့် သက်သေမရှိသေးပါဘူး။ ရှိတဲ့ဝန်ထမ်းအင်အားနဲ့ ကျော့ကွင်းတွေ သိမ်းဆည်းတာ၊ ကျေးရွာတွေမှာ အသိပညာပေးတာတွေ လုပ်နေပါတယ်" ဟု ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဦးအောင်စိုးတင့်က ပြောသည်။

ပွင့်ဖြူမြို့နယ် တပ်မတော် ဝါစိုက်ခင်းအနီးတွင် ရွှေသမင်များ အများဆုံးကျက်စားသည့် ကိုယ်စားပြုဧရိယာမှာ ဧက ၄၀၀ ကျော်ရှိပြီး နောက်ဆုံးကောက်ယူတွက်ချက်ရသည့် စာရင်းအရ သမင်ကောင်ရေ ၁၁၀၆ ကောင်ရှိကြောင်း၊ King Method အရ မှားနိုင်စွမ်း အကောင်ရေ ၃၆၀ ရှိသည့်အတွက် အနုတ်ဘက်ကတွက်လျှင် ကောင်ရေ ၈၀၀ ခန့်၊ အပေါင်းဘက်ကတွက်လျှင် ကောင်ရေ ၁၅၀၀ ခန့်ရှိကြောင်း ရွှေစက်တော်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

သစ်တောဦးစီးဌာနအနေဖြင့် ရွှေသမင်များကျက်စားရာနေရာများ၌ သီးပင်စားပင် ဧက ၂၀ စိုက်ပျိုးခြင်း၊ ဆားကျင်းများ ပြုပြင်ခြင်း၊ အသစ်ပြုလုပ်ခြင်း၊ ဘေးမဲ့တောဧရိယာအတွင်း သောက်သုံးရေကန်ငယ် ကိုးကန် တူးဖော်ခြင်းများ လုပ်ဆောင်သွားမည်ဖြစ်ပြီး လတ်တလောတွင် သမင်သောက်ရေကန်များ ရေဖြည့်ခြင်း၊ ရွှေသမင်များ သတ်ဖြတ်ခြင်း မခံရစေရန် ကင်းလှည့်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ဇေယျာတု(မကွေး)

# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်အတွင်း ဆိုင်ကယ်ခိုးမှု ကျူးလွန်သူတစ်ဦး ဖမ်းဆီးရမိ

**ရန်ကုန် မေ ၂၈**

မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် ခရိုင်မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် (၁/၁၀)ရပ်ကွက် ပိတောက် ၁ လမ်းမပေါ်၌ မေ ၂၄ ရက်က ခိုးမှုပြစ်ချက်ဟောင်းရှိသူ ထွန်းထွန်းနိုင်(ခ)ဖိုးဖဲ အား တွေ့ရှိစစ်ဆေးရာ ၎င်းကိုင်ဆောင်ထားသော ဖုန်းတစ်လုံးနှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ မရှိသဖြင့် အမှုဖွင့်ဖမ်းဆီးခဲ့သည်။

၎င်းသည် ဧပြီလနှင့်မေလတို့တွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်အတွင်း ဆိုင်ကယ်အမျိုးမျိုး ခြောက်စီးကို ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သည်။ စစ်ဆေးပေါ်ပေါက်ချက်အရ အမှုမှ ဆိုင်ကယ်ခြောက်စီးကို ပြန်လည်သိမ်းဆည်းရရှိပြီးဖြစ်၍ ခိုးမှုကျူးလွန်သူ ထွန်းထွန်းနိုင်(ခ)ဖိုးဖဲ ကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရဲပြန်ကြား



# ဇမ္ဗူသီရိနှင့် မိတ္ထီလာမြို့နယ်တို့တွင် ဒေသန္တရအမိန့် ဖောက်ဖျက်သူအား အရေးယူ

**နေပြည်တော် မေ ၂၈**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်၌ မေ ၂၇ ရက် နံနက် ၁ နာရီခွဲက ဇမ္ဗူသီရိမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောင်ဇမ္ဗူရပ်ကွက်နေ ကျော်မင်းအောင်(၃၁ နှစ်)အား လည်းကောင်း၊ အလားတူ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ပြည်သာယာတောင်ရပ်ကွက်၌ မေ၂၇ ရက် နံနက် ၂ နာရီ ၁၀ မိနစ်က အမှတ်(၃)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဝမ်းတွင်းမြို့နယ် ကျောင်းကုန်းကျေးရွာနေ အောင်ဇော်လင်း(၄၂ နှစ်)ပါ သုံးဦးအား လည်းကောင်း တွေ့ရှိရ၍ ညမထွက်ရဒေသန္တရအမိန့် ဖောက်ဖျက်ကျူးလွန်သဖြင့် သက်ဆိုင်ရာ မြို့နယ်တရားရုံးများသို့ ဦးတိုက်လျှောက် တရားစွဲတင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ရဲပြန်ကြား

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်ခဲ့ရာ မေ ၂၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၇၆ စီး၊ သွင်းကုန် ၄၁၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၉၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။



တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောပိုးအိတ်(အကြီး)၊ ကျောပိုးအိတ်(အသေး) နှင့် အဆီကျဆေးခါးပတ်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၇ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၀ ဒသမ ၉၂၅ သန်းတန်ဖိုးရှိ ကျောပိုးအိတ်(အကြီး) (196)U ၊ ကျောပိုးအိတ်(အသေး) (83) U နှင့် အဆီကျဆေးခါးပတ် (30) U ကို ရှောင်ကွင်းသယ်ဆောင်ရန် စုပုံထားသည်ကိုတွေ့ရှိ၍ ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## (၁၃) ကြိမ်မြောက် တရုတ်အမျိုးသားကွန်ဂရက် တတိယအကြိမ် နှစ်ပတ်လည်အစည်းအဝေးပိတ်ပွဲကျင်းပ

**ပေကျင်း မေ ၂၈**

တရုတ်နိုင်ငံ၏ ထိပ်တန်းဥပဒေပြုလွှတ်တော်ဖြစ်သည့် (၁၃) ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက် တတိယ အကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးပိတ်ပွဲ အခမ်းအနားကို မေ ၂၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ပိတ်ပွဲအခမ်းအနားကို ပေကျင်းမြို့ရှိ ပြည်သူ့ခန်းမကြီး၌ ပြုလုပ်ခဲ့ရာ သမ္မတ ရှီကျင့်ဖျင်နှင့် အခြားသော တရုတ်ခေါင်းဆောင်များ တက်ရောက်ကြသည်။

အဆိုပါပိတ်ပွဲအခမ်းအနားတွင် အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ လီကျန်ဆူးက အပိတ်မိန့်ခွန်း ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားတွင် ဥပဒေပြုကိုယ်စားလှယ်များက တရားမကျင့်ထုံးဥပဒေနှင့် ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသဆိုင်ရာ အမျိုးသားလုံခြုံရေးဥပဒေများ ပြဋ္ဌာန်းရေး ဆုံးဖြတ်ချက်တို့ကို သဘောတူလက်ခံခဲ့ကြသည်။

ထို့အပြင် ပိတ်ပွဲအခမ်းအနားတွင် အစိုးရလုပ်ငန်းအစီရင်ခံစာ၊ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ၊ ပြည်သူ့တရားရုံးချုပ်နှင့် ပြည်သူ့ရှေ့နေချုပ်ရုံးတို့၏ လုပ်ငန်းအစီရင်ခံစာများဆိုင်ရာ ဆုံးဖြတ်ချက်များကိုလည်း အတည်ပြုခဲ့သည်။

ထို့အတူ အမျိုးသားစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများ အပြင်ဗဟိုနှင့်ဒေသဆိုင်ရာ ဘတ်ဂျက်ဆိုင်ရာ ဆုံးဖြတ်ချက်များကိုလည်း အတည်ပြုခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



ပေကျင်းမြို့တွင် (၁၃) ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက် တတိယအကြိမ်မြောက်အစည်းအဝေး ပိတ်ပွဲအခမ်းအနား ကျင်းပစဉ်။

## တောင်ကိုရီးယားတွင် ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှု ထိန်းချုပ်ရေးဆောင်ရွက်ချက်များ ပြန်လည်ချမှတ်

**ဆိုးလ် မေ ၂၈**

ယခုလအစောပိုင်းက ကိုဗစ်- ၁၉ ကူးစက်မှု လျော့နည်းကျဆင်းလာသော တောင်ကိုရီးယားနိုင်ငံတွင် မေ ၂၈ ရက်က နောက်တစ်ကြိမ် ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ရန် လူမှုဝေးကွာ ဆောင်ရွက်ချက်များကို ပြန်လည်ချမှတ်ခဲ့ရကြောင်း၊ ကိုဗစ်-၁၉ ကူးစက်မှု အစုအပြုံလိုက်တွေ့ရှိမှုက အဆိုပါ ကပ်ရောဂါကာကွယ်၊ ထိန်းချုပ်ရာတွင် အောင်မြင်မှုရနေသော တောင်ကိုရီးယားနိုင်ငံကို ခြိမ်းခြောက်စိန်ခေါ်သလို ဖြစ်ခဲ့ပြီးနောက် ယခုလို တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရမည့် ဆောင်ရွက်ချက်များကို ပြန်လည်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

တောင်ကိုရီးယား နိုင်ငံသည် ကိုဗစ်-၁၉ ကို ထိန်းချုပ်ကန့်သတ်ပုံနှင့်ပတ်သက်ပြီး ကမ္ဘာ့စံနမူနာပြနိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း နှစ်လအတွင်း ကိုဗစ်- ၁၉ အသစ်ထပ်မံကူးစက်မှု အမြင့်မားဆုံးဖြစ်ခဲ့သည်။ တောင်ကိုရီးယားနိုင်ငံသည် ပုံမှန်အခြေအနေသို့ရောက်ရှိရန် ပြန်လည်ကြိုးစားနေချိန်တွင် ထိုသို့ ကိုဗစ်-၁၉ အသစ်ထပ်မံကူးစက်မှု မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

အသစ်ထပ်မံဖြစ်ပွားသော ကိုဗစ် -၁၉ ကူးစက်မှုသည် တောင်ကိုရီးယားနိုင်ငံသား ထက်ဝက်ခန့်နေထိုင်သော မြို့တော်ဆိုးလ်၏ နယ်ပယ်ဒေသအတွင်း ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းကသက်ဆိုင်ရာအာဏာပိုင်များကို မေ ၆ ရက်က လျှော့ပေါ့ပေးခဲ့သော တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရမည့် စည်းမျဉ်းများကို ပြန်လည်တင်းကျပ်မှုဖြစ်လာစေခဲ့သည်။

ပြတိုက်များ၊ ပန်းခြံများနှင့် ပန်းချီပြခန်းများ အားလုံးကို မေ ၂၉ ရက်မှစပြီး နောက်ထပ်ရက်သတ္တနှစ်ပတ် ထပ်မံပိတ်ထားရမည်ဟု ကျန်းမာရေးဝန်ကြီးပက်နွန်ဟူးက ပြောကြားလိုက်သလို ကုမ္ပဏီများကိုလည်း သင့်တော်သော ကျန်းမာရေး ဆောင်ရွက်ချက်များ ပြန်လည်စတင်ရန် တိုက်တွန်းလိုက်သည်။

မိမိတို့အနေဖြင့် အသွားအလာကန့်သတ်စောင့်ကြည့်မှုဆောင်ရွက်ချက်များအပါအဝင် ကိုဗစ်- ၁၉ ကူးစက်ပြန့်ပွားမှုမရှိစေရန် ဖြစ်နိုင်သည့် နည်းလမ်းများ အားလုံးကို မြို့တော်ဒေသတွင် မေ ၂၉ ရက်မှစပြီး ဇွန် ၁၄ ရက်အထိ ကျင့်သုံးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးက ပြောကြားလိုက်သည်။

နိုင်ငံသားများကိုလည်း လူစုလူဝေးမလုပ်ကြရန် သို့မဟုတ် စားသောက်ဆိုင်များ၊ အရက်ဆိုင်များ အပါအဝင် လူစုလူဝေးနေရာများသို့ သွားလာခြင်းမပြုဘဲ ရှောင်ကြဉ်ရန် အကြံပြုတိုက်တွန်းထားသည်။

ထို့အတူ ဘာသာရေးဆိုင်ရာ ဆောင်ရွက်ချက်များကိုလည်း အသွားအလာကန့်သတ်ဆောင်ရွက်ချက်များဖြင့် သတိဝီရိယဖြင့် လုပ်ဆောင်ကြရန် တိုက်တွန်းလိုက်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



မေ ၂၇ ရက်က ဆိုးလ်မြို့တောင်ပိုင်း ဘူချန် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးမှုဌာနတွင် ကျန်းမာရေးဝန်ထမ်းတစ်ဦးက အာခေါင်တို့ဖတ်နမူနာယူနေစဉ်။

## ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံဖြစ်ပွားသူ ၂၀၂၉ ဦးရှိလာ

**ဒါကာ မေ ၂၈**

လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံဖြစ်ပွားသူ ၂၀၂၉ ဦးရှိလာမှုနှင့်အတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ အရေအတွက်သည် ၄၀၃၂၁ ဦးအထိ ရောက်ရှိလာပြီဖြစ်ကြောင်း၊ အဆိုပါ ကိုဗစ်-၁၉ ထပ်မံဖြစ်ပွားသူအရေအတွက်သည် မတ် ၈ ရက်ကတည်းက တစ်နေ့တည်း အမြင့်ဆုံးဖြစ်ပွားလာသည့် အရေအတွက်ဖြစ်ကြောင်း ကျန်းမာရေး အဆင့်မြင့်အရာရှိတစ်ဦးက မေ ၂၈ ရက် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားလိုက်သည်။

**သေဆုံးသူ စုစုပေါင်း ၅၅၉ ဦးရှိလာ**

ကိုဗစ်- ၁၉ ကြောင့် အသစ်ထပ်မံသေဆုံးသူ ၁၅ ဦးရှိလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ စုစုပေါင်း ၅၅၉ ဦး ရှိလာပြီဖြစ်ကြောင်း မေ ၂၈ ရက်က ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးစောင့်ရှောက်မှုဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ နာရီမာ ဆော်လ်တာနာက ပြောကြားခဲ့သည်။

**သက်သာလာသူ ၈၄၂၅ ဦးရှိ**

ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း လွန်ခဲ့သော ၂၄ နာရီအတွင်း ဓာတ်ခွဲနမူနာပေါင်း ၉၃၁၀ စစ်ဆေးခဲ့ကြောင်း၊ ကိုဗစ်-၁၉ ခံစားနေရသူလူနာပေါင်း ၅၀၀ မှာ ဆေးရုံဆေးခန်းများမှ ဆင်းသွားကြပြီဖြစ်ကြောင်းနှင့် စုစုပေါင်း ကိုဗစ်-၁၉ ကပ်ရောဂါမှ ပြန်လည်သက်သာကောင်းမွန်လာသူပေါင်း ၈၄၂၅ ဦးရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## အမေရိကန်ပြည်ထောင်စုတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ တစ်သိန်းကျော်လာ

**ဝါရှင်တန် မေ ၂၈**

အမေရိကန်ပြည်ထောင်စုတွင် မေ ၂၇ ရက်က ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်း တစ်သိန်းကျော်လာပြီဖြစ်ကြောင်း၊ ဂရင်းနစ်စံတော်ချိန် ၂၁၃၂ တွင် စုစုပေါင်း ၁၀၀၀၄၇ ဦးရှိလာကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ် သိပ္ပံနှင့် အင်ဂျင်နီယာဌာန၏ စာရင်းဇယားများအရ သိရသည်။

**ကိုဗစ်- ၁၉ ဖြစ်ပွားသူပေါင်း ၁၆၉၅၇၇၆ ဦးရှိ**

အမေရိကန်ပြည်ထောင်စုအတွင်း ကိုဗစ်- ၁၉ ဖြစ်ပွားသူပေါင်း ၁၆၉၅၇၇၆ ဦး ရှိလာပြီဖြစ်ကြောင်း အဆိုပါဌာနက ဆက်လက်ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့သည် ကိုဗစ်-၁၉ ကူးစက်ရောဂါ အဆိုးရွားဆုံးခံစားရသော မြို့ဖြစ်ပြီး စုစုပေါင်း ကိုဗစ်-၁၉ ဖြစ်ပွားသူ ၃၆၄၉၆၅ ဦးရှိပြီး သေဆုံးသူ ၂၉၃၇၀ အထိ ရောက်လာခဲ့သည်။

**သေဆုံးသူ ၅၀၀၀ ကျော်ရှိ**

နယူးဂျာစီ၊ မက်ဆာချူးဆက်၊ မီချီဂန်၊ ပင်ဆယ်ဗေးနီးယားနှင့် အီလီနွိုက်ပြည်နယ်များတွင် သေဆုံးသူ ၅၀၀၀ ကျော်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၄၀၀၀ ကျော်ရှိလာမှုနှင့်အတူ ရုရှားသည် ကိုဗစ်-၁၉ ကူးစက်ခံရမှု ကမ္ဘာ့တတိယအများဆုံးနိုင်ငံဖြစ်လာ

မော်စကို မေ ၂၈

**ရုရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုနှုန်းသည် ၄၀၀၀ ကျော်လာပြီဖြစ်ကြောင်း၊ တစ်နေ့တည်းသေဆုံးမှုနှုန်းသည် ယခုသီတင်းပတ်အစောပိုင်း စံချိန်တင်ထားသည့်နှုန်းနှင့် ညီမျှနေကြောင်း ရုရှားတာဝန်ရှိသူများ မေ ၂၈ ရက်တွင် ပြောကြားလိုက်သည်။**

လွန်ခဲ့သော ၂၄ နာရီအတွင်း ထပ်မံသေဆုံးခဲ့သူ ၁၇၄ ဦးအပါအဝင် ရုရှားနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုသည် ယခုအခါ ၄၁၄၂ ဦးရှိလာကြောင်း ရုရှားအာဏာပိုင်များက ပြောသည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသည့်အရေအတွက်သည် ရုရှားနိုင်ငံ၏ အင်္ဂါနေ့တစ်နေ့တည်းအမြင့်ဆုံးစံချိန်တင်သေဆုံးခဲ့သည့်အရေအတွက်နှင့် ညီမျှကြောင်း သိရသည်။ ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုနှုန်းသည် ဇွန်လထက် မေလတွင် ပိုမိုများပြားလာနိုင်ကြောင်း ရုရှားအာဏာပိုင်များက ပြောကြားသည်။


ရုရှားသမ္မတ ဗလာဒီမာပူတင်က ရုရှားနိုင်ငံ၏ဗိုင်းရပ်စ်တည်ငြိမ်မှု အလားအလာအခြေအနေနှင့်ပတ်သက်ပြီး မေ ၂၇ ရက်က ဖွင့်ဟပြောကြားလိုက်ပြီးနောက် မေ ၂၈ ရက်တွင် ကိုဗစ်-၁၉ အသစ်ထပ်မံကူးစက်မှုအရေအတွက်သည် ၉၀၀၀ အောက် လျော့နည်းလာခဲ့သည်။

ကိုဗစ်-၁၉ ရိုက်ခတ်မှုဒဏ်ကို အဆိုးရွားဆုံးခံစားခဲ့ရသော မော်စကိုမြို့တွင် ကိုဗစ်-၁၉ အသစ်ထပ်မံကူးစက်မှု ၂၀၅၄ ဦးရှိခဲ့သည်။ အဆိုပါ အရေအတွက်သည် ဧပြီ ၂၃ ရက်ကတည်းကစကာ အနည်းဆုံးအရေအတွက်ဖြစ်ခဲ့သည်။

မော်စကိုမြို့တော်ဝန် ဆာဂျီဆိုဗျာနင်က ဆိုင်များပြန်လည်ဖွင့်လှစ်ခြင်းနှင့် ပါးစပ်နှာခေါင်းစည်းဖြင့် သွားလာမှုပြုခြင်းများအပါအဝင် ဇွန် ၁ ရက်မှစပြီး အသွားအလာကန့်သတ်ပိတ်ဆို့မှုများကို ဖြေလျှော့ရန် ဆောင်ရွက်ချက်အသစ်များ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုတွင် အမေရိကန်နှင့် ဘရာဇီးပြီးလျှင် ရုရှားနိုင်ငံသည် ကမ္ဘာ့တတိယအရေအတွက် အများဆုံးကူးစက်ပြန့်ပွားသော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားသူ ၃၇၉၀၅၁ ဦး ရှိခဲ့သည်။

**အေအက်ဖ်ပီ**



ပါးစပ်နှာခေါင်းစည်းများတပ်ဆင်ထားသည့် ခရီးသွားများ မော်စကိုမြို့ နိုဗိုစလို ဗော့စ်ကာယာ မြေအောက်ရထားဘူတာရုံ လူသွားစင်္ကြံပေါ်တွင် စောင့်ဆိုင်းနေသည်ကို တွေ့ရစဉ်။

# ကျန်းမာရေးအဖွဲ့အစည်းများ ဆိုက်ဘာတိုက်ခိုက်မှုအန္တရာယ်ကို ကြိုတင်ကာကွယ်ထားကြရန် ကုလသမဂ္ဂသတိပေး

**ဂျီနီဗာ မေ ၂၈**

ကျန်းမာရေးအဖွဲ့အစည်းများကို ပစ်မှတ်ထားလျက် ဆိုက်ဘာတိုက်ခိုက်မှုများ လုပ်ဆောင်နေသည့် ဟက်ကာများကို လုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်ရန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က တိုက်တွန်းလိုက်သည်။

ဂူတာရက်စ်သည် မေ ၂၇ ရက်တွင် ပြုလုပ်ခဲ့သည့် တယ်လီဖုန်းကွန်ဖရင့်ဆွေးနွေးမှုတွင် ပါဝင်ခဲ့သည်။ ဒစ်ဂျစ်တယ်နည်းပညာကို တလွဲအသုံးချကာ အရေးကြီးသည့် အများပြည်သူဆိုင်ရာအဖွဲ့အစည်းများအား ဆိုက်ဘာတိုက်ခိုက်မှု လုပ်ဆောင်နေမှုများကို ထိရောက်စွာ ကိုင်တွယ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ကိုဗစ် – ၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားချိန်မှ စတင်ကာ ကျန်းမာရေးစောင့်ရှောက်ရေး အဖွဲ့အစည်းများအပေါ် ဆိုက်ဘာတိုက်ခိုက်မှုများ မြင့်တက်လာခဲ့သည်ကို နိုင်ငံအများအပြားတွင် တွေ့မြင်နေရကြောင်း ဂူတာရက်စ်က ပြောသည်။

အရပ်သားပြည်သူများအပေါ် ပြင်းထန်သည့် နောက်ဆက်တွဲထိခိုက်မှုများ ဖြစ်ပေါ်စေသည့် ယင်းကိစ္စများကို တားဆီးကာကွယ်နိုင်ရန် အရေးယူဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်ရန်လိုအပ်နေကြောင်း ၎င်းက ပြောကြားခဲ့သည်။

မကြာသေးမီရက်သတ္တပတ်များအတွင်း ချက်သမ္မတနိုင်ငံ၊ ပြင်သစ်၊ စပိန် ၊ ထိုင်းနှင့် အမေရိကန်ပြည်ထောင်စုတို့တွင် ကျန်းမာရေးအဖွဲ့အစည်းများ ဆိုက်ဘာတိုက်ခိုက်ခံခဲ့ရကြောင်း နိုင်ငံတကာ ကြက်ခြေနီကော်မတီက ထုတ်ပြန်ခဲ့သည်။

ဆိုက်ဘာတိုက်ခိုက်မှုများကြောင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်တာများ ထိရောက်စွာ ဆောင်ရွက်နိုင်မှုအပေါ် ထိခိုက်စေပြီး လူနာများ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်ရာရောက်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**



ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်။



ဘရာဇီးနိုင်ငံ ဆော်ပိုလိုမြို့၌ ကန့်သတ်ပိတ်ဆို့မှုမပြုလုပ်ခင်အချိန်က ပြည်သူများလှုပ်ရှားသွားလာမှုကို တွေ့ရစဉ်။

## ကိုဗစ် – ၁၉ ကူးစက်မှုမြင့်တက်နေသော်လည်း ဘရာဇီးနိုင်ငံ ဆော်ပိုလို၌ စီးပွားရေးလုပ်ငန်းများပြန်ဖွင့်

**ဆော်ပိုလို မေ ၂၈**

ဘရာဇီးနိုင်ငံ ဆော်ပိုလိုမြို့တွင် ကိုဗစ်–၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက် ဆက်လက်မြင့်တက်နေသော်လည်း အာဏာပိုင်များက စီးပွားရေးလုပ်ငန်းအချို့ကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုရန် ဆုံးဖြတ်လိုက်ကြောင်း သိရသည်။

ဆော်ပိုလို၌ ဘရာဇီးနိုင်ငံ၏ အများဆုံးလူဦးရေနှင့် အကြီးဆုံးစီးပွားရေး တည်ရှိသည်။ ဆော်ပိုလိုအုပ်ချုပ်ရေးမှူး ဂျိုအာဒိုရီယာက စီးပွားရေးပြန်လည်ဖွင့်လှစ်မည့် ၎င်း၏အစီအစဉ်ကို မေ ၂၇ ရက်တွင် ကြေညာခဲ့သည်။

အစီအစဉ်အရ စားသောက်ဆိုင်များကို ပြန်လည်ဖွင့်လှစ်စေကာ ဆိုင်အတွင်းဝန်ဆောင်မှုများ ပြန်လည်ခွင့်ပြုပေးမည်ဖြစ်ကြောင်း သိရသည်။

ဆိုင်များပြန်လည်ဖွင့်လှစ်ရေး ဆုံးဖြတ်ချက်နှင့်အတူ ကိုဗစ် – ၁၉ လူနာများအား ကုသမှုဆောင်ရွက်ပေးရန် ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများ လိုအပ်မှုအခြေအနေကိုလည်း ၎င်းက ကိုးကားပြောဆိုခဲ့သည်။

ဘရာဇီး၌ ကိုဗစ်–၁၉ ကူးစက်ခံရသူအရေအတွက်သည် ၃၉၀၀၀၀ ကျော်အထိရှိလာခဲ့ပြီး ပြီးခဲ့သည့်ရက်အနည်းငယ်အတွင်း တစ်ရက်လျှင်လူ ၁၀၀၀ နီးပါးအထိ သေဆုံးမှုရှိခဲ့သည်။

အဆိုပါအရေအတွက်သည် အမေရိကန်၌ သေဆုံးမှုပမာဏထက် ပိုများခဲ့သည်။ ဆော်ပိုလိုဒေသတွင် ပြီးခဲ့သည့် မတ်လလယ်လောက်မှစတင်ကာ စီးပွားရေးလုပ်ငန်းများကို ပိတ်သိမ်းခဲ့ပြီး ပြည်သူများအား အပြင်မထွက်ရအမိန့်ထုတ်ခဲ့ရာ ယင်းအခြေအနေကြောင့် အလုပ်အကိုင်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

**အေအက်ဖ်ပီ**

## အာဖဂန်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များကို သတ်မှတ်ထားသည့် အချိန်မတိုင်မီ ရုပ်သိမ်းဖွယ်ရှိ

**ဝါရှင်တန် မေ ၂၈**

အာဖဂန်၌ချထားသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို သတ်မှတ်ထားသည့် အချိန်မတိုင်မီ ရုပ်သိမ်းရဖွယ်ရှိကြောင်း အမေရိကန်အာဏာပိုင်တစ်ဦးက မေ ၂၇ ရက်တွင် အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အမေရိကန်တပ်ဖွဲ့ဝင်များအား ဌာနေသို့ပြန်ခေါ်ရန် တောင်းဆိုနေသည့်အတွက် ထိုသို့စောစောရုပ်သိမ်းရဖွယ်ရှိကြောင်း သိရသည်။

အရပ်သားများ သေဆုံးမှုကို ကြီးကြီးမားမားလျော့ကျစေခဲ့သည့် သုံးရက်ကြာ သမိုင်းဝင်အပစ်အခတ်ရပ်စဲမှုကြေညာခဲ့ပြီးနောက် ကာလကြာပြီဖြစ်သည့် အာဖဂန်စစ်ပွဲ၏ အနာဂတ်ဖြစ်စဉ်နှင့် ပတ်သက်၍ မေးခွန်းများထွက်ပေါ်နေချိန် တပ်ဖွဲ့ဝင်များအား စောစောရုပ်သိမ်းမည့်ကိစ္စနှင့်ပတ်သက်၍ အမေရိကန်အရာရှိတစ်ဦးက ပြောကြားခဲ့ခြင်းဖြစ်သည်။

အစ္စလာမ် ဘာသာဝင်တို့၏ အထွတ်အမြတ်နေ့ဖြစ်သည့် အီဒ်နေ့အထိမ်းအမှတ်အဖြစ် တာလီဘန်တို့ ကြေညာခဲ့သည့် အပစ်အခတ်ရပ်စဲမှုသည် မေ ၂၆ ရက် ညပိုင်းတွင် သက်တမ်းကုန်ဆုံးသွားခဲ့ပြီး အပစ်အခတ်ရပ်စဲရေးကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်လား သို့မဟုတ် တိုက်ပွဲများ ပြန်လည်အရှိန်မြင့်လာမည်လားဆိုသည်နှင့် ပတ်သက်၍ အာဖဂန်ပြည်သူများကို စိုးရိမ်ကြောင့်ကြမှုများ ဖြစ်ပေါ်စေခဲ့သည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း တာလီဘန်အဖွဲ့နှင့်လက်မှတ်ရေးထိုးခဲ့သည့် သဘောတူစာချုပ်အရ ပင်တဂွန်အနေဖြင့် အာဖဂန်၌ချထားသည့် တပ်ဖွဲ့ဝင်အရေအတွက်ကို ဇူလိုင်လလယ်လောက်တွင် ရှိရင်းစွဲတပ်ဖွဲ့ဝင်အရေအတွက် ၁၂၀၀၀ မှ ၈၆၀၀ အထိ လျှော့ချသွားရန်ဖြစ်ပြီး ၂၀၂၁ ခုနှစ် မေလတွင် တပ်ဖွဲ့ဝင်များအားလုံးကို အပြီးရုပ်သိမ်းရန် ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**



တာလီဘန်အဖွဲ့က အပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့ပြီးနောက် အာဖဂန်အစိုးရက ပြန်လွှတ်ပေးလိုက်သည့် တာလီဘန်အကျဉ်းသားအချို့ကို တွေ့ရစဉ်။

## သမ္မတထရမ့်က လူမှုကွန်ရက်ကုမ္ပဏီများနှင့် စပ်လျဉ်းသည့် အမိန့်ထုတ်ပြန်ချက်တစ်ရပ်ကို လက်မှတ်ရေးထိုးမည်

**ဝါရှင်တန် မေ ၂၈**

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နှင့် တွစ်တာကုမ္ပဏီတို့အကြား အငြင်းပွားဖွယ်ရာ ကိစ္စတစ်ခုပေါ်ပေါက်ခဲ့ပြီးနောက်တွင် လူမှုကွန်ရက်ကုမ္ပဏီများနှင့်စပ်လျဉ်းသည့် အမိန့်တစ်ရပ်ကို သမ္မတထရမ့်က လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာလတွင်ကျင်းပမည့် သမ္မတရွေးကောက်ပွဲတွင် စာပို့စနစ်ဖြင့် မဲပေးခြင်းကို ခွင့်ပြုရန် ကယ်လီဖိုးနီးယားပြည်နယ်၏ ဆုံးဖြတ်ချက်ကို သမ္မတထရမ့်က တွစ်တာပေါ်၌ ဝေဖန်သည့်ရေးသားပြောဆိုမှု ပြုလုပ်ခဲ့ပြီးနောက် မေ ၂၆ ရက်တွင် သမ္မတ ထရမ့်၏ပို့စ်ကို တွစ်တာက အချက်အလက်စစ်ဆေးမှုလုပ်ဆောင်ခဲ့သည်။

ယင်းကိစ္စအပေါ် သမ္မတထရမ့်က တွစ်တာသည် သမ္မတရွေးကောက်ပွဲအတွင်း ကြားဝင်စွက်ဖက်မှုပြုသည်ဟုဆိုကာ စွပ်စွဲသည့်ပို့စ်တစ်ခုတင်ကာ ပြန်လည်တုံ့ပြန်ခဲ့သည်။ ထို့နောက် မေ ၂၇ ရက်တွင် သမ္မတထရမ့်က လူမှုကွန်ရက်ကုမ္ပဏီများနှင့်စပ်လျဉ်းသည့် အမိန့်ထုတ်ပြန်ချက်တစ်ရပ်ကို လက်မှတ်ရေးထိုးရန် စီစဉ်နေကြောင်း အိမ်ဖြူတော် သတင်းထုတ်ပြန်ရေးအတွင်းဝန် ကေလိတ် မက်အီနာနီက ပြောကြားသည်။

အဆိုပါအမိန့်ထုတ်ပြန်ချက်တွင် ယခင်က လူမှုကွန်ရက်မီဒီယာစကြီးများကို ပိတ်ပစ်မည်သို့မဟုတ် စည်းကမ်းကြပ်မတ်မည်ဟု သမ္မတထရမ့်က ခြိမ်းခြောက်ခဲ့သည့် ဆောင်ရွက်မှုအချို့ ပါဝင်ဖွယ်ရှိကြောင်း လေ့လာသူအချို့က ထင်ကြေးပေးခဲ့ကြသည်။

ကျွမ်းကျင်သူများကမူ ရွေးကောက်ပွဲကာလတွင် တွစ်တာကိုအသုံးပြုလျက် မဲဆွယ်စည်းရုံးမှုများပြုလုပ်ခဲ့သည့် ထရမ့်အဖို့ တွစ်တာကို ထိုသို့လုပ်ဆောင်ခြင်းဖြင့် ၎င်း၏နိုင်ငံရေးလှုပ်ရှားမှုများ ထိခိုက်ရန်သာရှိကြောင်း သုံးသပ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# လုပ်ငန်းဆက်လက်ရပ်တည်နိုင်ဖို့ ဝန်ထမ်းအင်အားလျှော့ချခဲ့ရတဲ့ လေယာဉ်ကုမ္ပဏီများ

◇◇◇◇◇◇◇ *ကလျာမိုးမြင့်* ◇◇◇◇◇◇◇

**ယခုရက်ပိုင်းအတွင်းမှာ အမေရိကန်လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီကြီးတစ်ခုဖြစ်တဲ့ ဘိုးရင်းက ဝန်ထမ်းပေါင်း ၇၀၀၀ နီးပါးကို အလုပ်ဖြုတ်ခဲ့ရပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါ ကျရောက်မှုအတောအတွင်း လေကြောင်းခရီးစဉ်တွေ လျော့ကျသွားခဲ့တဲ့ နောက်ဆက်တွဲအကျိုးသက်ရောက်မှုကြောင့် ကုမ္ပဏီရဲ့အလုပ်အကိုင်ပေါင်း ၁၆၀၀၀ လျှော့ချမယ့်အစီအစဉ်အရ ဝန်ထမ်းတွေကို မဖြစ်မနေ ဖယ်ရှားလိုက်ရခြင်းဖြစ်တယ်လို့ သိရပါတယ်။**

### မလွှဲသာတဲ့အခြေအနေ

တခြားဖြေရှင်းနိုင်မယ့် နည်းလမ်းရှာတွေ့ဖို့ မျှော်လင့်ခဲ့ပေမယ့်လည်း ဘယ်လိုမှအဆင်မပြေတော့တဲ့အတွက် မလွှဲသာတဲ့အခြေအနေတွေအရ ဝန်ထမ်းတွေကိုလျှော့ချဖို့အချိန် ရောက်လာရတယ်လို့ ကုမ္ပဏီရဲ့ စီအီးအိုကယ်လ်ဟွန်းက မေ ၂၇ ရက်က ဝန်ထမ်းတွေကို အကြောင်းကြားတဲ့ ထုတ်ပြန်ချက်တစ်စောင်မှာ ဆိုထားပါတယ်။

တာဝန်ကနေ ရပ်ဆိုင်းမယ့် ဝန်ထမ်းအလုပ်သမားတွေကို အကြောင်းကြားစာ ထုတ်ထားချိန်မှာပဲ ဝန်ထမ်းအများစုကို လာမယ့်ဇူလိုင်လကုန်အထိ လစာပေးထားမှာဖြစ်တယ်လို့ ကုမ္ပဏီက ပြောပါတယ်။ အဲဒီနေ့မှာပဲ ဘိုးရင်းရဲ့ ဝန်ထမ်း ၅၅၂၀ တို့ဟာ မိမိသဘောဆန္ဒအလျောက် နုတ်ထွက်ဖို့ ကမ်းလှမ်းချက်ကို လက်ခံခဲ့ကြတယ်လို့ သိရပါတယ်။

### နောက်တစ်ချီထပ်လာမည်

ဒီအခြေအနေက ဘိုးရင်းကုမ္ပဏီရဲ့ အလုပ်အကိုင်လျှော့ချမှုကို ၁၂၀၀၀ ကျော်အထိ ရောက်ရှိစေခဲ့ပါတယ်။ ပြီးခဲ့တဲ့လကတည်းက ကုမ္ပဏီရဲ့အလုပ်အကိုင်ပေါင်း ၁၆၀၀၀ အထိ လျှော့ချဖို့ရှိတယ်ဆိုတဲ့အကြောင်း ဘိုးရင်းက ထုတ်ဖော်ပြောကြားခဲ့ပြီးသားပါ။ ဒီတော့နောက်ထပ်လာမယ့်လအနည်းငယ်အကြာမှာ နောက်တစ်ချီထပ်ပြီး ဝန်ထမ်းလျှော့ချမှုတွေ လုပ်ဆောင်ရဦးမှာဖြစ်တယ်လို့ ကုမ္ပဏီရဲ့ပြောရေးဆိုခွင့်ရှိသူက ဆိုပါတယ်။

### ထုတ်လုပ်မှုရပ်ဆိုင်း

ဘိုးရင်းနဲ့ ယှဉ်ပြိုင်ဘက် လေယာဉ်ကုမ္ပဏီတစ်ခုဖြစ်တဲ့ အဲဘတ်စ်တို့ဟာ ကပ်ရောဂါရဲ့ နောက်ဆက်တွဲရိုက်ခတ်မှုတစ်ခုဖြစ်တဲ့ လေကြောင်းခရီးစဉ်တွေထိုးကျသွားမှုကြောင့်၎င်းတို့ရဲ့လေယာဉ်တွေအများစုဟာ ခရီးစဉ် နှောင့်နှေးမှုတွေ ဖြစ်ပေါ်ခဲ့တဲ့အပြင် လေယာဉ်ဝယ်ယူဖို့ အမှာစာတွေ ပယ်ဖျက်လိုက်မှုကြောင့် တစ်ကမ္ဘာလုံးမှာရှိတဲ့ ၎င်းတို့ရဲ့ လေယာဉ်တွေကို ရပ်နားထားခဲ့ရပါတယ်။ ဒါကြောင့် လေယာဉ်ကုမ္ပဏီကြီးနှစ်ခုလုံးက လာမယ့်နှစ်အနည်းငယ်ကြာတဲ့အထိ ထုတ်လုပ်ရေး အစီအစဉ်တွေကို ရပ်ဆိုင်းထားခဲ့ပါတယ်။

ဝန်ထမ်းအင်အား လျှော့ချမှု ပြုလုပ်လိုက်တဲ့ ဝန်ထမ်းပေါင်း ၁၆၀၀၀ ဆိုတဲ့ အရေအတွက်ဟာ ကမ္ဘာတစ်ဝန်းလုံးရှိ ဘိုးရင်းကုမ္ပဏီဝန်ထမ်းအင်အားရဲ့ ၁၀ ရာခိုင်နှုန်းနဲ့ ညီမျှပါတယ်။ ဒီထဲက ဝန်ထမ်းအားလုံးနီးပါးဟာ အမေရိကန်ပြည်ထောင်စုမှာ လုပ်ကိုင်နေကြတဲ့ ဝန်ထမ်းတွေဖြစ်ပြီး အလုပ်ဖြုတ်ခံရတဲ့ ဝန်ထမ်းတွေအားလုံးနီးပါးဟာ ကုမ္ပဏီရဲ့ ကာကွယ်ရေး သို့မဟုတ် အာကာသဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုနယ်ပယ်ထဲက မဟုတ်ဘဲ စီးပွားရေးလုပ်ငန်းသုံး လေကြောင်းယူနစ်အဖွဲ့ထဲက ဝန်ထမ်းတွေ ဖြစ်ပါတယ်။

### အကြီးမားဆုံးအလုပ်အကိုင်လျှော့ချမှုပမာဏ

အမေရိကန်မှာ လေကြောင်းခရီးစဉ်သွားလာမှုဟာ ပြီးခဲ့တဲ့ ဧပြီလလယ်လောက်ကစပြီး ၉၆ ရာခိုင်နှုန်း ကျဆင်းသွားပြီး တချို့ရက်တွေမှာ စီးနင်းလိုက်ပါသူ အယောက် ၁၀၀၀၀၀ အောက် လျော့နည်းခဲ့ပါတယ်။ လုပ်သားအင်အားရဲ့ ၁၀ ရာခိုင်နှုန်းကို ဘိုးရင်းက လျှော့ချတာဟာ အကြီးမားဆုံး အလုပ်အကိုင်လျှော့ချမှုပမာဏတစ်ခုကို ကိုယ်စားပြုဖော်ပြနေတယ်လို့ ဘိုးရင်းရဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောပါတယ်။

ဘိုးရင်းကုမ္ပဏီရဲ့ ရှယ်ယာဟာလည်း အဲဒီနေ့အစောပိုင်းမှာ ပိုမိုလျော့ကျခဲ့ပြီး ကြေညာချက်ထုတ်ပြန်မှုအပြီးမှာ တစ်ရာခိုင်နှုန်းလောက်အထိ ကျဆင်းသွားခဲ့ပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လက်ရှိအချိန်အထိ ခန့်မှန်းတွက်ချက်ဖို့ ခက်ခဲနေသေးတဲ့ ဈေးကွက်အခြေအနေ မတည်ငြိမ်မှု ရပ်တန့်သွားတဲ့အချိန်အထိ ကျွန်ုပ်တို့ရဲ့ စီးပွားရေးအစီအစဉ်တွေကို ပုံသေထားပြီး ချိန်ညှိသွားရလိမ့်မယ်လို့ ဘိုးရင်းရဲ့ စီအီးအိုကယ်လ်ဟွန်းက ဖွင့်ဟပြောကြားခဲ့ပါတယ်။

### ဆက်လက်ရပ်တည်နိုင်ဖို့ ကြိုးပမ်း

တချို့လေကြောင်းလိုင်းတွေမှာ မကြာသေးမီက ခရီးစဉ်ကြိုတင်ဘွတ်ကင်ပြုလုပ်မှုတွေ တိုးတက်လာတဲ့ လက္ခဏာတချို့ ရှိလာတာ တွေ့ရပေမယ့် မြန်မြန်ဆန်ဆန်တော့ အခြေအနေပြန်ကောင်းလာဦးမှာ မဟုတ်သေးဘူးလို့ ၎င်းက သုံးသပ်ပါတယ်။ နောက်ထပ် လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီကြီးတစ်ခုဖြစ်တဲ့ အဲဘတ်စ်ဟာ ပြီးခဲ့တဲ့ ဧပြီလအတွင်း ဝန်ထမ်းပေါင်း ၆၀၀၀ လောက်ကို ဖယ်ရှားခဲ့ရပါတယ်။




ဘိုးရင်းကုမ္ပဏီမှ ဝန်ထမ်းတစ်ဦးကို တွေ့ရစဉ်။

> **"ကမ္ဘာတစ်ဝန်းမှာရှိတဲ့ လေကြောင်းလိုင်းတော်တော်များများဟာ ဆက်လက်ရှင်သန်ရပ်တည်နိုင်ဖို့ ကြိုးပမ်းနေရပြီး အလုပ်အကိုင်လျှော့ချမှုတွေ ပြုလုပ်နေရပါတယ်။ လေကြောင်းလိုင်းတွေရဲ့ စုစုပေါင်းထိခိုက်ဆုံးရှုံးမှုတန်ဖိုးဟာ နှစ်အကုန်မှာ အမေရိကန်ဒေါ်လာ ၃၀၀ ဘီလီယံဖိုးလောက်ရှိမယ်လို့ ခန့်မှန်းတွက်ချက်ထား"**

ကမ္ဘာတစ်ဝန်းမှာရှိတဲ့ လေကြောင်းလိုင်းတော်တော်များများဟာ ဆက်လက်ရှင်သန်ရပ်တည်နိုင်ဖို့ ကြိုးပမ်းနေရပြီး အလုပ်အကိုင်လျှော့ချမှုတွေ ပြုလုပ်နေရပါတယ်။ လေကြောင်းလိုင်းတွေရဲ့ စုစုပေါင်းထိခိုက်ဆုံးရှုံးမှုတန်ဖိုးဟာ နှစ်အကုန်မှာ အမေရိကန်ဒေါ်လာ ၃၀၀ ဘီလီယံဖိုး လောက်ရှိမယ်လို့ ခန့်မှန်းတွက်ချက်ထားတယ်လို့ ခရီးသွားလုပ်ငန်းအုပ်စုတစ်စုရဲ့ ဖော်ပြချက်အရ သိရပါတယ်။ ပြီးခဲ့တဲ့နှစ်တွေအတွင်း နာမည်ကျဆင်းခဲ့တဲ့ ဘိုးရင်းရဲ့ ၇၃၇ မက်စ်၊ ၇၈၇၊ ၇၇၇ နဲ့ ၇၇၇ အိတ်စ် လေယာဉ်တွေ အပါအဝင် လေယာဉ်ထုတ်လုပ်မှုတွေကို လျှော့ချနေတယ်လို့ ဘိုးရင်းက ဖော်ပြခဲ့ပါတယ်။

### ဝင်ငွေကျဆင်း

ဘိုးရင်းဟာ ယခုနှစ်ရဲ့ ပထမလေးလပတ်မှာ အသားတင်ဆုံးရှုံးမှု အမေရိကန်ဒေါ်လာ ၆၄၁ သန်းရှိခဲ့ပါတယ်။ ၇၃၇ မက်စ်လေယာဉ်တွေ ရပ်နားထားခဲ့ရမှုနဲ့ ကပ်ရောဂါ ကျရောက်မှုအခြေအနေတွေကြောင့် ပထမသုံးလပတ်အတွင်းမှာ လေယာဉ်လုပ်ငန်း ထိခိုက်နစ်နာခဲ့ပြီး ဝင်ငွေရရှိမှု ဟာ ၅၀ ရာခိုင်နှုန်းနီးပါးအထိ ကျဆင်းသွားခဲ့ပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီနဲ့ မတ်လတွေအတွင်း လေယာဉ်အမှာ စာ ၄၉ ခု လက်ခံရရှိခဲ့ပြီး အမှာစာဖျက်သိမ်းမှု ၁၉၆ ခုအထိ ရှိခဲ့ပါတယ်။

ကုမ္ပဏီအနေနဲ့ ဝန်ထမ်းတွေရဲ့ ဘေးကင်းလုံခြုံမှုကိုဆက်လက်ထိန်းထားနိုင်ဖို့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရသလို ကပ်ရောဂါကူးစက်မှုကနေ ဘေးကင်း စွာပျံသန်းနိုင်ကြောင်း ခရီးသွားပြည်သူတွေကို အာမခံနိုင်ဖို့အတွက် လေကြောင်းလိုင်းတွေနဲ့အတူ လက်တွဲကြိုးပမ်းနေတယ်လို့ ကယ်လ်ဟွန်းက ပြောကြားခဲ့ပါတယ်။

### အကျပ်အတည်း ပိုနက်ရှိုင်းလာ

တကယ်တော့ ဘိုးရင်းကုမ္ပဏီရဲ့ အကျပ်အတည်းက ပြီးခဲ့တဲ့နှစ်က ဘိုးရင်း ၇၃၇ မက်စ်လေယာဉ် မတော်တဆပျက်ကျမှု နှစ်ကြိမ်ဖြစ်ပွားခဲ့ပြီးနောက် စတင်ခဲ့တာပါ။ ဒီအချိန်မှာ ကိုဗစ်-၁၉ ကပ်ရောဂါကျရောက်မှုပါ ထပ်ဖြစ်လာတဲ့အခါ ကုမ္ပဏီရဲ့အကျပ်အတည်းကို ပိုပြီးနက်ရှိုင်းစေခဲ့ပါတယ်။ နောက်ထပ်အလုပ်အကိုင်လျှော့ချမှုတွေကို နိုင်ငံတကာမှာရှိတဲ့ ဘိုးရင်းရဲ့လုပ်ငန်းခွင်တွေမှာ ထပ်ပြီးလုပ်ဆောင်သွားဦးမယ်လို့ ဆိုထားပေမယ့် ဝန်ထမ်းအင်အားဘယ်လောက်အထိ လျှော့ချမလဲဆိုတာကိုတော့ အသေးစိတ်ဖော်ပြထားခြင်း မရှိသေးပါဘူး။

ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်း Southwest လေကြောင်းလိုင်းက ယခုနှစ်မှာ လက်ခံမယ့် ၇၃၇ မက်စ်လေယာဉ် ထုတ်လုပ်မှုအရေအတွက်ကို လျှော့ချဖို့ တိုင်ပင်ဆွေးနွေးနေတယ်လို့ ဆိုပါတယ်။ အခုအချိန်ကစပြီး လာမယ့် ၂၀၂၁ ခုနှစ်ကုန်ပိုင်းအထိ မက်စ်လေယာဉ် ၄၈ စင်းထက် ပိုပြီးလက်ခံတော့မှာ မဟုတ်ဘူးလို့ သိရပါတယ်။ ။

**အေအက်ဖ်ပီ**

---

## နိုင်ငံတကာသတင်းတိုထွာ

### အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့က ဒုံးကျည်တင် အမြန်ရေယာဉ်ငယ် ၁၁၂ စင်းကို လက်ခံရရှိ

**တီဟီရန် မေ ၂၈**

အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ ရေတပ်သည် နိုင်ငံတောင်ပိုင်းရှိ ရေပိုင်နက်အတွင်း တိုက်ခိုက်ရေးစွမ်းရည်မြှင့်တင်ရေးအတွက် ဒုံးကျည်တင်အမြန်ရေယာဉ်ငယ် ၁၁၂ စင်းကို မေ ၂၈ ရက်တွင် လက်ခံရရှိခဲ့ကြောင်း ပရက်စ်တီဗွီသတင်း၌ ဖော်ပြသည်။

အီရန်အကြီးတန်းစစ်ဘက်အရာရှိများ တက်ရောက်ခဲ့သည့် အခမ်းအနားတစ်ခုအတွင်း ပြည်တွင်းလုပ်အမြန်ရေယာဉ်ငယ် အမျိုးအစားသစ်များကို အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ရေတပ်သို့ ပို့ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကာကွယ်ရေးသည် စစ်ပွဲအတွင်း ကျွန်ုပ်တို့၏ကိုယ်ပိုင်ဟန်တစ်ခုဖြစ်သော်လည်း ရန်သူကိုကြောက်ရွံ့သည့် သဘောမဟုတ်ကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့ အကြီးအကဲ ဟူစိန်ဆလာမီက အခမ်းအနားတွင် ပြောကြားခဲ့သည်။

**ဆင်ဟွာ**

### ကပ်ရောဂါကြောင့် ကမ္ဘာတစ်ဝန်းရှိ ကလေးငယ်နောက်ထပ် ၈၆ သန်းအထိ ဆင်းရဲငတ်မွတ်မှုအန္တရာယ် ကျရောက်နိုင်

**ဂျီနီဗာ မေ ၂၈**

ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှု၏ နောက်ဆက်တွဲ သက်ရောက်မှုအနေဖြင့် ၂၀၂၀ ပြည့်နှစ် နှစ်ကုန်ပိုင်းခန့်တွင် ကမ္ဘာတစ်ဝန်းရှိ ကလေးငယ်ပေါင်း နောက်ထပ် ၈၆ သန်းအထိ ဆင်းရဲနွမ်းပါးမှု အန္တရာယ်ကျရောက်နိုင်ဖွယ်ရှိကြောင်း Save the Children အဖွဲ့နှင့် နိုင်ငံတကာကလေးများ အရေးပေါ်ရန်ပုံငွေအဖွဲ့က မေ၂၇ ရက်တွင် ပြောကြားခဲ့သည်။

ကမ္ဘာတစ်ဝန်းရှိ ဆင်းရဲနွမ်းပါးမှုကို ခံစားရသည့် ကလေးငယ်အရေအတွက်အားလုံးပေါင်း ၆၇၂ သန်းအထိ ရှိလာမည်ဖြစ်သည်။ ပြီးခဲ့သည့်နှစ်က ရှိခဲ့သည့်အရေအတွက်ထက် ၁၅ ရာခိုင်နှုန်း တိုးပွားလာနိုင်ကြောင်း အဆိုပါအဖွဲ့နှစ်ဖွဲ့လုံးက ဖော်ပြချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ ဆင်းရဲနွမ်းပါးသည့်ကလေးများ၏ သုံးပုံ နှစ်ပုံနီးပါးသည် အာဖရိကနိုင်ငံများမှဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၈-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၂၇-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ (၆၅၁)ခုနှင့် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် – ၁၀၀၀) မှ ဒုတိယအသုတ် စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ (၇၃)ခုတို့တွင်–

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၂၇-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၁,၀၂၆) ခု၊ ဆေးသုတေသနဦးစီးဌာန(DMR)မှ ဓာတ်ခွဲနမူနာ (၁၅၁) ခု၊ ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင် – ၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၁၆၆) ခု၊ စုစုပေါင်း (၁,၃၄၃) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVD–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၃။ (၂၈-၅-၂၀၂၀)ရက်နေ့၊ နံနက်(၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၀၆)ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂၈-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၂၇-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁,၀၂၆) ခု |
| (၂၇-၅-၂၀၂၀) ရက်နေ့အတွက် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၅၁) ခု |
| (၂၇-၅-၂၀၂၀) ရက်နေ့အတွက် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် - ၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၆၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

## COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၈-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၈-၅-၂၀၂၀)ရက်နေ့၊ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ (ပထမအသုတ်) စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ(၄၇၀)ခု၊ ဆေးသုတေသနဦးစီးဌာန (DMR)မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၄၈)ခုနှင့် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော် ဆေးရုံကြီး (ခုတင်–၁,၀၀၀) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၉၄) ခု၊ စုစုပေါင်း (၇၁၂)ခုတွင်–

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ (၂၈-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၀၆) ဦးရှိပါသည်။

၃။ (၂၈-၅-၂၀၂၀)ရက်နေ့အထိ ဓာတ်ခွဲအတည်ပြုလူနာဟောင်း(old confirmed case)များ၏ ဓာတ်ခွဲနမူနာများတွင် (၂)ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း (၁၂၆)ဦးရှိပြီး ၎င်းတို့အနက် (၁၁၈)ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက် ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၇-၅-၂၀၂၀) ရက်နေ့၊ နေ့လယ်(၁၂:၀၀)နာရီမှ (၂၈-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၄၆) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၈-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၈-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၇၀) ခု |
| (၂၈-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၄၈) ခု |
| (၂၈-၅-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော် ဆေးရုံကြီး (ခုတင်–၁,၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၄) ခု |
| COVID–19 (SARS–CoV–2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၈-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၂၀၆) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၁၂၆) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၁၆၃၀၀ ကျော်ရှိ

မုံရွာ မေ ၂၈

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၁၆၃၉၂ ဦးရှိကြောင်း ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ စာရင်းများအရ သိရသည်။

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၂၇ ရက်အထိ စာရင်းများအရ စစ်ကိုင်းတွင် ၇၈၂ ဦး၊ မုံရွာတွင် ၂၁၇၇ ဦး၊ ယင်းမာပင်တွင် ၃၆၉၀ ၊ ရွှေဘိုတွင် ၄၆၆၅ ဦး၊ ကန့်ဘလူတွင် ၁၀၃၉ ဦး၊ ကသာတွင် ၂၃၃၁ ဦး၊ ကလေးတွင် ၁၂၄၈ ဦး၊ မော်လိုက်တွင် ၁၂၄ ဦး၊ တမူးတွင် ၁၉၈ ဦး၊ ခန္တီးတွင် ၁၃၈ ဦး စုစုပေါင်း ၁၆၃၉၂ ဦး တို့ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီး ဦးမိုးကျော်သူထံမှ သိရသည်။

ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံထားရသူများအနေဖြင့် စစ်ကိုင်းမြို့တွင် တစ်ဦး၊ သံသယ လူနာ ၇၆ ဦးရှိကြောင်း၊ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ အများဆုံးဖြစ်ကြောင်း သိရသည်။

မွေးကြူဇင်

## မိုးနဲမြို့ ပြည်သူ့ဆေးရုံအတွက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး တစ်ကိုယ်ရေသုံးဝတ်စုံများ လှူဒါန်း

မိုးနဲ မေ ၂၈

ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ် ပြည်သူ့ဆေးရုံသို့ ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဆေးရုံသုံး အထောက်အကူပြုပစ္စည်းများကို အလှူရှင်များက လှူဒါန်းပေးလျက်ရှိရာ ယနေ့ နံနက် ၁၀ နာရီခွဲတွင် တစ်ကိုယ်ရေသုံးဝတ်စုံ အစုံ ၁၀၀ လာရောက်လှူဒါန်းသည်။

အဆိုပါ တစ်ကိုယ်ရေသုံးဝတ်စုံများကို မိုးနဲမြို့ လွိုင်မြေရပ်ကွက်နေ အလှူရှင် လုံးလမ်နှင့် ဇနီး ဒေါ်တင်မြင့် မိသားစုက တစ်ကိုယ်ရေသုံးဝတ်စုံ အစုံ ၁၀၀ ကို ပေးအပ်လှူဒါန်းရာ မိုးနဲမြို့နယ် လက်ထောက်ဆရာဝန် ဒေါက်တာကျော်ရဲထွန်းက လက်ခံရယူသည်။

အလားတူ အလှူရှင်မိသားစုက မောက်မယ်ပြည်သူ့ဆေးရုံနှင့် ကျိုင်းတောင်းမြို့ တိုက်နယ်ဆေးရုံများသို့ တစ်ကိုယ်ရေသုံးဝတ်စုံ အစုံ ၅၀ စီကို ဆက်လက်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း အလှူရှင်မိသားစုထံမှ သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

# ရခိုင်ပြည်နယ်ရှိ IDP စခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်ရှိ ငှက်ချောင်း(၁)နှင့် ငှက်ချောင်း(၂) IDP စခန်းတို့တွင် ဆပ်ပြာ ၁၆၂၆ တောင့်၊ Surgical Mask ၃၂၅၂ ခု၊ Hand Speaker တစ်လုံး၊ အပူချိန်တိုင်းကိရိယာ နှစ်ခု၊ ကိုဗစ်-၁၉ အသိပညာပေးအသံဖိုင် ထည့်သွင်းထားသော Memory Stick တစ်ခု၊ အဝတ်နှာခေါင်းစည်း ၁၈၅၉၀ နှင့် ဗီနိုင်းနှစ်ချပ်တို့ကို သွားရောက်ထောက်ပံ့ခဲ့ပြီး ရသေ့တောင်မြို့နယ်ရှိ ပေါက်ပင်ရင်း၊ ပိန်းတော၊ ကုန်တန်း၊ ခွဆုံ၊ အောက်ကျောင်းတောင်နှင့် ဘူးသီးတောင်မြို့နယ်ရှိ သေကံခွဆုံ၊ စက်ခေါ်ရွာ၊ သိန်းတန်၊ ဝရကျွန်းရွာ၊ ဆေးအိုးကျရွာနှင့် သံခြေ ယာယီတိုက်ပွဲရှောင်စခန်းတို့တွင် Surgical Mask ၆၂၈ ခု၊ အဝတ်နှာခေါင်းစည်း ၄၉၆၆ ခု၊ အပူချိန်တိုင်းကိရိယာ ၁၁ ခု၊ လက်သန့်ဆေးရည် ၃၁၂ ဘူး၊ Hand Speaker ၁၃ ခု၊ ကိုဗစ်-၁၉ အသိပညာပေးအသံဖိုင် ထည့်သွင်းထားသော Memory Stick ၁၃ ခု၊ ဗီနိုင်း ၁၃ ခု၊ ထုံး ၁၉ အိတ်နှင့် လက်ဆေးစင် ငါးခုတို့ကို သွားရောက် ထောက်ပံ့ခဲ့သည်။ (ယာပုံ)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှု လုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေး နှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိကမျက်မမြင်ကျောင်းများကို ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ထောက်ပံ့ကြေးပေးအပ်

**နေပြည်တော် မေ ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ဆောင်ရွက်လျက်ရှိသည့် မသန်စွမ်းသူတစ်ဦးချင်းစီ၏ လိုအပ်ချက်တို့ကို ထည့်သွင်းစဉ်းစား ဆောင်ရွက်နိုင်ရေး စီမံချက်အရ မသန်စွမ်းသူများအတွက် ကိုဗစ်-၁၉ အသိပညာပေးခြင်း၊ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများ ထောက်ပံ့ခြင်း၊ ငွေကြေးထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။(ယာပုံ)




ထိုသို့ ဆောင်ရွက်ရာတွင် ပုဂ္ဂလိက မျက်မမြင်ကျောင်း ၁၃ ကျောင်းရှိ အမြင်အာရုံ မသန်စွမ်းသူ ၆၅၈ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ကိုဗစ်-၁၉ ကာလအတွင်း အခြေခံစားသောက်ကုန်များနှင့် တစ်ကိုယ်ရေသုံး ကာကွယ်ပစ္စည်းများ ဝယ်ယူနိုင်ရန် ထောက်ပံ့ဆောင်ရွက်လျက်ရှိရာ မေ ၂၅ ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မျက်မမြင်ကျောင်းအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ၅၀ အတွက် ငွေကျပ် ၁၅၀၀၀၀၀ နှင့် မေ ၂၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မျက်မမြင်ကျောင်း လေးကျောင်းရှိ အမြင်အာရုံ မသန်စွမ်းသူ ၂၅၀ အတွက် ငွေကျပ် ၇၅၀၀၀၀၀ကို ထောက်ပံ့ပေးခဲ့ပြီး ဖြစ်သည်။

ယနေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာနှင့် ရမည်းသင်းမြို့တို့ရှိ မျက်မမြင်ကျောင်း သုံးကျောင်းမှ အမြင်အာရုံမသန်စွမ်းသူ ၉၉ ဦး အတွက် ငွေကျပ် ၂၉၇၀၀၀၀ ကို ထောက်ပံ့ခဲ့ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ မျက်မမြင်ကျောင်း နှစ်ကျောင်း၊ မကွေးတိုင်းဒေသကြီးရှိ မျက်မမြင်ကျောင်း တစ်ကျောင်း၊ မန္တလေးတိုင်းဒေသကြီးရှိ မျက်မမြင်ကျောင်း လေးကျောင်းနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)ရှိ မျက်မမြင်ကျောင်း တစ်ကျောင်းတို့မှ အမြင်အာရုံ မသန်စွမ်းသူများအား ဆက်လက်ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ကာလအတွင်း စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ Quarantine ပြုလုပ်ထားသည့် အာမခံအလုပ်သမားများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား လူမှုဖူလုံရေးအဖွဲ့မှ မကျန်းမာမှုအကျိုးခံစားခွင့် ၆၀ ရာခိုင်နှုန်း ခွင့်ပြုထုတ်ပေး

**နေပြည်တော် မေ ၂၈**

စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသနိုင်ရေး အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များ၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာ လူမှုဖူလုံရေးအဖွဲ့သည် ကိုဗစ်-၁၉ ကာလအတွင်း Quarantine ပြုလုပ်ထားသူ အာမခံအလုပ်သမားများအား အသွားအလာကန့်သတ်၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း (Quarantine) ကာလကို မကျန်းမာမှုဆေးခွင့်အဖြစ် သတ်မှတ်၍လည်းကောင်း၊ အာမခံအလုပ်သမား ကိုယ်ဝန်ဆောင်မိခင်များအား တစ်ကြိမ်လျှင် ရှစ်ပတ်မှ အများဆုံး ၂၆ ပတ်အထိ မကျန်းမာမှုဆေးခွင့်အဖြစ် သတ်မှတ်ပေးကာ ထည့်ဝင်ကြေးလစာ၏ ၆၀ ရာခိုင်နှုန်းကို ငွေကြေးအကျိုးခံစားခွင့်အဖြစ် ထုတ်ပေးရန်အတွက် ညွှန်ကြားချက်ထုတ်ပြန်၍ စိစစ်ခွင့်ပြုပေးလျက်ရှိသည်။

၂၀၂၀ ပြည့်နှစ် မေလ ၂၇ ရက်အထိ စာရင်းများအရ Quarantine ပြုလုပ်ထားသူ အာမခံအလုပ်သမား ၈၈၅ ဦးနှင့် ကိုယ်ဝန်ဆောင်မိခင် ၅၇၁၀ ရှိသည့်အနက် Quarantine ပြုလုပ်ထားသူ ၂၁၂ ဦးအား ငွေကြေးအကျိုးခံစားခွင့် ငွေကျပ် ၉၉၀၁၆၃၁ ကျပ်နှင့် ကိုယ်ဝန်ဆောင်မိခင် ၅၆ ဦးအတွက် ငွေကျပ် ၆၄၆၃၉၅၀ တို့ကို ခွင့်ပြုခဲ့ပြီး ဖြစ်သည်။

စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ မကျန်းမာမှု ဆေးခွင့်ခံစားနေသော Quarantine ပြုလုပ်ထားသူ အာမခံအလုပ်သမားများနှင့် ကိုယ်ဝန်ဆောင်မိခင်များသည် မကျန်းမာမှု အကျိုးခံစားခွင့် ၆၀ ရာခိုင်နှုန်းကို ထုတ်ယူနိုင်ရန်အတွက် သက်ဆိုင်ရာမှ ထုတ်ပေးသော Quarantine ရက် ပြည့်ပြီးကြောင်း ထောက်ခံချက်၊ လူမှုဖူလုံရေးဆေးခန်းများမှ ထုတ်ပေးသော ဆေးသက်သေခံ လက်မှတ်နှင့်အတူ သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးများသို့ ဆက်သွယ်၍ ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါကာလအတွင်း တောင်သူများအား ရာသီအချိန်မီ ထွန်ယက်နိုင်ရေး တောင်သူပိုင်ထွန်စက်ကြီးများ အခမဲ့ပြုပြင်ဆောင်ရွက်ပေး

**ရမည်းသင်း မေ ၂၈**

ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ရမည်းသင်းမြို့နယ်အတွင်းရှိ တောင်သူများ ရာသီအချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရေး အတွက် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးဌာနမှူးရုံးနှင့် မြို့နယ်ဦးစီးဌာနမှူးရုံးမှ ကျေးရွာများသို့ အဆက်မပြတ်ကွင်းဆင်း၍ တောင်သူပိုင် ထွန်စက်ကြီးများကို ပြုပြင်ဆောင်ရွက်ပေးခြင်းနှင့် ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးပေးခြင်း လုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မေ ၂၆ ရက်က ရမည်းသင်းမြို့နယ် သိမ်ကုန်းကျေးရွာ၌ ပြုပြင်ဆောင်ရွက်ပေးရာ "ကျွန်တော်တို့ မြို့နယ်အတွင်း မိုးစပါး၊ နွေစပါး၊ ပဲတီစိမ်း၊ ငရုတ်နှင့် ဝါသီးနှံတို့ကို အဓိကစိုက်ပျိုးပါတယ်။ ယခုနှစ်မှာ ကိုဗစ်-၁၉ ရောဂါကြောင့် ထွန်စက်အပိုပစ္စည်းများ ဝယ်ယူခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများ အခက်အခဲများနဲ့ ကြုံတွေ့နေရချိန် စက်မှုလယ်ယာဦးစီးဌာနမှ အပိုပစ္စည်းမှာယူပေးတာ၊ အခမဲ့ ပြင်ဆင်ပေးတာ ကူညီဆောင်ရွက်ပေးခဲ့လို့ ကျွန်တော်တို့စက် အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ခဲ့တဲ့အတွက် စက်မှုလယ်ယာဦးစီးဌာနကို ကျေးဇူးတင်ရှိပါတယ်" ဟု သိမ်ကုန်းကျေးရွာမှ တောင်သူ ဦးတင်ကိုဦးက ပြောကြားသည်။

**အချိန်မီထွန်ယက်နိုင်ရေး**

ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ရမည်းသင်းမြို့နယ်အတွင်းရှိ တောင်သူများ အချိန်မီထွန်ယက်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ အခက်အခဲရှိသော တောင်သူများအနေဖြင့် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးဌာနမှူးရုံး ဖုန်း ၀၉ -၂၂၁ ၂၄၆၆ ၊ မြို့နယ်ဦးစီးဌာနမှူးရုံး ဖုန်း ၀၉ -၇၇၄ ၇၇၃ ၁၄၆ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

မင်းမင်းလတ်(ရုပ်ဗေဒ)



## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၂၂၇၉၁ | ၂၀၆ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၂၆ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၄၈၄၃

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၁၈ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၆၁ | ၅ |
| ၂ | ချင်း | ၉ | |
| ၃ | ပဲခူး | ၇ | ၁ |
| ၄ | စစ်ကိုင်း | ၇ | |
| ၅ | မန္တလေး | ၃ | |
| ၆ | ရှမ်း(ရှေ့) | ၃ | |
| ၇ | ရှမ်း(တောင်) | ၂ | |
| ၈ | နေပြည်တော် | ၂ | |
| ၉ | ရှမ်း(မြောက်) | ၂ | |
| ၁၀ | ကရင် | ၂ | |
| ၁၁ | ရခိုင် | ၂ | |
| ၁၂ | မကွေး | ၂ | |
| ၁၃ | ကချင် | ၁ | |
| ၁၄ | တနင်္သာရီ | ၁ | |
| ၁၅ | မွန် | ၁ | |
| ၁၆ | ဧရာဝတီ | ၁ | |
| | စုစုပေါင်း | ၂၀၆ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၈-၅-၂၀၂၀ ရက်၊ ည (၈) နာရီ

## COVID–19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

COVID–19 ရောဂါကို ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရန် မိမိတို့တစ်ဦးချင်းမှာ တာဝန်ရှိပြီး ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ စည်းကမ်းများကို လိုက်နာရန်လိုအပ်ပါသည်။

COVID–19 ကာလကြာမြင့်လာလေ ကျန်းမာရေးအတွက် စိုးရိမ်ရမှု၊ အလုပ်အကိုင်ပြဿနာ၊ ငွေရေးကြေးရေး အခက်အခဲ၊ မိသားစုနှင့် ခွဲခွာနေရခြင်း၊ ခွဲခြားဆက်ဆံခံရခြင်း၊ အပြစ်တင်ခံရမှုစသည့် စိတ်ဖိစီးမှုများ ပိုမိုမြင့်မား လာလေဖြစ်ပါသည်။

ပြည်သူများအနေဖြင့် စိတ်ဖိစီးမှုများကို ကျော်လွှားရန်ကြိုးစားနေချိန်တွင် ညွှန်ကြားချက်များ၊ စည်းကမ်းများကို လိုက်နာရခြင်းသည် စိတ်ဖိစီးမှုများကို ပိုမိုဖြစ်ပေါ်စေနိုင်သည်ဟု ယူဆခြင်းမပြုဘဲ ထိုချမှတ်သည့် ညွှန်ကြားချက်များ၊ စည်းကမ်းများကို အလေ့အထဖြစ်အောင် ကြိုးစားခြင်းသည် စိတ်ဖိစီးမှုများကို ခံနိုင်ရည်ရရှိလာစေမည့် အကောင်းဆုံး နည်းလမ်းဖြစ်ပြီး လူမှုစီးပွားအခက်အခဲများကိုလည်း ဆက်လက်ဖြေရှင်းနိုင်စွမ်းရှိလာမှာ ဖြစ်ကြောင်း အားပေးတိုက်တွန်းအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်**
**မြန်မာနိုင်ငံ ဆရာဝန်အသင်း(စိတ်ကျန်းမာပညာအဖွဲ့)**

## COVID–19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

COVID–19 ကာလမှာ မိမိတစ်ဦးတည်းသာမက လူတိုင်း စိတ်ဖိစီးမှုများခံစား နေကြရတယ်ဆိုတဲ့အချက်ကို သတိပြုမိရင် အခြားသူတွေအပေါ်မှာလည်း ကိုယ်ချင်းစာစိတ် ပိုမိုဖြစ်ပေါ်လာစေပါသည်။

ကိုယ်ချင်းစာစိတ်ဟာ လူတစ်ဦးနှင့် တစ်ဦးကြား၊ အမုန်းတရားပွားများမှုကို လျော့နည်းစေပါတယ်။ ပြဿနာရပ်များကို ကြိုးစားလက်ခံဖြေရှင်းနိုင်စွမ်းလည်း မြင့်မားစေပါသည်။

ဒီလိုနည်းနဲ့ စိတ်ဖိစီးမှုများကို လျှော့ချနိုင်ကာ ခံနိုင်ရည်ရပြီး တစ်ဦးချင်းစီက COVID–19 ကာလ၏ ဒုက္ခများကို ရင်ဆိုင်ဖြေရှင်းနိုင်တဲ့အဆင့်သို့ ရောက်ရှိအောင် ကြိုးစားသင့်ကြောင်း အသိပေးတိုက်တွန်းလိုပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်**
**မြန်မာနိုင်ငံ ဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)**

## ၂၈-၅-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၁၇၄၉၁၆၀ | ၄၉၀၂၅၆ | ၁၀၂၂၄၁ |
| ၂။ | ဘရာဇီး | ၄၁၄၆၆၁ | ၁၆၆၆၄၇ | ၂၅၆၉၇ |
| ၃။ | ရုရှား | ၃၇၉၀၅၁ | ၁၅၀၉၉၃ | ၄၁၄၂ |
| ၄။ | စပိန် | ၂၈၃၈၄၉ | ၁၉၆၉၅၈ | ၂၇၁၁၈ |
| ၅။ | ဗြိတိန် | ၂၆၇၂၄၀ | စိစစ်ဆဲ | ၃၇၄၆၀ |
| ၆။ | အီတလီ | ၂၃၁၁၃၉ | ၁၄၇၁၀၁ | ၃၃၀၇၂ |
| ၇။ | ပြင်သစ် | ၁၈၂၉၁၃ | ၆၆၅၈၄ | ၂၈၅၉၆ |
| ၈။ | ဂျာမနီ | ၁၈၁၈၉၅ | ၁၆၃၂၀၀ | ၈၅၃၃ |
| ၉။ | အိန္ဒိယ | ၁၆၀၃၁၀ | ၆၈၇၁၃ | ၄၅၆၀ |
| ၁၀။ | တူရကီ | ၁၅၉၇၉၇ | ၁၂၂၇၉၃ | ၄၄၃၁ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၈ - ၅ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| စင်ကာပူ | ၃၃၂၄၉ | ၁၇၂၇၆ | ၂၃ |
| အင်ဒိုနီးရှား | ၂၄၅၃၈ | ၆၂၄၀ | ၁၄၉၆ |
| ဖိလစ်ပိုင် | ၁၅၅၈၈ | ၃၅၉၈ | ၉၂၁ |
| မလေးရှား | ၇၆၂၉ | ၆၁၆၉ | ၁၁၅ |
| ထိုင်း | ၃၀၆၅ | ၂၉၄၅ | ၅၇ |
| ဗီယက်နမ် | ၃၂၇ | ၂၇၈ | ၀ |
| မြန်မာ | ၂၀၆ | ၁၂၆ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၂ |
| ကမ္ဘောဒီးယား | ၁၂၄ | ၁၂၂ | ၀ |
| လာအို | ၁၉ | ၁၆ | ၀ |

## ရွှေဘိုမြို့၌ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

ရွှေဘို မေ ၂၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုမရှိစေရေးအတွက် အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၈ နာရီတွင် ရွှေဘိုခရိုင် မီးသတ်စခန်းမှ ဒုတိယဦးစီးမှူး ဦးဖြိုးမင်းထွန်း ဦးဆောင်သော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များသည် ရွှေဘိုမြို့ အမှတ် (၂) တပ်မတော်ထောက်ပံ့နှင့် ပို့ဆောင်ရေးသင်တန်းကျောင်းမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေး ရွှေဘိုခရိုင်မှ အဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ရွှေဘိုမြို့နယ်ဆင်းကွတ် (အနောက်) ကျေးရွာ ရွှေဗိမာန် ဘုန်းကြီးကျောင်းရှိ သံဃာတော်များအား ကိုယ်အပူချိန်တိုင်းခြင်း၊ သွေးပေါင်ချိန်ခြင်း၊ နှာခေါင်းစည်း လှူဒါန်းခြင်း၊ ကျောင်းဝင်းအတွင်း ပိုးသတ်ဆေးဖျန်းခြင်းနှင့် ကျေးရွာအတွင်းရှိ ပြည်သူများနေအိမ်သို့ သွားရောက်၍ ပြည်သူများအား ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးခြင်း၊ တစ်အိမ်တက်ဆင်း ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်သည်။

ဆက်လက်၍ ညနေ ၄ နာရီတွင် ရွှေဘိုခရိုင် မီးသတ်စခန်းမှ ဒုတိယဦးစီးမှူး ဦးဖြိုးမင်းထွန်း ဦးဆောင်သော ခရိုင်၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင် ခြောက်ဦးတို့သည် ပိုးသတ်ဆေးဖျန်းရန် အမှန်တကယ်လိုအပ်နေသော ရွှေဘိုတက္ကသိုလ်ရှိ အသွားအလာကန့်သတ်ထားရှိရာ ကံ့ကော်ဆောင်နှင့် သရဖီဆောင်တို့တွင် အသွားအလာကန့်သတ်ထားရှိသူများ နေ့စဉ် ပုံမှန်စုဝေးအသုံးပြုနေသော ရေချိုးခန်းများနှင့် အိမ်သာများအပါအဝင် တံခါးလက်ကိုင်များ၊ လှေကားလက်ရန်းများ၊ အဆောင်ဘေးပတ်ဝန်းကျင် သတ်မှတ်ဧရိယာများနှင့် ရွှေဘိုမြို့ပေါ်ရှိ We Love Shwebo အဖွဲ့သားများ ခေတ္တရုံးဖွင့်ဆောင်ရွက်နေသော ဦးတင်ဝင်း (TWS) ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိုးသောက် (ရွှေဘို)

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ COVID-19 ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများဆောင်ရွက်

**နေပြည်တော် မေ ၂၈**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မေ ၂၃ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၅၀ ရှိ နေရာ ၁၀၀ နေရာများတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၈၇ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၄၄ ကီလိုဂရမ်၊ ရေ ၇၈၆၀ ဂါလန် သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မေ ၂၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်း COVID-19 ကာကွယ်ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။



မေ ၂၃ ရက်က မန္တလေးတိုင်းဒေသကြီး လွှတ်တော်အတွင်း COVID-19 ကာကွယ်ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။



မေ ၂၃ ရက်က မန္တလေးတိုင်းဒေသကြီး မြင်းခြံဒီဂရီကောလိပ်တွင် COVID-19 ကာကွယ်ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။



မေ ၂၃ ရက်က ရခိုင်ပြည်နယ် မောင်တောမြို့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတွင် COVID-19 ကာကွယ်ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။



မေ ၂၃ ရက်က ချင်းပြည်နယ် ဟားခါးမြို့ပေါ်ရပ်ကွက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းတွင် COVID-19 ကာကွယ်ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။



မေ ၂၃ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ TWS ကိုယ်ပိုင်အထက်တန်းကျောင်းတွင် COVID-19 ကာကွယ်ဆေးဖျန်းခြင်း ဆောင်ရွက်စဉ်။

# ထွန်ယက်ရန် အခက်အခဲရှိသည့်တောင်သူများအား စက်မှုလယ်ယာဦးစီးဌာနမှ ကူညီပေးမည်

**တောင်ငူ မေ ၂၈**



ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်းရှိ တောင်ငူ၊ ရေတာရှည်၊ အုတ်တွင်း၊ ထန်းတပင်၊ ဖြူး၊ ကျောက်ကြီး မြို့နယ်များအတွင်းရှိ မိုးစပါးစိုက်ပျိုးသည့်တောင်သူများအနေဖြင့် ထွန်ယက်ရန် အခက်အခဲများရှိပါက စက်မှုလယ်ယာဦးစီးဌာနများမှ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ကူညီဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ခရိုင်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးသိန်းလွင်ဦးက ပြောသည်။

ခရိုင်စက်မှု လယ်ယာဦးစီးဌာနအနေဖြင့် ထွန်စက်ကြီး ၄၈ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၁၀ စီး၊ ကောက်စိုက်စက် ငါးစီးတို့ဖြင့် နွေစပါး ၇၄၃၃ ဧက စိုက်ပျိုးရန် ထွက်ယက်ပေးခြင်း၊ စက်ဖြင့်စိုက်ပျိုးပေးခြင်းနှင့် နွေစပါး ၂၅၄ ကေကို ရိတ်သိမ်းခြင်းတို့ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း ၎င်းက ပြောသည်။

ထို့အပြင် တောင်ငူမြို့နယ်တွင် မဟာင်ကျေးရွာအုပ်စု၊ ရေတာရှည်မြို့နယ်တွင် ညောင်ပင်သာအုပ်စု၊ ခင်တန်းကြီးကျေးရွာ အုပ်စုများတွင် စက်မှုလယ်ယာ စနစ်ကျလယ်မြေ ၄၅၄ ဒသမ ၁၉ ဧကကို ဖော်ဆောင်ပေးနိုင်ခဲ့ပြီး ကောက်စိုက်စက်ဖြင့် ဆောင်ရွက်ရန် စီစဉ်ထားကြောင်း သိရသည်။

"မိုးစပါးစိုက်ဖို့ ထွန်ယက်မယ်လုပ်တော့ တောင်သူတွေ ထွန်ယက်လိုတဲ့ မြေကေကများပြီး စက်တွေကနည်းနေတော့ အခက်အခဲတွေ အများကြီးရှိနေတာ။ အခုလို စက်မှုလယ်ယာဦးစီးဌာနတွေက သတ်မှတ်ထားတဲ့ နှုန်းထားလေးနဲ့ ဝိုင်းဝန်းဆောင်ရွက်မယ်ဆိုရင် တောင်သူတွေအတွက် အများကြီး အကုန်အကျသက်သာသလို အဆင်လည်းပြေသွားတာပေါ့" ဟု အင်းကြွင်းကုန်းကျေးရွာနေ တောင်သူ ဦးမျိုးမြင့်က ပြောသည်။

ကိုဗစ် - ၁၉ ဖြစ်ပွားနေသောကာလအတွင်း တောင်သူများ အခက်အခဲများ ဖြစ်ပေါ်ခြင်း မရှိစေရန် သက်ဆိုင်ရာ မြို့နယ်အလိုက် စက်မှုလယ်ယာဦးစီးဌာနများတွင် ဆက်သွယ်အကူအညီတောင်းခံနိုင်ပြီး ဝန်ဆောင်မှုအနေဖြင့် တစ်ဧကလျှင် ကျပ် ၁၃၀၀၀ ကျသင့်မည်ဖြစ်ပြီး တောင်သူများအတွက် အဆင်ပြေသက်သာသော နှုန်းထားဖြင့် ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သိရသည်။

**သန်းလွင်**




## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မေ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

မေလ ၃၀ ရက်(စနေနေ့)တွင် ထုတ်ဝေမည့်ရွှေသွေးဂျာနယ်တွင် မိမိ၏ ပင်ကိုစွမ်းရည်ကို အသုံးချကာ သူတစ်ပါးအား အကူအညီပေးနိုင်ခဲ့သော ပိုးနံ့ကောင်အကြောင်းကို တင်ဆက်ထားသည့် "သူရဲကောင်း"မျက်နှာဖုံးကာတွန်း၊ အကြောင်းအရာတစ်ခုကို သေသေချာချာမသိဘဲ အမုန်းစကားများ မပြောမိစေရန် သတိပြုဆင်ခြင်ရမည်ဖြစ်ကြောင်း ရေးဖွဲ့ထားသည့် "အမုန်းစကားမပြောနဲ့"တစ်မျက်နှာကာတွန်း၊ ပုပုတို့သူငယ်ချင်းတစ်စု၏ တစ်နေ့တာအတွင်း ကုသိုလ်အမှုတို့ကို ဆောင်ရွက်ကာ အားငယ်သူအား အကူအညီပေးနိုင်ခဲ့ပုံအကြောင်းတင်ဆက်ထားသည့် "ကုသိုလ်လည်းရ ဝမ်းလည်းဝ"နှစ်မျက်နှာကာတွန်း၊ အသိုက်ဆောက်နေသော စာကလေးငှက်များအပေါ် ကရုဏာသက်ကာ ကူညီပေးခဲ့ပုံအကြောင်း ရေးသားထားသည့် ဝတ္ထုကဏ္ဍအပါအဝင်ရွှေသွေး အင်္ဂလိပ်စကားဝိုင်း၊ ကဗျာစုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများပါရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈ - ၅ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၄၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၂၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၁၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၂၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၄၉၀/၅၂၀ | ကျပ် | ၅၂၀/၅၄၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၀၀/၅၃၅ | ကျပ် | ၅၃၀/၅၅၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၁၀/၄၆၀ | ကျပ် | ၄၇၅/၄၉၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၄၀/၅၆၅ | ကျပ် | ၆၁၀/၆၂၅ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၀၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၄၅ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၉ . ၀၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၂၁ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၂ . ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၂၇ . ၂၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၆ . ၂၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၅၂၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၃၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၂ . ၃၅ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၀၇၇ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၁၀၀၀ | ၃၈၁၈ | ၄၀၂၉၅၅၀၀ |
| MTSH | ၃၈၀၀ | ၃၈၀၀ | ၁၀၀၆၃ | ၃၇၇၇၇၄၀၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၅၄ | ၄၃၇၄၀၀ |
| FPB | ၂၃၅၀၀ | ၂၃၀၀၀ | ၂၀၇ | ၄၈၁၄၅၀၀ |
| TMH | ၂၇၀၀ | ၂၇၅၀ | ၁၅၂၃ | ၄၂၆၃၅၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန်စာတည်း | - | ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# လာမည့်လအတွင်း အာဆင်နယ်အသင်းမှ ဒေးဗစ်လူးဝစ်ဇ် ထွက်ခွာဖွယ်ရှိ

ထက်အောင်

ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်း ဗဟိုခံစစ်ကစားသမား ဒေးဗစ်လူးဝစ်ဇ်သည် လာမည့်လအတွင်း အာဆင်နယ်အသင်းနှင့် လမ်းခွဲဖွယ်ရှိကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဘရာဇီးကစားသမား ဒေးဗစ်လူးဝစ်ဇ် (၃၃ နှစ်)သည် ၂၀၁၉ ခုနှစ် ဩဂုတ်လအတွင်း ချယ်လ်ဆီးအသင်းမှ အာဆင်နယ်အသင်းထံသို့ ပြောင်းရွှေ့ကြေး ပေါင် ၈ သန်းဖြင့် ပြောင်းရွှေ့လာသူ ဖြစ်သည်။ အာဆင်နယ်အသင်းနှင့် ခံစစ်ကစားသမား ဒေးဗစ်လူးဝစ်ဇ်တို့သည် နှစ်နှစ်သက်တမ်းရှိ စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်ဟု ယူဆမှုများရှိခဲ့သော်လည်း စာချုပ်သက်တမ်းမှာ ကနဦးချုပ်ဆိုမှုအရ တစ်နှစ်သာဖြစ်ပြီး အာဆင်နယ်အသင်းတာဝန်ရှိသူများအနေဖြင့် ဒေးဗစ်လူးဝစ်ဇ်အား အသင်းတွင် ဆက်ရှိစေရေးအတွက် စာချုပ်သက်တမ်းတိုးမြှင့်ရန် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိသောကြောင့် ဒေးဗစ်လူးဝစ်ဇ်သည် လာမည့်လအတွင်း အာဆင်နယ်အသင်းနှင့် လမ်းခွဲရဖွယ်ရှိနေခြင်းဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့ကူးစက်မှုများကြောင့် ရပ်ဆိုင်းထားရသည့် ယခုနှစ် အင်္ဂလန် ပရီမီယာလိဂ်ပြိုင်ပွဲပြီးဆုံးချိန်အထိ ပရီမီယာလိဂ်ကလပ်အသင်းများအနေဖြင့် လာမည့် ဇွန်လကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် ကစားသမားများအား အသင်းတွင် ဆက်လက်ထားရှိခွင့်ရှိသော်လည်း ပြိုင်ပွဲပြီးဆုံးချိန်အထိ စာချုပ်သက်တမ်းကာလ တိုးမြှင့်ရေးအတွက် ကစားသမားနှင့် ကလပ်အသင်းတို့ နှစ်ဦးနှစ်ဖက် သဘောတူညီမှုရရှိရန် လိုအပ်သည်ဟုဆိုသည်။

ဗဟိုခံစစ်ကစားသမား ဒေးဗစ်လူးဝစ်ဇ်သည် အာဆင်နယ်အသင်းထံမှ တစ်ပတ်လုပ်ခငွေ ပေါင် ၁၁၀၀၀၀ ရရှိနေသူဖြစ်ပြီး အာဆင်နယ်အသင်းအနေဖြင့် ဒေးဗစ်လူးဝစ်ဇ်အား စာချုပ်သက်တမ်း တစ်လတိုးမြှင့်မည်ဆိုပါက ပေါင် ၅၀၀၀၀၀ နီးပါး သုံးစွဲရမည်ဖြစ်သည်။ ဘင်ဖီကာအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့တွင် ပါဝင်ကစားခဲ့ဖူးသူ ခံစစ်မှူး ဒေးဗစ်လူးဝစ်ဇ်အနေဖြင့်မူ အာဆင်နယ်အသင်းတွင် ပျော်ရွှင်နေပြီး အာဆင်နယ်အသင်းတွင်သာ ဆက်နေသွားရန် လိုလားလျက်ရှိကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။ သို့သော်လည်း အာဆင်နယ်အသင်းသည် ဘဏ္ဍာရေးအကျပ်အတည်းများရှိနေခြင်းကြောင့် ယခုနှစ် ပရီမီယာလိဂ်ပြိုင်ပွဲ၏ လက်ကျန်ကာလများတွင် ဒေးဗစ်လူးဝစ်ဇ် ပါဝင်မှုမရှိစေတော့ဘဲ ရှေ့ဆက်ရန် ရည်ရွယ်ထားသည်ဟု ဆိုသည်။




အာဆင်နယ်အသင်းမန်နေဂျာ အာတီတာသည် အသင်းအား စတင်တာဝန်ယူပြီးချိန်မှစတင်ကာ အမှတ်ပေးပွဲတိုင်းတွင် ဒေးဗစ်လူးဝစ်ဇ်အား ပွဲထွက်ကစားသမားအဖြစ် အသုံးပြုနေခဲ့ပြီး ဒေးဗစ်လူးဝစ်ဇ်သည် ယခုနှစ်ဘောလုံးရာသီတွင် အာဆင်နယ်အသင်းအတွက် စုစုပေါင်း ၃၂ ပွဲ ပါဝင်ကစားထားကာ နှစ်ဂိုး သွင်းယူထားသူဖြစ်သည်။

# ဆန်ချိုအတွက် ဆန်းချက်ဇ်အား မန်ယူအသင်း အလိုက်ပေးကမ်းလှမ်းဖွယ်ရှိ

မန်ယူအသင်းတာဝန်ရှိသူများသည် ဂျာမနီကလပ် ဒေ့မွန်အသင်းမှ အင်္ဂလန်လူငယ်တောင်ပံကစားသမား ဂျာဒွန်ဆန်ချိုအား ခေါ်ယူရေး ကမ်းလှမ်းရာတွင် တိုက်စစ်ကစားသမား အလက်ဇီဆန်းချက်ဇ်အား အလိုက်ပေးကမ်းလှမ်းသွားရန် စဉ်းစားလျက်ရှိကြောင်း သတင်းများ ထွက်ပေါ်လာသည်။

မန်ယူအသင်းအနေဖြင့် လက်ရှိအချိန်တွင် ဒေ့မွန်အသင်းအတွက် ခြေစွမ်းပြကစားနေသူ ဆန်ချို (၂၀ နှစ်) အား ခေါ်ယူရန် အချိန်ယူကြိုးစားလျက်ရှိပြီး မန်ယူအသင်းနှင့် ဆန်ချို၏ ကိုယ်စားလှယ်များအကြားတွင် သဘောတူညီချက်များ ရရှိထားပြီဖြစ်ကြောင်း ပြီးခဲ့သည့် ဧပြီလအတွင်းက သတင်းများထွက်ပေါ်လာခဲ့သည်။ ဒေ့မွန်အသင်းတာဝန်ရှိသူများသည် တောင်ပံကစားသမား ဆန်ချို၏ ပြောင်းရွှေ့ကြေးအဖြစ် ပေါင်သန်း ၁၀၀ ရရှိရန် လိုလားနေသော်လည်း မန်ယူအသင်းအနေဖြင့် ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့ကူးစက်မှုများကြောင့် ဘဏ္ဍာရေးထိခိုက်မှုများရှိနေသည့်အတွက် ဒေ့မွန်အသင်း၏ တောင်းဆိုသည့် ပြောင်းရွှေ့ကြေးပမာဏအား ပေးချေနိုင်ရန် အခက်အခဲရှိဖွယ်ရှိနေသည်။ မန်ယူအသင်း အမှုဆောင်အရာရှိ အက်ဝုဒ်ဝက်ကလည်း ယခုနွေရာသီဈေးကွက်ကာလအတွင်း မန်ယူအသင်းအနေဖြင့် ယခင်ကနှင့် မတူညီသည့် ကွဲပြားခြားနားသော လုပ်ဆောင်မှုများ လုပ်ဆောင်ဖြစ်နိုင်သည်ဟု ပြောဆိုထားသည်။ မန်ယူအသင်းအနေဖြင့် တောင်ပံကစားသမား ဆန်ချိုအတွက် ပေးချေရမည့် ပြောင်းရွှေ့ကြေးပမာဏအား လျှော့ချနိုင်ရေးအတွက် ချီလီကစားသမား ဆန်းချက်ဇ်အား အလိုက်ပေးကမ်းလှမ်းသွားရန် စဉ်းစားနေခြင်းဖြစ်သည်ဟုဆိုသည်။

တိုက်စစ်ကစားသမား ဆန်းချက်ဇ် (၃၁ နှစ်) သည် ၂၀၁၈ ခုနှစ် ဇန်နဝါရီလဈေးကွက်အတွင်းတွင် အာဆင်နယ်မှ မန်ယူသို့ ပြောင်းရွှေ့လာပြီးနောက် မန်ယူအသင်းတွင် ခြေစွမ်းပြကစားနိုင်ရန် ရုန်းကန်နေခဲ့ရကာ ၂၀၁၉ ခုနှစ် ဩဂုတ်လအတွင်းတွင် မန်ယူအသင်းမှ အင်တာမီလန်အသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားနေသူဖြစ်သည်။

တိုက်စစ်ကစားသမား ဆန်းချက်ဇ်သည် အင်တာမီလန်အသင်းတွင် အမှတ်ပေးပွဲ ကိုးပွဲအပါအဝင် စုစုပေါင်း ၁၅ ပွဲသာ ပါဝင်ကစားထားရပြီး တစ်ဂိုး သွင်းယူထားသူဖြစ်သည်။






# ဗဟိုခံစစ်မှူး ကိုယူလီဘာလေကို ခေါ်ယူရန် လီဗာပူးအား ဒိုဆီနာ တိုက်တွန်း

ယခုနွေရာသီကစားသမား အပြောင်းအရွှေ့ဈေးကွက်တွင် နာပိုလီအသင်း ဗဟိုခံစစ်မှူး ကာလီဒိုယူကိုယူလီဘာလေအား ခေါ်ယူရန် လီဗာပူးအသင်းမန်နေဂျာ ဂျာဂျင်ကလော့အား အီတလီခံစစ်ကစားသမားဟောင်း အန်ဒရီဒိုဆီနာက တိုက်တွန်းပြောဆိုလိုက်သည်။

၂၀၁၇ ခုနှစ်အတွင်းတွင် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူခဲ့သူ ခံစစ်ကစားသမားဟောင်း ဒိုဆီနာ (၃၈ နှစ်)သည် ၂၀၀၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ လီဗာပူးအသင်းတွင် ပါဝင်ကစားခဲ့ကာ ၂၀၁၀ ပြည့်နှစ် မှ ၂၀၁၃ ခုနှစ်အထိ နာပိုလီအသင်းတွင် ပါဝင်ကစားခဲ့သူဖြစ်သည်။ နာပိုလီအသင်းတွင် ခြေစွမ်းပြကစားနိုင်မှုကြောင့် ပြင်သစ်နိုင်ငံဖွား ဆီနီဂေါ ကစားသမား ကိုယူလီဘာလေ (၂၈ နှစ်) သည် လီဗာပူး၊ မန်ယူ၊ ဘာစီလိုနာနှင့် ပီအက်စ်ဂျီ စသည့် ဥရောပကလပ်အသင်းကြီးများ၏ စိတ်ဝင်စားမှု ခံနေရသူဖြစ်သည်။ ခံစစ်မှူးဟောင်း ဒိုဆီနာက ကိုယူလီဘာလေအား ခေါ်ယူခြင်းသည် လီဗာပူးအသင်း လိုအပ်နေသည့် နောက်ဆုံးကွက်လပ်ကို ဖြည့်စွက်ခြင်းဖြစ်လာမည်ဟု ယုံကြည်ထားကြောင်း၊ နာပိုလီအသင်းအနေဖြင့် လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့်မရပါက ခံစစ်မှူး ကိုယူလီဘာလေအား လက်လွှတ်လိမ့်မည်ဟု ယူဆထားကြောင်း ပြောဆိုခဲ့သည်။

ရုပ်သံအစီအစဉ်တစ်ခုနှင့် တွေ့ဆုံရာတွင် ဒိုဆီနာက "နာပိုလီအသင်းဟာ စီးရီးအေပြိုင်ပွဲ အမှတ်ပေးဇယားရဲ့ အဆင့် ၄ နေရာက အတ္တလန္တာအသင်းထက် ရမှတ် ကိုးမှတ် လျော့နည်းနေမှုက သူတို့အတွက် လာမယ့်ဘောလုံးရာသီရဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ပါဝင်ခွင့်ရဖို့ ကြီးမားတဲ့ စိန်ခေါ်မှုပါ။ တကယ်လို့ နာပိုလီအသင်းအနေနဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ပါဝင်ခွင့်မရခဲ့ရင် ကစားသမားအချို့ကို ရောင်းချနိုင်ပါတယ်။ နာပိုလီအသင်း ကွင်းလယ်ကစားသမား ဖာဘီယန်ရုဇ်နဲ့ ကိုယူလီဘာလေတို့ဟာ နာပိုလီကစားသမားတွေအနက် တန်ဖိုးအမြင့်မားဆုံး ကစားသမားတွေပါ။ ဒီကစားသမားတွေကို နာပိုလီအသင်း လက်လွှတ်နိုင်ပါတယ်။ ရုပ်ပိုင်းဆိုင်ရာအရရော ကြံ့ခိုင်မှုအရပါ ကြည့်မယ်ဆိုရင် ကိုယူလီဘာလေဟာ ကမ္ဘာ့အကောင်းဆုံးဗဟိုခံစစ်မှူးတွေအနက်က တစ်ဦးလို့ ပြောရမှာပါ။ သူဟာ ပရီမီယာလိဂ်မှာလည်း ရပ်တည်ကျင်လည်နိုင်သူဖြစ်ပါတယ်"ဟု ပြောဆိုခဲ့သည်။

ထက်အောင်

# စက်မှုဇုန်ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

**အခန်း(၇)**

**စက်မှုဇုန်တည်ထောင်ခြင်း**

၁၃။ ဗဟိုကော်မတီသည် အောက်ပါအခြေခံရမည့်အချက်များကို မူတည်၍ သင့်လျော်သည့်ဒေသ သို့မဟုတ် နယ်မြေတွင် စက်မှုဇုန်တည်ထောင်ရန်အတွက် ဒေသဆိုင်ရာကော်မတီမှ အဆိုပြုတင်ပြချက်ကိုစိစစ်၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စက်မှုဇုန်အသစ်များတည်ထောင်ရန် ဆောင်ရွက်နိုင်သည်–

(က) ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွေးချယ်သတ်မှတ်သည့် နယ်မြေဖြစ်ခြင်း၊

(ခ) စက်မှုလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆောင်ရွက်ရန် လုံလောက်သော မြေနေရာရှိခြင်းနှင့် လိုအပ်သော အခြေခံအဆောက်အအုံ (Infrastructure) များပါဝင်သည့် စက်မှုဇုန်အကောင်အထည်ဖော်ရေး ပင်မစီမံကိန်း (Master Plan) ကို ဆောင်ရွက်နိုင်ခြင်း၊

(ဂ) ဆိပ်ကမ်း၊ လေယာဉ်ကွင်းကဲ့သို့ နိုင်ငံတကာထွက်ပေါက်ရှိခြင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာ နယ်စပ်ဆက်သွယ်ရေး လမ်းကြောင်း သို့မဟုတ် ပြည်တွင်းဈေးကွက်များကို အလွယ်တကူ သွားလာဆက်သွယ်နိုင်ခြင်း ၊

(ဃ) စက်မှုကုန်ကြမ်းများ၊ အရင်းအမြစ်များနှင့် အခြေခံထုတ်ကုန်များ ပြည့်စုံလုံလောက်စွာ ရရှိနိုင်ခြင်း၊

(င) ကျွမ်းကျင်အလုပ်သမားများ၊ကျွမ်းကျင်မှုအထိုက်အလျောက်ရှိသည့် အလုပ်သမားများနှင့် သင်ကြားလေ့ကျင့် ပျိုးထောင်ပေးနိုင်သော အလုပ်သမားများရရှိနိုင်ခြင်း။

၁၄။ ဒေသဆိုင်ရာကော်မတီသည်–

(က) ရင်းနှီးတည်ဆောက်သူကို တည်ဆဲဥပဒေများ၊ တင်ဒါလုပ်ထုံးလုပ်နည်းများနှင့် အညီ ရွေးချယ်ရမည်။

(ခ) ပုဒ်မခွဲ(က) အရ ရွေးချယ်ရာတွင် နိုင်ငံတော်နှင့်နိုင်ငံသားများအား အကျိုးရှိစေနိုင်မှု၊ စီမံကိန်းကို လျင်မြန်စွာအကောင်အထည်ဖော်နိုင်မှု၊ ပွင့်လင်းမြင်သာမှုနှင့် စက်မှုဇုန်လုပ်ငန်း အောင်မြင်စွာဆောင်ရွက်နိုင်စွမ်းရှိမှုတို့ကို အဓိကထည့်သွင်းစဉ်းစား၍ ဦးစားပေးရွေးချယ်နိုင်သည်။

၁၅။ စက်မှုဇုန်တည်ထောင်ရာတွင် အောက်ပါမြေအသုံးချမှုအင်္ဂါရပ်များနှင့် ရာခိုင်နှုန်း အချိုးအစားအတိုင်း ပါဝင်ရမည်–

(က) စက်မှုလုပ်ငန်းနယ်မြေ (Industrial Area) အတွက် ၆၀ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်း အထိ၊

(ခ) ကုန်သွယ်မှုနယ်မြေ (Commercial Area) အတွက် ၁ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိ၊

(ဂ) စက်မှုဇုန်ဝန်ဆောင်မှုနှင့် အထောက်အကူပြု အသုံးချနယ်မြေ (Public Utilities and Assistant Area) အတွက် ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်း အထိ၊

(ဃ) စိမ်းလန်းနယ်မြေ (Green Belt) အတွက် ၉ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ။

၁၆။ ဒေသဆိုင်ရာကော်မတီသည် စက်မှုဇုန်အရွယ်အစား၊ အမျိုးအစားနှင့် အဆင့်အတန်းသတ်မှတ်ခြင်းအား စက်မှုလုပ်ငန်းမူဝါဒနှင့် အညီ အဆိုပြု၍ ဗဟိုကော်မတီသို့ တင်ပြအတည်ပြုချက် ရယူရမည်။

**အခန်း(၈)**

**ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း**

၁၇။ ဒေသဆိုင်ရာကော်မတီသည် စက်မှုဇုန်ဖွံ့ဖြိုးရေးအတွက် နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့ငွေ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ ကူညီထောက်ပံ့ငွေ၊ ပုဒ်မ ၇ ပုဒ်မခွဲ (ည)နှင့် (ဋ) အရ ရရှိသည့် ရငွေများနှင့် အခြားရငွေများဖြင့် ရန်ပုံငွေ ထူထောင်ထားရှိရမည်။

၁၈။ ဒေသဆိုင်ရာကော်မတီသည် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းပြီး ယင်း၏လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

၁၉။ စီမံခန့်ခွဲရေးကော်မတီသည် ရင်းနှီးမြှုပ်နှံသူများ၏ အချိုးကျထည့်ဝင်ငွေများ၊ ဒဏ်ကြေးငွေများနှင့် အခြားရငွေများဖြင့် ရန်ပုံငွေထူထောင်ထားရှိရမည်။

၂၀။ စီမံခန့်ခွဲရေးကော်မတီသည် ပုဒ်မ ၁၀ ပုဒ်မခွဲ (ဏ) အရ ရန်ပုံငွေ ထိန်းသိမ်းရေးနှင့် သုံးစွဲရေး ဆပ်ကော်မတီများကို ဒေသဆိုင်ရာ ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းနိုင်သည်။

၂၁။ ဒေသဆိုင်ရာကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီတို့သည် မိမိတို့ ထူထောင်ထားရှိသည့် ရန်ပုံငွေစာရင်းများကို မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသော ပြင်ပစာရင်းစစ်၏ စာရင်းစစ်ဆေးမှု ခံယူရမည်။

၂၂။ စီမံခန့်ခွဲရေးကော်မတီ ရုံးအဖွဲ့၏ အုပ်ချုပ်ရေးမှုးနှင့် ဝန်ထမ်းများအတွက် လစာနှင့်စရိတ်များကို ရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

**အခန်း(၉)**

**ရင်းနှီးတည်ဆောက်သူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၂၃။ ရင်းနှီးတည်ဆောက်သူသည် –

(က) ရင်းနှီးတည်ဆောက်မှုလုပ်ငန်းများကို လုပ်ကိုင်ရာတွင် ရင်းနှီးတည်ထောင်မည့် အဆိုပြုချက်ကို ဒေသဆိုင်ရာ ကော်မတီမှ တစ်ဆင့် ဗဟိုကော်မတီ၏ အတည်ပြုချက်ရယူရမည်။

(ခ) ဒေသဆိုင်ရာကော်မတီနှင့် လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုပြီးနောက် ခွင့်ပြုထားသည့် သတ်မှတ်ချက်များနှင့် အညီ စက်မှုဇုန်လုပ်ငန်း အကောင်အထည်ဖော်ခြင်း၊ ရင်းနှီးမြှုပ်နှံသူများအား ထပ်ဆင့်မြေအငှားချထားခြင်း၊ အခြေခံအဆောက်အအုံ တည်ဆောက်ခြင်းတို့ကို ပြုလုပ်နိုင်သည်။

(ဂ) စက်မှုဇုန်မွမ်းမံထိန်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းများကို စီမံခန့်ခွဲရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် လုပ်ကိုင်နိုင်သည်။

(ဃ) သက်ဆိုင်ရာစက်မှုဇုန်အတွင်း တည်ဆောက်ရေးစီမံကိန်းတစ်ခုစီအတွက် အဆိုပြုကာလအတွင်း လုပ်ငန်းပြီးဆုံးအောင်ဆောင်ရွက်ရမည်။ ယင်းအဆိုပြုကာလအတွင်း တည်ဆောက်မှုလုပ်ငန်းပြီးစီးခြင်းမရှိပါက ခိုင်လုံသောအကြောင်းပြချက်ကို ဒေသဆိုင်ရာကော်မတီ၏ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမည်။ ခိုင်လုံသောအကြောင်းပြချက်မဟုတ်ကြောင်း စိစစ်တွေ့ရှိပါက စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ကိုင်ခွင့်ရုပ်သိမ်းခြင်းခံရမည်။

(င) စက်မှုဇုန်အတွင်းရှိ အခြေခံအဆောက်အအုံများကို မိမိကိုယ်တိုင်ဖြစ်စေ၊ အခြားအဖွဲ့အစည်းများအား လုပ်ငန်းအပ်နှံ၍ဖြစ်စေ ဆောင်ရွက်နိုင်သည်။

(စ) အခြေခံအဆောက်အအုံတစ်ခုနှင့် ဆက်စပ်ဝန်ဆောင်မှုအား စက်မှုဇုန်အတွင်းတွင်သာမက ပြင်ပသို့ပါ ဝန်ဆောင်မှုပေးမည်ဆိုပါက ယင်းပြင်ပဝန်ဆောင်မှုလုပ်ငန်းများအတွက် သက်ဆိုင်ရာအစိုးရဌာနများ၏ ခွင့်ပြုချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဆ) ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းရေးကိစ္စရပ်များအတွက် သက်ဆိုင်ရာဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဇ) မြေအသုံးချခွင့်နှင့် လုပ်ငန်းလုပ်ကိုင်ခွင့်တို့အတွက် ပေးရန်ရှိသည့် အဖိုးအခကိုဒေသဆိုင်ရာကော်မတီနှင့် သဘောတူချုပ်ဆိုထားသော လုပ်ငန်းသဘောတူစာချုပ်အရ တစ်လုံးတစ်ခဲတည်း ဖြစ်စေ၊ အရစ်ကျဖြစ်စေ ဒေသဆိုင်ရာကော်မတီသို့ ပေးသွင်းရမည်။

(ဈ) စက်မှုဇုန်အတွင်း အကောက်ခွန်ကြီးကြပ်မှု ကုန်လှောင်ရုံစနစ် (Bonded Warehouse System) ဆောင်ရွက်ခြင်းကိစ္စနှင့် စပ်လျဉ်း၍ အကောက်ခွန်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း(၁၀)**

**ရင်းနှီးမြှုပ်နှံသူ၏ တာဝန်များ**

၂၄။ ရင်းနှီးမြှုပ်နှံသူသည် စက်မှုဇုန်အတွင်း အောက်ပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို သတ်မှတ်ချက်များနှင့် အညီ လုပ်ကိုင်ခွင့်ရှိသည် –

(က) ကုန်ချောပစ္စည်း ထုတ်လုပ်ခြင်းလုပ်ငန်း၊ ဆက်စပ်ကုန်ပစ္စည်း အဆင့်ဆင့် ထုတ်လုပ် ခြင်းလုပ်ငန်း၊ ထုပ်ပိုးပစ္စည်း ထုတ်လုပ်ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်း လုပ်ငန်းများ၊

(ခ) ကုန်ကြမ်း၊ ကုန်ချောသယ်ယူပို့ဆောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ လမ်းထိန်းသိမ်းခြင်းနှင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ၊

(ဂ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် ဆက်စပ်သည့် အခြားဝန်ဆောင်မှု လုပ်ငန်းများ၊

(ဃ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းမှ ထုတ်လုပ်သည့် ပစ္စည်းများအား သတ်မှတ်ချက်နှင့်အညီ ပြည်တွင်း၊ ပြည်ပသို့ ကူးသန်းရောင်းဝယ်ခြင်း လုပ်ငန်းများ။

၂၅။ ရင်းနှီးမြှုပ်နှံသူသည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိရန် ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် အညီ စီမံခန့်ခွဲရေးကော်မတီမှတစ်ဆင့် ဒေသဆိုင်ရာ ကော်မတီသို့ လျှောက်ထားရမည်။

၂၆။ သက်ဆိုင်ရာစက်မှုဇုန်အတွင်း တည်ဆောက်ရေး စီမံကိန်းတစ်ခုစီအတွက် အဆိုပြုကာလအတွင်း လုပ်ငန်းပြီးဆုံးအောင်ဆောင်ရွက်ရမည်။ ယင်းအဆိုပြုကာလအတွင်း တည်ဆောက်မှုလုပ်ငန်းပြီးစီးခြင်းမရှိပါက ခိုင်လုံသောအကြောင်းပြချက်ကို စီမံခန့်ခွဲရေးကော်မတီ၏ သဘောထားမှတ်ချက်နှင့်အတူ ဒေသဆိုင်ရာကော်မတီသို့တင်ပြ၍ အဆုံးအဖြတ်ရယူရမည်။ ခိုင်လုံသောအကြောင်းပြချက်မဟုတ်ကြောင်း စိစစ်တွေ့ရှိပါက စည်းမျဉ်းစည်းကမ်းများနှင့် အညီ လုပ်ကိုင်ခွင့်ရုပ်သိမ်းခြင်း ခံရမည်။

၂၇။ ရင်းနှီးမြှုပ်နှံသူသည် –

(က) သက်ဆိုင်ရာဌာနများတွင် တည်ဆဲဥပဒေများနှင့်အညီ မှတ်ပုံတင်ရမည်။

(ခ) လုပ်ငန်းဆောင်ရွက်ခြင်းအား သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ၏ သတ်မှတ်ချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရမည်။

(ဂ) မိမိ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေကို စီမံခန့်ခွဲရေးကော်မတီသို့ သတ်မှတ်ချက်များနှင့် အညီ တင်ပြရမည်။

(ဃ) စက်မှုဇုန်အတွင်းရှိ ပျက်စီးယိုယွင်း၍ အများပြည်သူအား ဘေးအန္တရာယ်ဖြစ်စေသော ကုန်ကြမ်းပစ္စည်းများနှင့် စံချိန်စံညွှန်း မမီသော ထုတ်ကုန်ပစ္စည်းများကို သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

(င) ဝန်ထမ်းများခန့်ထားခြင်း၊ လစာနှင့် အချိန်ပိုလုပ်ခ၊ ခွင့်ရက်၊ အလုပ် ပိတ်ရက်၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကိစ္စရပ်များ အပါအဝင်အလုပ်သမားများ၏ အကျိုးခံစားခွင့်များရရှိရေးအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ ဆောင်ရွက်ရမည်။

၂၈။ ရင်းနှီးမြှုပ်နှံသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေပါ စံချိန်စံညွှန်းများကို လိုက်နာရမည့်အပြင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုမရှိစေရန် တည်ဆဲဥပဒေများနှင့် အညီ လိုက်နာ ဆောင်ရွက်ရမည်။

၂၉။ ရင်းနှီးမြှုပ်နှံသူသည် မိမိ၏လုပ်ငန်းကို စတင်ဆောင်ရွက်ခြင်း၊ ပိတ်သိမ်းခြင်း သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းပြုလုပ်လိုပါက သက်ဆိုင်ရာ ဌာနများနှင့် စီမံခန့်ခွဲရေးကော်မတီသို့ ကြိုတင်အကြောင်းကြား၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၃၀။ ရင်းနှီးမြှုပ်နှံသူသည် မိမိ၏ လုပ်ငန်း၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ အစုရှယ်ယာအားလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ လွှဲပြောင်းသည့်အခါ သက်ဆိုင်ရာဌာနများနှင့် စီမံခန့်ခွဲရေးကော်မတီအား အကြောင်းကြားပြီး တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၃၁။ ရင်းနှီးမြှုပ်နှံသူသည် ပြည်တွင်း၊ ပြည်ပဝန်ထမ်းများ ခန့်ထားမှုအခြေအနေအရပ်ရပ်အား စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရမည်။

**အခန်း(၁၁)**

**မြေအသုံးပြုခြင်း**

၃၂။ ဒေသဆိုင်ရာကော်မတီသည် စက်မှုမြေအား စက်မှုကုန်ထုတ်လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ရန် ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူအား သတ်မှတ်ထားသည့် မြေငှားရမ်းခများကို ပေးသွင်းစေပြီး နှစ် ၅၀ အထိခွင့်ပြုနိုင်သည်။ ယင်းသက်တမ်းကုန်ဆုံးပြီးနောက် ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူက ဆက်လက်လုပ်ကိုင်လိုလျှင် တစ်ဆက်တည်း ၁၀ နှစ်သက်တမ်း နှစ်ကြိမ်အထိ တိုးမြှင့်ပေးနိုင်သည်။

၃၃။ စက်မှုဇုန် သတ်မှတ်ကြေညာခြင်းမပြုမီ စက်မှုဇုန်တည်ထောင်ရန် လျာထားသော မြေပေါ်တွင် လူနေအိမ်ခြေများ၊ အဆောက်အဦများ၊ လယ်ယာဥယျာဉ်ခြံမြေများ၊ သီးပင်စားပင်များ၊ စိုက်ခင်းများ စသည်တို့ကို ပြောင်းရွှေ့ရှင်းလင်းပေးရန်ရှိပါက ၎င်းတို့ကို ပြောင်းရွှေ့နေရာချထားခြင်း၊ နစ်နာကြေးပေးခြင်းနှင့် လျော်ကြေးပေးခြင်းတို့ကို နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က တည်ဆဲဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးရမည်။

၃၄။ ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးတည်ဆောက်သူသည်–

(က) အသုံးပြုခွင့်ရရှိသောမြေကို သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ အသုံးပြုရမည်။

(ခ) စက်မှုဇုန်၊ တည်ထောင်ပြီးစက်မှုဇုန်အတွင်း မြေကွက်များအားရယူထားပြီး လုပ်ငန်းလုပ်ကိုင်ခြင်း မရှိသော မြေကွက်များကို စက်မှုဇုန်အဖြစ်သတ်မှတ်ကြေညာသည့်နေ့မှ ခြောက်လအတွင်း လုပ်ငန်းစီမံချက်နှင့် ပြီးစီးမည့်ကာလကိုတင်ပြ၍ ဒေသဆိုင်ရာကော်မတီ၏ အတည်ပြုချက် ရယူရမည်။ အတည်ပြုပြီးဖြစ်သည့် စီမံကိန်းသတ်မှတ်ကာလအတိုင်း ပြီးစီးအောင် လုပ်ကိုင်ခြင်းမရှိပါက သက်ဆိုင်ရာဒေသဆိုင်ရာကော်မတီက သတ်မှတ်သော မြေကာလတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းကို ဒဏ်ကြေးအဖြစ် သက်ဆိုင်သည့်ဒေသဆိုင်ရာကော်မတီသို့နှစ်စဉ်ပေးဆောင်ရမည်။ ဒဏ်ကြေးပေးဆောင်နိုင်ခြင်းမရှိပါက အဆိုပါမြေ အသုံးပြုခွင့် ပါမစ် သို့မဟုတ် ဂရန်ကို ပြန်လည်ရုပ်သိမ်းခြင်းခံရမည်။

(ဂ) အသုံးပြုခွင့်ရရှိသော မြေ၏သဘာဝမြေမျက်နှာသွင်ပြင် သို့မဟုတ် မြေအနိမ့်အမြင့် အနေအထားကို သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ သိသာထင်ရှားစွာ ပြုပြင်ပြောင်းလဲခြင်းမပြုရ။

(ဃ) လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုထားသည့်ကာလအတွင်း အခြားသူ သို့မဟုတ် အခြားအဖွဲ့အစည်းများသို့ မြေငှားရမ်းခြင်း၊ မြေအသုံးပြုခွင့်နှင့် အဆောက်အအုံများကို ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းပြုလုပ်လိုပါက သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီမှတစ်ဆင့် ဒေသဆိုင်ရာကော်မတီသို့တင်ပြပြီး သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၅။ အသုံးပြုခွင့်ရရှိသော မြေ၏ မြေပေါ်၊ မြေအောက်၌ ရင်းနှီးမြှုပ်နှံခွင့်ပြုသည့် လုပ်ငန်းနှင့် မသက်ဆိုင်သည့် မူလစာချုပ်တွင် မပါဝင်သော သဘာဝသယံဇာတတွင်းထွက်ပစ္စည်းကိုဖြစ်စေ၊ ရှေးဟောင်းဝတ္ထုပစ္စည်းကိုဖြစ်စေ၊ ရတနာသိုက်ကိုဖြစ်စေတွေ့ရှိလျှင် စီမံခန့်ခွဲရေးကော်မတီသို့ ချက်ချင်းအကြောင်း ကြားရမည်။ စီမံခန့်ခွဲရေးကော်မတီမှ နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့တင်ပြပြီး ခွင့်ပြုချက်ရလျှင် ယင်းမြေပေါ်၌ ဆက်လက်လုပ်ကိုင်နိုင်သည်။ ခွင့်ပြုချက်မရလျှင် ဒေသဆိုင်ရာကော်မတီက အစားထိုးစီစဉ်ပေးသည့်နေရာသို့ ပြောင်းရွှေ့ဆောင်ရွက်ရမည်။

၃၆။ မြေငှားရမ်းခများနှင့် မြေအသုံးပြုခများအား ဒေသတွင်းနိုင်ငံများရှိ စက်မှုဇုန်များနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော နှုန်းထားများကို ဒေသဆိုင်ရာကော်မတီမှ ဗဟိုကော်မတီသို့တင်ပြ၍ အတည်ပြုချက်ရယူရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

## မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# အောင်ဝမ်းကြည်အေးနှင့် ရုပ်ရှင်စကားဝိုင်း

### ဒါရိုက်တာကြည်စိုးထွန်း တွေ့ဆုံမေးမြန်းသည်

*မေ ၂၅ ရက်နေ့မှ အဆက်*

**အောင်ဝမ်းကြည်အေး ။ ။** ဆက်ပြီးတော့အဲဒီမှာ ဦးတင်နွယ်နဲ့ ဒေါ်မိမိကြီးတို့၊ မောင်လှမျိုးတို့၊ ဦးမြင့်စိုးတို့ အဖေကို သွားခေါ်တယ်။ သွားခေါ်စမ်းကွာ ဆိုတော့ အဘိုးကြီးက ရောက်လာတယ်။ စွပ်ကျယ်လက်ပြတ်လေးနဲ့ ရောက်လာတော့ ဒါငါ့တူတော်တယ်တဲ့၊ ငါ့မြေးတော်တယ်တဲ့၊ အဲဒီတော့ မင်းအလုပ်ခန့်ကွာဆိုတော့ ရတယ်အဖေကြီးတဲ့ ဆိုတော့ လခကိုးဆယ်နဲ့ ကျွန်တော်။

**ကြည်စိုးထွန်း ။ ။** ဩော် မနည်းဘူးပေါ့။

**အောင်ဝမ်းကြည်အေး ။ ။** နောက်ပြီး တော့ အောင်ဝမ်းက ထွက်ပြီး ဒါရိုက်တာဖြစ်တဲ့အထိလည်း ကိုးဆယ်ပဲ။

**ကြည်စိုးထွန်း ။ ။** ကိုးဆယ် မနည်းပါဘူး အဲဒီတုန်းက။

**အောင်ဝမ်းကြည်အေး ။ ။** မနည်းဘူး အရင်ခေတ်က၊ အဲဒီလို ခန့် ပြီး အောင်ဝမ်းရောက်သွားတာ။



အမည် - အောင်ဝမ်းကြည်အေး
၂၇-၅-၁၉၂၉ - ၁၉-၁၁-၂၀၀၀
အနုပညာအမည် - ဒါရိုက်တာ သန်းကျော်ငွေ
တာဝန်ယူခဲ့သော - ဂီတစာဆို၊ သရုပ်ဆောင်
အနုပညာလုပ်ငန်းများ - ဒါရိုက်တာ



အမည် - ဦးကြည်စိုးထွန်း
(၉. ၁၂. ၁၉၄၅ - )
အနုပညာအမည် - ကြည်စိုးထွန်း
တာဝန်ယူခဲ့သော - ရုပ်ရှင်ဇာတ်ညွှန်း/ဒါရိုက်တာ
အနုပညာလုပ်ငန်းများ - နာယကမြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

ကျက်ရတယ်။ ကျက်ပြီး သူ့ကိုပြန်ချပေးရတယ်။

**ကြည်စိုးထွန်း ။ ။** ဩော်… အဲဒီလို လုပ်ပေးရတာ။

**အောင်ဝမ်းကြည်အေး ။ ။** နောက် တော့ ကျွန်တော့်ကို မှတ်တမ်းလိုက်ရေးခိုင်းတယ်။

ပေါ်ကို စန္ဒရားတင်၊ နောက်က ဗုံ၊ တယောကလိုက်ထိုး၊ နောက်မိုက်ခရိုဖုန်းတစ်လုံး၊ ဆိုတာကတစ်လုံး။

**ကြည်စိုးထွန်း ။ ။** ကားရိုက်နေတုန်းမှာ တစ်ခါတည်း သွင်းရတာလား။

**အောင်ဝမ်းကြည်အေး ။ ။** ဟုတ်တယ်။ ကားရိုက် နေတုန်းမှာ

တော့၊ ဦးလေးက ဆိုမယ်ဆိုရင် ကျွန်တော်တို့ တီးဝိုင်းအဖွဲ့ကနေပြီးတော့ ထရော်လီကြီးနဲ့ တွန်းပြီးတော့ တိုက်ရိုက်ဆိုပဲ။

**အောင်ဝမ်းကြည်အေး ။ ။** တိုက်ရိုက်ဆိုတိုက်ရိုက်တီးပဲ၊ အသံလည်း အခုခေတ်လို ကီးမရလို့ ချိန်ပေးတာ မရှိဘူး။ ရေးလာတဲ့လူ အသံအတိုင်းပဲ။

သူရယ်၊ အောင်ဝမ်းခင်မောင်ရယ် အဲဒီလိုတီးရတယ်ဆိုတဲ့အကြောင်းလေး အင်မတန်စိတ်ဝင်စားစရာကောင်းတယ်။ အခု ဦးလေးပြောတော့ ကင်မရာနောက်ကို ဒီထရော်လီကြီးနဲ့ လိုက်နေရပြီ၊ အဲဒီမှာ တယောဆရာက။

**အောင်ဝမ်းကြည်အေး။ ။** တယောဆရာက နောက်က လိုက်တာ။

**ကြည်စိုးထွန်း ။ ။** တယောဆရာ ကတော့ ထရော်လီပေါ် မတက်ရဘူးလား။


**အောင်ဝမ်းကြည်အေး ။ ။** မတက်ရဘူး၊ သူကတော့ မတ်တတ်လျှောက်ရတာ ဘေးကနေပြီးတော့။

**ကြည်စိုးထွန်း ။ ။** ဩော်၊ ဦးလေးတို့က ဂစ်တာဆိုတော့။

**အောင်ဝမ်းကြည်အေး ။ ။** ကျွန်တော်ကတော့ ဂစ်တာ ဆိုတော့ ခုံလေးနဲ့ပေါ့၊ ထရော်လီပေါ်မှာ။ ဗုံသမားက



အောင်ဝမ်း မောင်လှမျိုး



ဦးမြင့်စိုး



အောင်ဝမ်းဦးတင်မောင်



မြင့်မြင့်ခင်



အောင်ဝမ်းခင်မောင်

**ကြည်စိုးထွန်း ။ ။** ရောက်သွားတဲ့အခါ ကျတော့ ဦးလေး အန္တော်ဝါသိက ဆရာအနေနဲ့ ဘယ်သူဖြစ်သွားလဲ။

**အောင်ဝမ်းကြည်အေး ။ ။** အန္တော်ဝါသိကဆရာ ဦးတင်မောင် ဖြစ်သွားတယ်။

**ကြည်စိုးထွန်း ။ ။** ဩော် အောင်ဝမ်း ဦးတင်မောင် ပေါ့နော်။

**အောင်ဝမ်းကြည်အေး ။ ။** ကျွန်တော် က ပထမ အဆိုလေး သဘောပေါက်တော့ သူလည်း အဆိုတော် မဟုတ်လား၊ ကျွန်တော့်ကို တပည့်အရင်းမွေးလိုက်ရော။ မွေးပြီးတော့ သူ့ကားထဲမှာ ပါတဲ့ သီချင်းတွေကို ကျွန်တော်က အရင်

**ကြည်စိုးထွန်း ။ ။** ဟုတ်ကဲ့။

**အောင်ဝမ်းကြည်အေး ။ ။** ကျွန်တော်က အဲဒီတုန်းက တလွဲ ထင်လိုက်မိတယ်။ ဟာ သူဌေးကြီးကကွာ တို့ကိုအလုပ်အားနေတာ မကြည့်ချင်လို့ လျှောက်ခိုင်းတယ် ထင်တယ်လို့။ အဲဒီတုန်းက ကျွန်တော်တို့က Dubbing မပေါ်သေးဘူး။

**ကြည်စိုးထွန်း ။ ။** Dubbing မပေါ်သေးဘူး၊ Single System ထင်တယ်။

**အောင်ဝမ်းကြည်အေး ။ ။** အသံသွင်းတယ်ဆိုရင် ထရော်လီ

တစ်ခါတည်းသွင်းရတာ၊ Playback မရိုက်ဘူး။

**ကြည်စိုးထွန်း ။ ။** Single System ဆိုတော့ အသံရော၊ အရုပ်ရော တစ်ခါတည်း။

**အောင်ဝမ်းကြည်အေး ။ ။** အသံရော၊ အရုပ်ရော တစ်ခါတည်းပြီးတာနဲ့ ဖြတ်ထည့်ရင်ရတယ်။

**ကြည်စိုးထွန်း ။ ။** အဲဒီတော့နောက်မှ ပိုးလို့မရဘူး။

**အောင်ဝမ်းကြည်အေး ။ ။** မရဘူး။

**ကြည်စိုးထွန်း ။ ။** မရတော့ တစ်ခါတည်း ဥပမာဆိုပါ

**ကြည်စိုးထွန်း ။ ။** အမှားမခံဘူး။

**အောင်ဝမ်းကြည်အေး ။ ။** အမှားမခံဘူး။မမှားလည်း မမှားကြဘူးဗျ။

**ကြည်စိုးထွန်း ။ ။** ဒါပေမယ့် ရီဟာဇယ် ကတော့ အများကြီးလုပ်ထားမှာပေါ့။

**အောင်ဝမ်းကြည်အေး ။ ။** လုပ်ရ တာပေါ့၊ တိုက်ရတာပေါ့။

**ကြည်စိုးထွန်း ။ ။** ကျွန်တော် ဒေါ်မြင့်မြင့်ခင် ဆီက ကြားဖူးတယ်။ ချစ်ဆိပ်ရည်သီချင်းကို

လည်း အဲဒီပေါ်မှာပဲ။

**ကြည်စိုးထွန်း ။ ။** ဒါကတော့ ထူးခြား တာပဲနော် ဦးလေး။ ဒါ Single System ဆိုတာကတော့ အသံထွက်အစပေါ့နော် ဦးလေး။

**အောင်ဝမ်းကြည်အေး ။ ။** ဟုတ်ပါတယ်။အဲဒီတော့ ဖရိန်တစ်ခုကို ၂၀ ကွက်ရှိတယ်။

**ကြည်စိုးထွန်း ။ ။** ဩော်၊ ၂၄ မဟုတ်ဘူးလား။

**အောင်ဝမ်းကြည်အေး ။ ။** ၂၀ ကွက်။

*စာမျက်နှာ ၂၃ သို့*



အောင်ဝမ်းအောင်သန်း



ဦးတင်မောင်



ဦးချင်းစိန်



မေသစ်



ဦးသုခ

*စာမျက်နှာ ၂၂ မှ*

**ကြည်စိုးထွန်း** ။ ။ သြော်၊ Advance လုပ်တာ၊ အသံနဲ့ အရုပ်နဲ့။

**အေဝမ်းကြည်အေး** ။ ။ ပရိုဂျက်တာ က အကွာအဝေး ကို တိုင်းတာ။

**ကြည်စိုးထွန်း** ။ ။ ဦးလေး ရယ်၊ ကျွန်တော် က တလောက ဘာသွားကြည့်ရလဲဆိုတော့ ချစ်သက်ဝေဆိုတဲ့ကား သွားကြည့်ရတယ်။

**အေဝမ်းကြည်အေး** ။ ။ သြော်၊ ချစ်သက်ဝေ၊ ကျွန်တော့် ဆရာ။

**ကြည်စိုးထွန်း** ။ ။ ချစ်သက်ဝေ မှာ ဦးလေးက ဒုတိယ မင်းသားလောက်ပါတာပဲ။

**အေဝမ်းကြည်အေး** ။ ။ တော်တော် များ တယ်။

**ကြည်စိုးထွန်း** ။ ။ တော်တော် များ တယ်နော် ဟိုဒင်းနဲ့။

**အေဝမ်းကြည်အေး** ။ ။ အောင်သန်း၊

**ကြည်စိုးထွန်း** ။ ။ ကိုအောင်သန်းခေါ် မှာ ပေါ့နော်၊ ဦးလေးရဲ့။

**အေဝမ်းကြည်အေး** ။ ။ ကျွန်တော့် တပည့်ပဲ။

**ကြည်စိုးထွန်း** ။ ။ သူကလည်း Script ရေးရတာ။

**အေဝမ်းကြည်အေး** ။ ။ သူက ဘာမှမဆိုတတ်၊ မတီးတတ်ဘူး။



ဒေါ်မေရှင်၊ ဦးတင်မောင်



သိန်းဇော်၊ မေလွင်



ဆရာ မြို့မငြိမ်း

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့၊ မှတ်တမ်း ရေးရတာလား။

**အေဝမ်းကြည်အေး** ။ ။ သြော်၊ နောက်မှ လိုက်ရေး တာ၊ ကျွန်တော်တို့ မရှိတော့မှ၊ နောက်တော့ ဒါရိုက်တာ အောင်သန်း ဖြစ်သွားတယ်။ အခုနက ကျွန်တော် ဆရာ့ကို တင်ပြထားတဲ့ မဥ္ဇူနဲ့သူက တွဲပြီးတော့ ဒါရိုက်တာဖြစ်တာ။

**ကြည်စိုးထွန်း** ။ ။ အဲဒီတော့ ဦးလေး ပထမဆုံး ရုပ်ရှင်မှာ စပြီးလုပ်ခဲ့ရတာ၊ မှတ်တမ်းဖြစ်စေ၊ နောက်ဂစ်တာဖြစ်စေ တီးရတဲ့ကားက ဘာကားလဲ။

**အေဝမ်းကြည်အေး** ။ ။ ချစ်မုန်းမာန်။

**ကြည်စိုးထွန်း** ။ ။ သြော်၊ ဦးတင်မောင်နဲ့။

**အေဝမ်းကြည်အေး** ။ ။ ဦးတင်မောင်၊ ဦးချင်းစိန်၊ မေသစ်၊ ဦးသုခ။

**ကြည်စိုးထွန်း** ။ ။ သြော်၊ ဦးသုခ ပါသေးတယ်။

**အေဝမ်းကြည်အေး** ။ ။ ဆရာဦးတင်မောင်ရဲ့ တပည့်အရင်း။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ဟုတ်ကဲ့၊ ဟုတ်ပါတယ်။ ဦးသုခက အဲဒီမှာ။

**အေဝမ်းကြည်အေး** ။ ။ ဦးသုခက လည်း musician၊ အဆိုတော်လည်း လုပ်ခဲ့တာကိုး။ ခုနက ပြောသလို သူသီချင်းဆိုတော့မယ်ဆိုရင် ဘာလေးနဲ့ ဆိုချင်တယ် မောင်ကြည်အေးရယ်၊ လုပ်ပါဆိုတာပဲ။ အဲဒီသီချင်းတွေ ကျွန်တော်တို့ သွင်းရအောင်နော်။ သီချင်းအဟောင်းတွေပေါ့နော်။ သမန်းကျားကိုမြင့်တို့ဆီ သွားပြီးတော့ပေါ့။ ဘာပဲဖြစ်ဖြစ် ရတဲ့သူက သိပ်နည်းသွားပြီ။ နောက်ပြီးတော့ တချို့ပေါ့လေ၊ ကျွန်တော်တို့ သက်ရှယ်တန်းတွေကတော့ ကြားဖူးနားဝပဲရှိတယ်။ ဂီတသမားမဟုတ်တော့လည်း ရမ်းသမ်းဆိုနေတော့ ခုနက ဦးလေးက ရှေ့ကဆို ကျွန်တော်က နောက်ကနေ ဟင်းဟင်းနဲ့ အဲဒီလိုပေါ့၊ ယောင်ဝါး ဆိုရတာပေါ့နော်။ အဲဒါက ချစ်မုန်းမာန်ကားထဲမှာ။ နောက် အဲဒီချစ်မုန်းမာန်က ပြန်ရိုက်သေးတယ်။

**အေဝမ်းကြည်အေး** ။ ။ ရိုက်တယ်၊ ဘယ်သူလဲ မသိဘူးဗျ။ မောင်လှမျိုးလား မသိဘူး ရိုက်တယ်။

**ကြည်စိုးထွန်း** ။ ။ ကောလိပ်ဂျင်နေဝင်းရယ်၊ ခင်သန်း ဦးချင်းစိန်ရော ပါတယ်ထင်တယ်။

**အေဝမ်းကြည်အေး** ။ ။ ဟုတ်တယ်၊ဦးချင်းစိန်က အဲဒီထဲမှာ အရူးကြီးလုပ်တာ။ ဦးမြင့်စိုးဇာတ်။

**ကြည်စိုးထွန်း** ။ ။ ဦးမြင့်စိုး (ဘီအေ)၊ ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ဒဂုန်မြင့်စိုးပေါ့။ အဲဒီကစပြီးတော့ ဦးလေးက အဲဒီထဲမှာ ဂစ်တာတီးရတာ။

**အေဝမ်းကြည်အေး** ။ ။ အဲဒီ ကျတော့ ကျွန်တော် တီးနေပြီ။

**ကြည်စိုးထွန်း** ။ ။ သီချင်းရော စပ်သေးလား။

**အေဝမ်းကြည်အေး** ။ ။ သီချင်းက ကျွန်တော်၊ ဒီလိုဆရာရဲ့။ ဆရာ့ကို မျိုးဇော်အောင်စာအုပ်ကလေး ပေးလားမသိဘူး။

**အေဝမ်းကြည်အေး** ။ ။ ဟုတ်တယ်၊ အခု ဒေါ်မေလွင်ရယ်၊ သူ့သမီးလေးရယ် နေတယ်။

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ဟုတ်ကဲ့။

**အေဝမ်းကြည်အေး** ။ ။ အဲဒီမှာ မှတ်ရတယ်။ မှတ်ပြီးတော့မှ အဲဒါကို ပြန်ပြီးတော့လုပ်တော့ သီချင်းတစ်ပိုဒ်ပြီးသွားပြီး။ ပြီးပြီးတော့ ဆရာမန္တလေး ပြန်သွားပြီးတော့ လေယာဉ်ပျံကွင်းလမ်းမှာ ကားကြိတ်ခံလိုက်တာ။

**ကြည်စိုးထွန်း** ။ ။ သြော်၊ ဟုတ်ကဲ့ ဟုတ်ကဲ့။

**အေဝမ်းကြည်အေး** ။ ။ ဒီမှာ ကတည်းက ပြောပြောနေတယ်၊ ဆရာက ငါ့ခေါင်းကြီး မကောင်းဘူးကွတဲ့၊ သေသွားချင်တယ်တဲ့။

**ကြည်စိုးထွန်း** ။ ။ သြော်၊ ဖြစ်မှဖြစ်ရလေ။

**အေဝမ်းကြည်အေး** ။ ။ ကားကြိတ်ခံလိုက်တော့ ပွဲချင်းပြီးပဲ။

**ကြည်စိုးထွန်း** ။ ။ ဦးလေးနဲ့ ဆရာမြို့မငြိမ်းက လက်ပွန်းတတီး နေလိုက်ရသေးတာပေါ့။

**အေဝမ်းကြည်အေး** ။ ။ ကျွန်တော် တစ်လလောက် နေခဲ့ရတယ်။

**ကြည်စိုးထွန်း** ။ ။ ကျေးဇူးအများကြီး ကြီးတာပဲ။

**အေဝမ်းကြည်အေး** ။ ။ ဟာ၊ ကျွန်တော့် ဆရာ၊ ဆရာကောင်းတွေအများကြီး တွေ့ပါတယ်။

**ကြည်စိုးထွန်း** ။ ။ အဲဒါလည်း ကျွန်တော်က တစ်ချက် ဂစ်တာလေးနဲ့ ကျွန်တော်က လိုက်တီးပေးရတယ်။ ဒါရိုက်တိုး...။



ဦးညီပု

**ကြည်စိုးထွန်း** ။ ။ ဟုတ်ကဲ့ ဟုတ်ကဲ့။

**အေဝမ်းကြည်အေး** ။ ။ ချစ်မုန်းမာန်ထဲမှာ ဆို မေသစ်ဆိုတဲ့၊

**ကြည်+အေဝမ်း** ။ ။ "ချစ်ပင်ပျိုး လို့ ချစ်မိုးတွေ ဆွေဆွေ၊ ချစ်ရေစင် ပက်ကာဖျန်း၊ ချစ်ပန်းပွင့်ကာနေ၊ မေတ္တာတွေ အသချာအသေချာ ဘယ်လိုပြောင်းသော်လည်း မမုန်းနိုင်ဘူး ချစ်သူရေ..."

**ကြည်စိုးထွန်း** ။ ။ ဟား ဟား ဟား ၊ ဦးလေး ရသေးနုရယ်။




စိန်ဗေဒါ

**အေဝမ်းကြည်အေး** ။ ။ ဒါပေမယ့် ဟိုကားက အောင်မြင်တယ်။

**ကြည်စိုးထွန်း** ။ ။ အဲဒီတုန်းက ပုံတွေ တွေ့ဖူးသေးတယ်၊ မေသစ်က နှစ်ကိုယ်ခွဲထင်တယ်။ အမေဘဝရော ပါတယ်ထင်တယ်။

**အေဝမ်းကြည်အေး** ။ ။ မဟုတ်ဘူး တစ်ကိုယ်တည်းပဲ။

**ကြည်စိုးထွန်း** ။ ။ အဲ တစ်ကိုယ်တည်း ဆိုလည်း အသက်ကြီးတဲ့အခန်းပါတယ် ထင်တယ်။



ဝိုင်အမ်ဘီ ဆရာတင်

**ကြည်စိုးထွန်း** ။ ။ ပေးပါတယ် ခင်ဗျ။

**အေဝမ်းကြည်အေး** ။ ။ ဆရာမြို့မငြိမ်းကို အေဝမ်း၊ ချစ်ပန်းဝေ ရိုက်ဖို့၊ ဦးညီပုက ဒါရိုက်တာ၊ ဦးတင်မောင် မင်းသား၊ ဒေါ်မေရှင် မင်းသမီး။

**အေဝမ်းကြည်အေး** ။ ။ ချစ်ပန်းဝေ ရိုက်ဖို့ဆိုပြီး ညစျေးတန်းတွေ ဘာတွေ တစ်ခန်းတောင် ရိုက်ပြီးသွားပြီ။ သူတို့က ညစျေးတန်းဆက်တင်နဲ့ ဆင်လိုက်တာပဲ။ ရိုက်ပြီးသွားပြီးတော့ ဆရာမြို့မငြိမ်းကို ခေါ်လာတာ။ ဆရာက အဲဒီတုန်းက ခေါင်းသိပ်မကောင်းတော့ဘူး။ အေဝမ်း Press က စက္ကူဖြတ်စ၊ ဒီလောက်ကလေးတွေ (တစ်လက်မခန့်ပြ) အဲဒါ ခါးမှာထိုး၊ ခါးမှာ လျှောက်ချိတ်၊ ချိတ်ပြီးတော့မှ စိတ်ကူးရေး၊ ကျွန်တော်က မယ်ဒလင်လေးနဲ့ မှတ်ရတယ်။ ဆရာနဲ့ အတူတူပဲ၊ ဆရာက အခုကိုသိန်းဇော်တို့၊ မေလွင်တို့နေတဲ့အိမ်မှာ ဆရာကနေတာ။

**ကြည်စိုးထွန်း** ။ ။ ဟို စေတီလေးနဲ့ အိမ်လား။

**အေဝမ်းကြည်အေး** ။ ။ ဟုတ်တယ် ဟုတ်တယ်၊ အဲဒီမှာနေတာ။

**ကြည်စိုးထွန်း** ။ ။ သြော်၊ ဟုတ်ပြီ၊ ဒေါ်မေလွင်နေတဲ့ အိမ်လေးထင်တယ်။



ဦးဘရှင်

ဂုဏ်ပြုချင်တာပေါ့။ ဘာဂုဏ်ပြုချင်လဲဆိုတော့ အေဝမ်းက ပုဂ္ဂိုလ်ကြီးများပေါ့လေ။ အေဝမ်းက ပုဂ္ဂိုလ်ကြီးများ ဆိုတဲ့နေရာမှာ ဦးတင်နွယ်တို့၊ ဦးဘညွန့်က စပြီးတော့ပေါ့။ ဒီပုဂ္ဂိုလ်ကြီးများကနေပြီးတော့ ဂီတသမားတွေကို ထိုက်ထိုက်တန်တန် နေရာပေးခဲ့တယ် ဦးလေးရဲ့။

**အေဝမ်းကြည်အေး** ။ ။ ပညာပေးတယ်၊ နေရာလည်း ပေးတယ်။

**ကြည်စိုးထွန်း** ။ ။ သူတို့ရဲ့ ကားတစ်ကားမှာ ဆိုရင် စိန်ဗေဒါကြီးတောင်ခေါ်တီးတာ ကျွန်တော်ကြားဖူးတယ်။ ဆရာမြို့မငြိမ်းဆိုရင်လည်း နေကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ သူတို့က တန်ဖိုးထားရမှန်း သိတယ်။ နောက်တစ်ခါ ဝိုင်အမ်ဘီဆရာတင်၊ ဝိုင်အမ်ဘီဆရာတင်လည်း သူတို့ခေါ်ပြီးတော့ ထိုက်ထိုက်တန်တန်ပေါ့လေ။ ချီးမြှင့်ပြီးတော့ သီချင်းတွေဘာတွေ ရေးခိုင်းတာ ကျွန်တော်ကြားဖူးတာပေါ့။

**အေဝမ်းကြည်အေး** ။ ။ ဟုတ်ပါတယ်။ ရဲတံခွန်တို့ ဘာတို့ ဆိုရင် ဦးဘရှင်ကြီးရိုက်တဲ့ ရဲတံခွန်၊ ကိုကျော်ဆွေ၊ မေမြ။




ရဲတံခွန်



ကျော်ဆွေ၊ မေမြ

*(ဆက်လက်ဖော်ပြပါမည်)*

# ရေသုံးစွဲမှုကို လျှော့ချချွေတာနိုင်မည့် စပါးစိုက်ပျိုးနည်း

ကမ္ဘာနှင့်အဝန်း ရာသီဥတုသည် ပြောင်းလဲလျက်ရှိသည်။ ယင်းပြောင်းလဲလျက်ရှိသော ရာသီဥတုနှင့် အညီ လူတို့၏ နေထိုင်ပြုမူမှုများသည်လည်း အတူလိုက်ပါပြောင်းလဲရန် လိုအပ်လျက်ရှိပါသည်။ ပြောင်းလဲစိုက်ပျိုးနိုင်သည့် စိုက်ပျိုးရေးနည်းများအနက် ရေသုံးစွဲမှုကို လျှော့ချချွေတာနိုင်မည့် အောက်ပါစပါးစိုက်ပျိုးနည်းတစ်ခုကို အများပြည်သူသိရှိနိုင်ရန် တင်ပြအပ်ပါသည်။

**System of Rice Intensification (SRI) နည်းဖြင့် စပါးစိုက်ပျိုးခြင်း**

SRI စိုက်ပျိုးနည်းစနစ်သည် ၂၀၀၀ ခုနှစ်နောက်ပိုင်း နိုင်ငံတကာတွင် အသုံးပြုမှု ပိုမိုများပြားလာသည်။ ယင်းစိုက်ပျိုးနည်းကို Fr. Henri de Laulanie ၏ ကြိုးပမ်းအားထုတ်မှုဖြင့် ၁၉၈၃ခုနှစ်တွင် Madagascar ၌ စတင်ခဲ့သည်။ တောင်သူလယ်သမားများ၏ ဆင်းရဲမှုကိုလျော့ကျနိုင်ရန်အတွက် သူ့ဘဝ၏ ၃၄ နှစ်တာအချိန်ကာလကို ကုန်ဆုံးစေခဲ့သည့် လေးစားဖွယ်ပညာရှင်တစ်ဦးဖြစ်ပါသည်။

## SRI စိုက်ပျိုးနည်း



SRI စိုက်ပျိုးနည်းဟူသည် စပါးစိုက်ပျိုးရာတွင် အပင်၊ မြေဩဇာ၊ ရေနှင့် အာဟာရဆိုင်ရာကိစ္စရပ်များကိုစီမံရန်အတွက် လိုအပ်သောအယူအဆများနှင့် လက်တွေ့လုပ်ဆောင်မှုများ၏ အရည်အသွေးတို့ကို တိုးတက်စေရန် ဆောင်ရွက်ထားသည့် စိုက်ပျိုးနည်းတစ်ခုဖြစ်သည်။

မည်သည့် စပါးမျိုးကိုမဆို SRI နည်းဖြင့် စိုက်ပျိုးနိုင်သည်။ သို့ဖြစ်၍ မိမိဒေသနှင့် ကိုက်ညီသော စပါးမျိုးကို SRI နည်းဖြင့် စိုက်ပျိုးနိုင်မည်ဖြစ်ပါသည်။ ဤနည်းသည် ကျန်းမာသန်စွမ်းသောအပင်များ ဖြစ်ပေါ်စေသည့်အတွက် စပါးအထွက်နှုန်းကို ကောင်းမွန်စေသည်။ ဤနည်းသည် မြေ၊ အရင်းအနှီး၊ လုပ်အားနှင့် ရေတို့ အကန့်အသတ်ရှိသူများအတွက် အကျိုးအမြတ်အများဆုံး ရရှိစေနိုင်သည့် နည်းလမ်းတစ်ခု ဖြစ်သည်။

**SRI စိုက်ပျိုးနည်း၏ အထွက်နှုန်းတိုးစေသည့်အကြောင်းများ**

၁။ ကြဲကြဲစိုက်ခြင်း။
၂။ အပင်ငယ်စဉ်တွင် ရွှေ့ပြောင်းခြင်း။
၃။ ပေါင်းများကို မြေကြီးအတွင်းသို့ထည့်သွင်းခြင်း။
၄။ အစေ့နည်းနည်းသုံးခြင်း။
၅။ ရေကိုလိုအပ်သလောက်သာအသုံးပြုခြင်း။
၆။ အော်ဂဲနစ်မြေဆွေးများအသုံးပြုခြင်း။

**စိုက်ပျိုးရန်သင့်တော်သောမြေ**

ဆားမပေါက်သောမြေ၊ မြေမျက်နှာပြင်ညီညာပြီး ရေသွင်းရေထုတ် လွယ်ကူသောမြေနှင့် မြေဩဇာပြည့်ဝသော မြေတို့သည် စိုက်ပျိုးရန်သင့်လျော်သောမြေများ ဖြစ်သည်။

**လယ်ယာမြေကို မြေဩဇာပြည့်ဝသောမြေဖြစ်ရန် ဆောင်ရွက်နိုင်သည့်နည်းများ**

(က) နုန်းမြေထည့်သွင်းခြင်း။
( ခ ) မြေဆွေးထည့်သွင်းခြင်း။
( ဂ ) သစ်စိမ်းမြေဆွေးပေးသော သီးနှံများစိုက်ပျိုးခြင်း။
ပဲမျိုးရင်းဝင် သီးနှံများ၊ ညန်ပင်၊ ပိုက်ဆံလျှော်၊ မဲဇလီ၊ ဘောစကိုင်း၊ ဒန့်ကျွဲ၊ ကုက္ကိုသီးနှံမျိုးစေ့များကြဲပက်စိုက်ပျိုး၍ ၃၀ မှ ၄၅ ရက်သားအချိန်တွင် ထယ်ထိုး မြေမြှုပ်ပေးရန်ဖြစ်သည်။
(ဃ) အိမ်မွေးတိရစ္ဆာန်များလွှတ်ကျောင်းခြင်း။

အထက်ပါနည်း (၄)နည်းအနက် အနည်းဆုံး(၂)နည်းကို နှစ်စဉ်ဆောင်ရွက်သင့်သည်။

**ဖျာပုံသဏ္ဍာန်ပျိုးထောင်နည်း**

ပျိုးခင်းမြေပြင်ခြင်း၊ ပျိုးနုတ်ခြင်း စသည့်ကုန်ကျစရိတ်များကို လျှော့ချနိုင်ရုံသာမက မျိုးစေ့သုံးစွဲမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်ပါသည်။

**မျိုးညှောင့်ဖောက်ခြင်း**

- လယ်တစ်ဧကအတွက် ပျိုးထောင်ရန် စပါးနို့ဆီဘူး ၁၀-၁၂ လုံးခန့်သာ လိုပါမည်။
- ပျိုးထောင်ရန်အတွက် စပါးစေ့များကို (၁၂)နာရီကြာရေစိမ်ပါ။
- ရေပေါ်ပေါ်သောမျိုးစေ့များကို ဖယ်ရှားပါ။
- ယင်းနောက် (၂၄)နာရီကြာဖုံးအုပ်ပါ။
(စပါးမျိုးအလိုက် အချိန်အပြောင်းအလဲရှိပါသည်။)

ပျိုးခင်းအတွက် ကြဲပက်ရန်အသင့်ဖြစ်နေသော မျိုးညှောင့်ဖောက်ပြီး စပါးစပ်ပြူ မျိုးစေ့များကို ရရှိပြီဖြစ်ပါသည်။

**ပျိုးခင်းမြေပြင်ရန်အတွက် လိုအပ်သောပစ္စည်းများ**

**(က) မြေ**
နုန်းမြေ(သို့)လယ်မြေနှင့် နွားချေး (သို့)မြေဆွေးတို့ကို(၇:၂)အတိုင်း ရောစပ် ပြီး သမအောင်နယ်ထားသောမြေ

**( ခ ) အောက်ခံအခင်း**
အောက်ခံအခင်းအဖြစ် ပလတ်စတစ်အခင်း(သို့) ဘိလပ်မြေအိတ်နှင့် မြေဩဇာအိတ်စသည့် အိတ်ခွံများ(သို့) ငှက်ပျောရွက်စသည့်သစ်ရွက်များ

**(ဂ) သစ်သားပေါင်**
(၂)ပေx(၁) ပေ အကွက်ငယ်များပါသည့် သစ်သားပေါင်ဖြစ်သည်။ ယင်းသစ်သားပေါင်ကို (၂-၁) (၂)လက်မ x (၁)လက်မ သစ်သားဖြင့်ပြုလုပ်သည်။ မြေကြီးအား (၂)ပေ x (၁)ပေ ပုံစံ အတုံးများပြုလုပ်ရန်ဖြစ်သည်။

(ဃ) နွားကျင်ငယ်ရေ (၁) လီတာ၊ (ခ) နွားချေး(၁)ကီလိုဂရမ် (သို့) (၆၀) ကျပ်သားခန့်၊ (ဂ) ထန်းလျက်(၂၅၀)ဂရမ် (သို့) (၁၅-၂၅) ကျပ်သား ၊ (ဃ) ရေ(၁၀) လီတာ

**ပြင်ဆင်အသုံးပြုပုံ**

အထက်ပါပစ္စည်းများကို ပလတ်စတစ်ပုံး(သို့) မြေအိုးတစ်လုံးတွင် ထည့်သွင်းရောစပ်ပြီး (၂၄)နာရီ အချဉ်ဖောက်ပါ။ ရရှိသော ဖျော်ရည်နှင့်ရေကို (၁:၁၀) အတိုင်းရောစပ်ပြီး ဆေးဖျန်းပုံးအတွင်း အဝတ်သန့်သန့်တစ်ခုဖြင့် စစ်ထည့်ကာ အသုံးပြုရန်ဖြစ်သည်။ ဖျော်ရည်ကို ရက်ပေါင်း(၃၀)ထိထားရှိနိုင်သည်။ နေ့စဉ်မွှေရန် လိုအပ်ပါသည်။

**ပျိုးထောင်ခြင်း**

- ပလတ်စတစ်အခင်းပေါ်ရှိသစ်သားပေါင်အတွင်းသို့ရောစပ်ထားသော မြေကို ထည့်ပါ**(ပုံ-၁)**။
- အကွက်ငယ်(၁၆)ကွက်အတွင်း နို့ဆီဘူး(၂)လုံးကို အသုံးပြု၍ ပျိုးကြဲရန်ဖြစ်သည်။ ယင်းနို့ဆီဘူး(၂)လုံးကို ဘူးဝက်စီ အညီအမျှ(၄)ပုံ ပုံပါ **(ပုံ-၂)**။
- ဘူးဝက်တစ်ခုစီအား အကွက်(၄)ခုအတွက် ကြဲပက်ရန်ဖြစ်သည်။ မျက်နှာပြင်ကို ညီညာစေပြီး အညှောက်ဖောက်ထားသော မျိုးစေ့များကို ကြဲပက်ပါ**(ပုံ၃-၄)**။
- ကြဲပက်အပြီး မြေကြီးဖြင့် ခပ်ပါးပါးဖုံးအုပ်ပေးပြီး သင့်လျော်သော အစိုဓာတ်ရရှိစေရန် ရေပန်းကရားဖြင့် ရေလောင်းပေးပါ**(ပုံ-၅)**။
- ယင်းနောက်သစ်သားပေါင်ကိုဖယ်လိုက်လျှင် ပျိုးခင်းတစ်ခုကိုရပြီဖြစ်သည်**(ပုံ-၆)**။
- ထပ်မံ၍ ကောက်ရိုးပါးပါးဖြင့် ဖုံးအုပ်ပေးပါ**(ပုံ-၇)**။
- ပထမ(၅)ရက်တွင် အစိုဓာတ်လိုအပ်ပါက နေ့စဉ်နံနက်နှင့် ညနေတို့၌ ရေလောင်းပေးရန် ဖြစ်ပါသည်။
- (၃)ရက်အကြာ အပင်ငယ်များ အညွှန့်ထွက်ချိန်တွင် ကောက်ရိုးကို ဖယ်ရှားပေးရန် ဖြစ်သည်**(ပုံ-၈)**။
- အရွက်(၂)ရွက်ထွက်ချိန်တွင် စိုက်ပျိုးရန် အသင့်ဖြစ်သောအချိန်ဖြစ်သည်**(ပုံ-၉)**။

**စိုက်ခင်းမြေပြင်ခြင်း**

ပုံမှန်အတိုင်း ပြုပြင်ရန်ဖြစ်သည်။ အခြောက်ထယ်ထိုးခြင်း မပြုရပါ။ လယ်ကွက်သည် ရေပြင်ညီဖြစ်ရန်နှင့် ပျိုးပင်ရွှေ့ပြောင်း စိုက်ပျိုးရာတွင် ရေမရှိရန်လိုအပ်သည်။ စိုက်ပျိုးရာတွင် -

- တန်းကြားပင်ကြား (၁၀x၁၀)လက်မအနည်းဆုံးထားသင့်သည်။
- သင့်တော်သောနည်းကို အသုံးပြု၍ အမှတ်အသားပြုလုပ်သည်။
- (၁၂)တန်း (၁)တန်းလုပ်လမ်းများ ချန်ပေးရန် လိုအပ်သည်။ ယင်းလမ်းများသည် လယ်ကွင်းအတွက် လေဝင်လေထွက်ကောင်းမွန်စေသည်။ ရလဒ်အဖြစ် ပိုးမွှားရောဂါကျရောက်မှုနှုန်းကို လျော့ကျစေသည်။

**ရွှေ့ပြောင်းစိုက်ပျိုးခြင်း**

- ပျိုးသက်(၈-၁၂)ရက်ကြား အပင်ကိုရွှေ့ပြောင်းစိုက်ပျိုးရန် ဖြစ်သည်။ ပျိုးပင်များကို လွယ်ကူစွာရွှေ့ပြောင်းနိုင်သည်**(ပုံ-၁၀)**။
- ယင်းအပြင် အချိန်တိုအတွင်း ပျိုးချနိုင်မည်လည်းဖြစ်သည်။
- ပျိုးပင်ငယ်အား ထိခိုက်မှုမရှိစေရေး ဂရုပြုရန်လိုအပ်သည်။
- ပျိုးပင်ကို လက်မနှင့် လက်ညှိုးကြားထားပြီး မြေကြီးနှင့်အတူ ယူပါ**(ပုံ-၁၁)**။ ပြီးနောက်မြေပြင်အထက်(၁)လက်မအကွာမှ လက်ညှိုးကို အသုံးပြုပြီး အောက်ဖက်ကို ညင်သာစွာဆွဲပြီး စိုက်ပျိုးရန်ဖြစ်သည်။

**ပေါင်းနှိမ်နင်းခြင်း**

- SRI နည်းတွင်ရေအမြဲမရှိသည့်အတွက် ပေါင်းများ ပိုမိုပေါက်သည်။
- ပေါင်းများကို လက်နှင့်နုတ်ပြီး လယ်ကွက်၏ အပြင်ဘက်သို့ ပစ်မည့်အစား ပေါင်းတွန်းကိရိယာကိုအသုံးပြုပြီး မြေဆီလွှာအတွင်း ထည့်သွင်းလျှင် အကျိုးကျေးဇူးများစွာရရှိမည်ဖြစ်သည်။
- ပေါင်းတွန်းကိရိယာကို ပြောင်းရွှေ့စိုက်ပြီး(၁၀)ရက်နှင့် (၂၀)ရက် မြောက်သောရက်များတွင် အသုံးပြုရန်ဖြစ်သည် **(ပုံ-၁၂)**။ လိုအပ်လျှင် (၃၀)ရက်နှင့် (၄၀)ရက်များတွင် ဆက်လက်အသုံးပြုရန်ဖြစ်သည်။

**ရေအသုံးချမှု**

- မြေပြင်တွင်ရေအမြဲလွှမ်းနေခဲ့လျှင် အမြစ်များသည် အောက်ဆီဂျင်ချို့တဲ့မှုကြောင့် သေကျေမှုဖြစ်ပွားသည်။
- SRI နည်းတွင်ရေကိုအမြဲ ဖုံးလွှမ်းမနေရေး စီစဉ်ပေးရန်လိုအပ်သည်။
- ရေသွင်းရေထုတ်တစ်လှည့်စီပြုလုပ်ပေးရသည်။
- ရေထုတ်အပြီး မြေဆီလွှာ၏ အပေါ်ယံကြောအက်ကွဲသည့်အချိန်တွင် ရေကို ပြန်လည်သွင်းပေးရမည်။
- ပေါင်းတွန်းကိရိယာမသုံးမီ (၁)ရက်အလိုတွင် လယ်ကွင်းအား ရေသွင်းပေးရန် လိုအပ်သည်။
- မို့ကပ်ချိန်နှင့် ရင့်မှည့်ချိန်အကြား ရေကို(၁)လက်မခန့်သာ သွင်းထားရန် လိုအပ်သည်။
- စပါးစေ့များ၏ (၇၀)ရာခိုင်နှုန်းခန့်မာလာသည့်အချိန်တွင် ရေထုတ်ပေးရန်ဖြစ်သည်။

**ပိုးမွှားရောဂါ ထိန်းသိမ်းမှု**

- SRI နည်းတွင် အော်ဂဲနစ်မြေဩဇာကို အသုံးပြုရသည့်ရလဒ်အဖြစ် အပင်များ ကျန်းမာကြံ့ခိုင်ပြီး ပိုးမွှားရောဂါကျရောက်မှုနှုန်း လျော့စေသည်။
- ပိုးမွှားများကို Amrit jalam နည်းဖြင့် နှိမ်နင်းနိုင်သည်။

**SRI နည်း၏ အကျိုးကျေးဇူးများ**

၁။ အသုံးပြုနေသော မျိုးစေ့လိုအပ်ချက် (တစ်ဧကနို့ဆီဘူး ၁၀ လုံးခန့်) နည်းသဖြင့် မျိုးဖိုးကုန်ကျစရိတ် သက်သာသည်။
၂။ စိုက်ခင်းအား အခြောက်ခံစနစ်ကို ကျင့်သုံးသည့်အတွက် ရေအသုံးပြုမှု လျော့နည်းသည်။
၃။ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးကို အသုံးမပြုသည့်အတွက် ယင်းတို့၏ အသုံးစရိတ်လျှော့ချနိုင်သည်။
၄။ မြေလွှာကို အလှည့်ကျအခြောက်ခံပေးသည့်အတွက် ပိုးမွှားနှင့်ရောဂါကျရောက်မှုကို လျှော့ချနိုင်သည်။
၅။ အော်ဂဲနစ်စိုက်ပျိုးရေး၏ရလဒ်အဖြစ် အရသာရှိ၍ကျန်းမာရေးကို အထောက်အကူဖြစ်သော ဆန်ကို ထုတ်လုပ်ရရှိသည်။
၆။ ပင်ပွားထွက်ရှိမှု အလွန်များပြားခြင်း၊ အနှံအခက်များပိုမိုရှည်လျားခြင်းနှင့် အစေ့အလေးချိန်တိုးသည့်အတွက် အထွက်များပြားစွာ ရရှိနိုင်သည်။
၇။ မူလမျိုးစေ့အနည်းငယ်မှ မျိုးစေ့အရေအတွက် များပြားစွာ ရရှိနိုင်သည်။
၈။ ကိုယ်ပိုင်မျိုးစေ့များကိုထုတ်ယူနိုင်သည်။
၉။ စပါးမျိုးတူလျှင် မိရိုးဖလာစိုက်ပျိုးနည်းထက် အပင်သက်တမ်း (၁၀)ရက်ခန့် လျော့နည်းသည်။
၁၀။ ဇီဝဖြစ်စဉ် များပြားစွာဖြစ်ပေါ်သည့်အတွက် မြေဆီဩဇာ တိုးတက်ဖြစ်ထွန်းသည်။
၁၁။ စပါးစေ့အရွယ်အစားတူလျှင် အလေးချိန်ပိုမိုသည်။ စပါးခွံ၊ ဖွဲကြမ်းပါဝင်မှုရာခိုင်နှုန်းနည်းပြီး စပါးအကျိုးအကြေ လျော့နည်းသည်။



၂၀၂၀ ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)



# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်အတူ (၂၂) အမျိုးသားလွှတ်တော်နှင့် လွှတ်တော်မဲဆန္ဒနယ်များ သတ်မှတ်ခြင်း

— မောင်စာဂ —

**၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် ပုံမှန်အားဖြင့် ယခင်ရွေးကောက်ပွဲများ ကျင်းပမြဲကာလအတိုင်း ကျင်းပသွားနိုင်ဖွယ်ရှိမည်ဟု မျှော်လင့်ရပါသည်။ ရွေးကောက်ပွဲကျင်းပမည့် အချိန်ကပို၍ပို၍နီးကပ်လာပါပြီ။ လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပသည့်ရက် ကြေညာပြီးသည့်အခါ အထောက်အကူဖြစ်စေရေးအတွက် ပြည်သူ့လွှတ်တော်နှင့် လွှတ်တော်မဲဆန္ဒနယ်များ သတ်မှတ်ခြင်းခေါင်းစဉ်ဖြင့် ဖော်ပြခဲ့ပြီးဖြစ်သည်။ ယခု ထပ်မံ၍ အမျိုးသားလွှတ်တော်နှင့် လွှတ်တော်မဲဆန္ဒနယ်များ သတ်မှတ်ခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများမှ ကောက်နုတ်၍ အနှစ်ချုပ်မျှဝေပါရစေ။**

**အမျိုးသားလွှတ်တော်ဖွဲ့စည်းခြင်း**

အမျိုးသားလွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ်အများဆုံး ၂၂၄ ဦးဖြင့် ဖွဲ့စည်းသည်။ ယင်းသို့ ဖွဲ့စည်းရာတွင် –

ပထမအချက်အနေဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တစ်ခုစီမှ ကိုယ်စားလှယ်တစ်ဦးစီပါဝင်စေပြီး သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီအတွက် ကိုယ်စားလှယ် ၁၂ ဦးကျစီ တူညီစွာဖြင့် ရွေးကောက်တင်မြှောက်သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦး ပါဝင်သည်။ **[ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၁ (က)]**

ဒုတိယအချက်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုနယ်မြေများအပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုချင်းစီအတွက် ကိုယ်စားလှယ် ၄ ဦး ကျစီဖြင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သားအမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၅၆ ဦး ပါဝင်သည်။ **[ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၁ (ခ) ]**

**မဲဆန္ဒနယ်များသတ်မှတ်ခြင်း**

အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ သတ်မှတ်ခြင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်သည်။ ထိုသို့သတ်မှတ်ရာ၌ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်သည်–

ပထမအချက်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုလျှင် အမျိုးသားလွှတ်တော် မဲဆန္ဒနယ် ၁၂ နယ် သတ်မှတ်ရသည်။

ဒုတိယအချက်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုတွင်ပါဝင်သော မြို့နယ်အရေအတွက်သည် ၁၂ မြို့နယ်အောက်လျော့နည်းနေပါက မြို့နယ်တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ် သတ်မှတ်ပေးရသည်။ ထိုသို့သတ်မှတ်ရာတွင် မဲဆန္ဒနယ်အရေအတွက်သည် ၁၂ နယ်အောက် လျော့နည်းခဲ့သော် လိုအပ်နေသော မဲဆန္ဒနယ်အရေအတွက်ကို ယင်းတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မြို့နယ်များ၏လူဦးရေအများအနည်းအလိုက် တန်းစီဇယားပြု၍ လူဦးရေအများဆုံး မြို့နယ်မှစပြီး မြို့နယ်တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ်စီကို လိုအပ်သော မဲဆန္ဒနယ်အရေအတွက် ပြည့်သည်အထိ ထပ်ဆောင်းသတ်မှတ်ပေးရသည်။

တတိယအချက်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမပါရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုတွင် ပါဝင်သည့် မြို့နယ်အရေအတွက်သည် ၁၂ မြို့နယ်ထက်ပိုမိုနေပါက မဲဆန္ဒနယ်အရေအတွက်ကို ခရိုင်များရှိ လူဦးရေကို အခြေခံ၍ သတ်မှတ်ရသည်။ ထိုသို့သတ်မှတ်ခြင်းဖြင့် ခရိုင်တစ်ခုစီအတွက် အမျိုးသားလွှတ်တော်မဲဆန္ဒနယ် အရေအတွက် ရရှိသည်။ ခရိုင်တစ်ခုအတွက်ရရှိသော မဲဆန္ဒနယ်အရေအတွက်သည် ယင်းခရိုင်အတွင်းရှိ မြို့နယ်အရေအတွက်နှင့်တူညီနေပါက တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ်စီ သတ်မှတ်ပေးရသည်။

အကယ်၍ ခရိုင်တစ်ခုအတွက်ရရှိသော မဲဆန္ဒနယ် အရေအတွက်သည် ယင်းခရိုင်အတွင်းရှိ မြို့နယ်အရေအတွက်ထက် ပိုမိုနေပါက တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ်စီ သတ်မှတ်ပေးရသည်။ ယင်းသို့ သတ်မှတ်ပြီးနောက် ပိုမိုနေသေးသော မဲဆန္ဒနယ်အရေအတွက်ကို ယင်းခရိုင်အတွင်းရှိ မြို့နယ်များ၏ လူဦးရေအများအနည်းအလိုက် တန်းစီဇယားပြု၍ လူဦးရေအများဆုံး မြို့နယ်မှစ၍ တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ်စီကို လိုအပ်နေသော မဲဆန္ဒနယ်အရေအတွက် ပြည့်သည်အထိ ထပ်ဆောင်းပေးရသည်။

အကယ်၍ ခရိုင်တစ်ခုအတွက်ရရှိသော မဲဆန္ဒနယ် အရေအတွက်သည် ယင်းခရိုင်အတွင်းရှိ မြို့နယ်ဦးရေအောက် လျော့နည်းနေပါက လူဦးရေကွာဟမှု မကြီးမားစေရေးအတွက် မဲဆန္ဒနယ်များ၏ လူဦးရေအချိုးအစား တတ်နိုင်သမျှနီးစပ်မှုရှိစေရန် တစ်ဆက်တစ်စပ်တည်းရှိသော မြို့နယ်တစ်မြို့နယ် သို့မဟုတ် မြို့နယ်များဖြင့် ပေါင်းရုံးဖွဲ့စည်းနိုင်သည်။ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များကို သတ်မှတ်ရာတွင် သတိပြုရမည့်အချက်မှာ မြို့နယ်တစ်မြို့နယ်၏အစိတ်အပိုင်းတစ်ခုကို အခြားမြို့နယ်နှင့်ပေါင်း၍ မဲဆန္ဒနယ်သတ်မှတ်ခြင်း မပြုရပါ။ လူဦးရေနည်းသောခရိုင်များရှိပါက မဲဆန္ဒနယ်သတ်မှတ်ရာတွင် လူဦးရေမျှတမှုရှိစေရန်အတွက် ယင်းခရိုင်များနှင့် ဆက်စပ်လျက်ရှိသော အခြားခရိုင်တစ်ခုခုနှင့်စုစည်း၍ မဲဆန္ဒနယ်တစ်နယ်အဖြစ် သတ်မှတ်နိုင်သည်။

စတုတ္ထအချက်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွက် ( ဥပမာ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး) အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များသတ်မှတ်ရာတွင် ရှေးဦးစွာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုစီအတွက် မဲဆန္ဒနယ်တစ်နယ်စီ သတ်မှတ်သည်။ ယင်းသို့ သတ်မှတ်ပေးပြီးနောက် ကျန်ရှိသောမဲဆန္ဒနယ်များအတွက် အထက်ပါ တတိယအချက်တွင် ဖော်ပြထားသည့်နည်းလမ်းအတိုင်း ဆောင်ရွက်ရသည်။

- ❒ **ပထမအချက်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုလျှင် အမျိုးသားလွှတ်တော် မဲဆန္ဒနယ် ၁၂ နယ် သတ်မှတ်ရသည်။**
- ❒ **ဒုတိယအချက်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုတွင်ပါဝင်သော မြို့နယ်အရေအတွက် သည် ၁၂ မြို့နယ်အောက်လျော့နည်းနေပါက မြို့နယ်တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ် သတ်မှတ်ပေးရသည်။ ထိုသို့သတ်မှတ်ရာတွင် မဲဆန္ဒနယ်အရေအတွက် သည် ၁၂ နယ်အောက် လျော့နည်းခဲ့သော် လိုအပ်နေသော မဲဆန္ဒနယ်အရေအတွက်ကို ယင်းတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မြို့နယ်များ၏ လူဦးရေအများအနည်းအလိုက် တန်းစီဇယားပြု၍ လူဦးရေအများဆုံး မြို့နယ်မှစပြီး မြို့နယ်တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ်စီကို လိုအပ်သော မဲဆန္ဒနယ်အရေအတွက် ပြည့်သည်အထိ ထပ်ဆောင်းသတ်မှတ်ပေးရသည်။**

**ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများ**

အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အတွက် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများမှာ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အတွက် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများနှင့် အသက်ကန့်သတ်ချက်မှလွဲ၍ ကျန်အချက်များအတူတူပင်ဖြစ်သည်။ ပြည်သူ့လွှတ်တော်အတွက် အမည်စာရင်းတင်သွင်းသည့်အချိန်တွင် အသက် ၂၅ နှစ်ပြည့်ပြီးသူများဖြစ်ရပြီး အမျိုးသားလွှတ်တော်အတွက် အသက် ၃၀ နှစ် ပြည့်ပြီးသူများ ဖြစ်ရပါမည်။

**အမျိုးသားလွှတ်တော်ရွေးကောက်ပွဲကျင်းပခြင်း**

လွှတ်တော်ရွေးကောက်ပွဲများကို ဖြစ်နိုင်သရွေ့ တစ်နေ့တည်းတွင် တစ်ပြိုင်နက် ကျင်းပရသည်ဖြစ်၍ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲများကို ပြည်သူ့လွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲများနှင့်အတူ တစ်နေ့တည်းတွင် တစ်ပြိုင်နက်တည်း ကျင်းပသည်။

၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၁၆၈ နယ်တွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော နိုင်ငံရေးပါတီ ၃၄ ပါတီရှိသည်။ ပါတီကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်သူ ၄၇၂ ဦး၊ တစ်သီးပုဂ္ဂလအဖြစ် ပါဝင်ယှဉ်ပြိုင်သူ ၇ ဦး ရှိသည်။ ယင်းတို့ထဲတွင် အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ် ၆ ဦး ပါဝင်သည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၁၆၈ နယ်တွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော နိုင်ငံရေးပါတီ ၇၂ ပါတီရှိသည်။ ပါတီကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်သူ ၈၄၄ ဦး၊ တစ်သီးပုဂ္ဂလအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သူ ၄၂ ဦး ရှိသည်။ ယင်းတို့ထဲတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ၂၃ ဦး ပါဝင်သည်။

**မဲဆန္ဒနယ်များ၏ပုံစံမတူညီကြပါ**

အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုစီတွင် ၁၂ နယ်စီ တူညီစွာသတ်မှတ်ရသဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းတွင်ရှိသော မြို့နယ်နှင့် ခရိုင်အရေအတွက် နေထိုင်သော လူဦးရေတို့အပေါ် အခြေခံပြီး သတ်မှတ်ရသည်။ တိုင်းဒေသကြီးတစ်ခုနှင့်တစ်ခု၊ ပြည်နယ်တစ်ခုနှင့်တစ်ခု မဲဆန္ဒနယ်ပုံစံများ တူညီခြင်းမရှိကြပါ။ သာဓကအားဖြင့် ဖော်ပြရလျှင်–

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များကို လေ့လာရာတွင် မြို့နယ်တစ်ခုကို နှစ်ပိုင်းခွဲ၍ မဲဆန္ဒနယ် ၂ နယ် သတ်မှတ်ခဲ့သည့် မြို့နယ် ၁၉ ခု ရှိသည်။ မြို့နယ်တစ်ခုကို မဲဆန္ဒနယ် ၁ နယ် သတ်မှတ်ခဲ့သည့် မြို့နယ် ၄၄ ခု ရှိသည်။ မြို့နယ်နှစ်ခုကို မဲဆန္ဒနယ် ၁ နယ်သတ်မှတ်ခဲ့သည့် မြို့နယ် ၇၀၊ မြို့နယ်သုံးခုကို မဲဆန္ဒနယ် ၁ နယ် သတ်မှတ်ခဲ့သည့် မြို့နယ် ၄၈ ခု၊ မြို့နယ်လေးခုကို မဲဆန္ဒနယ် ၁ နယ် သတ်မှတ်ခဲ့သည့် မြို့နယ် ၂၀၊ မြို့နယ်ငါးခုကို မဲဆန္ဒနယ် ၁ နယ် သတ်မှတ်ခဲ့သည့် မြို့နယ် ၁၀ ခု၊ မြို့နယ်ခြောက်ခုကို မဲဆန္ဒနယ် ၁ နယ် သတ်မှတ်ခဲ့သည့် မြို့နယ် ၁၈ ခု ရှိသည်။ ထို့ပြင် ခရိုင်တစ်ခုလုံးကို မဲဆန္ဒနယ် သတ်မှတ်ခဲ့သည့် ခရိုင် ၂၁ ခုရှိသည်။

**အသင့်ပြင်ဆင်ပါဝင်ဆောင်ရွက်နိုင်ကြပါစေ**

အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် သတ်မှတ်ထားသော အရည်အချင်းနှင့်ပြည့်စုံကြရပါမည်။ အထူးသဖြင့် မဲစာရင်းတွင် ပါဝင်သူဖြစ်ရပါမည်။ မဲစာရင်းတွင်ပါဝင်သူဟုဆိုရာတွင် မိမိရွေးကောက်တင်မြှောက်ခံမည့်မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်ရန် မလိုပါ။ မဲဆန္ဒနယ်တစ်ခုခု၏ မဲစာရင်းတွင် ပါဝင်နေဖို့လိုသည်။ ဤသည်မှာ အရေးကြီးသည်။

ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်ကို တစ်မြို့နယ်လျှင် မဲဆန္ဒနယ်တစ်နယ် သတ်မှတ်သည်။ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အများစုသည် တစ်မြို့နယ်ထက် ပိုမိုပါဝင်နေသည်။ အချို့မှာ ခရိုင်တစ်ခုလုံးဖြစ်သည်။ ထို့ကြောင့် ယင်းသို့သောဒေသများမှ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့်သူများအနေဖြင့် မဲဆွယ်စည်းရုံးရမည့် နယ်မြေဧရိယာ ပိုမိုကျယ်ပြန့်မည်ကို သတိမူကြရပါမည်။

အမျိုးသားလွှတ်တော် မဲဆန္ဒနယ်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများသည် မိမိတို့၏ပါတီကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းများအား မည်သည့်မဲဆန္ဒနယ်တွင် ပါဝင်ယှဉ်ပြိုင်ကြမည်ကို ကြိုတင်ရွေးချယ်မှုတွေ ပြုကြရပါမည်။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေနှင့် နည်းဥပဒေများကို ကြိုတင်လေ့လာဖတ်ရှုထားကြရပါမည်။ သို့မှသာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲကျင်းပမည့်ရက်၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းရမည့်နေ့ရက်နှင့် မဲဆွယ်စည်းရုံးရေးကာလများကို ထုတ်ပြန်ကြေညာသည့်အခါ အဆင်သင့်ရှိနေကြမည်ဖြစ်ကြောင်း ပါဗျာ။

- ❒ **အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ လွတ်လပ်၍တရားမျှတပါစေ၊**
- ❒ **လွှတ်တော်ကိုယ်စားလှယ်လောင်းများ ကြိုတင်စီမံဆောင်ရွက်နိုင်ကြပါစေ၊**
- ❒ **အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းများ ပိုမိုပါဝင်လာနိုင်ပါစေ။**

# ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ် စီမံခန့်ခွဲမှုဥပဒေပြဋ္ဌာန်း

***ယမန်နေ့မှအဆက်***

၈။ ဒေသဆိုင်ရာကောင်စီသည် ခရိုင်နှင့် မြို့နယ်အလိုက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအဖွဲ့များကို ဖွဲ့စည်း၍ ယင်းတို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။ ယင်းသို့ လုပ်ငန်းတာဝန်များ သတ်မှတ်ရာတွင် ဒေသဆိုင်ရာကောင်စီ၏ လုပ်ငန်းတာဝန်များနှင့်အညီ သတ်မှတ်ပေးနိုင်သည်။

**အခန်း (၄)**

**ဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ**

၉။ ဝန်ကြီးဌာနသည် အောက်ပါကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည်-

(က) ပြည်တွင်း၌အသုံးပြုသည့် မော်တော်ယာဉ်များ သွားလာခွင့်ရှိသည့် နေရာဒေသတို့ကို သတ်မှတ်ခြင်းနှင့် ကန့်သတ်ခြင်း၊

( ခ ) နိုင်ငံအချင်းချင်း သို့မဟုတ် နိုင်ငံဖြတ်ကျော် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သွားလာခြင်းနှင့် သက်ဆိုင်သော ကုန်းလမ်းဖြင့် သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ လိုက်နာရမည့်အချက်များ သတ်မှတ်ခြင်း။

၁၀။ ဝန်ကြီးဌာနသည် -

(က) မော်တော်ယာဉ် မတော်တဆထိခိုက်မှု အန္တရာယ်များ၊ မော်တော်ယာဉ်ကြောင့် ဖြစ်ပေါ်သော သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ၊ ယာဉ်ကြောကျပ်တည်းမှုများ လျော့နည်းကျဆင်းလာစေရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် လေ့လာသုံးသပ်ခြင်း၊ လမ်းညွှန်ချက်များ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်များ ချမှတ်ခြင်းတို့ကို ဆောင်ရွက်ပေးရမည်။

( ခ ) ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ အမျိုးသားကောင်စီသို့ လိုအပ်သော မူဝါဒများ၊ စည်းကမ်းချက်များနှင့် လမ်းညွှန်ချက်များ ချမှတ်နိုင်ရေး အကြံပြုခြင်းများ ဆောင်ရွက်ရမည်။

၁၁။ ဝန်ကြီးဌာနသည် မော်တော်ယာဉ် မှတ်ပုံတင်ခြင်းဆိုင်ရာ အခကြေးငွေနှင့် ဒဏ်ကြေးငွေများ၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလိုင်စင်၊ အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ်နှင့် ယာယီယာဉ်မောင်းနှင်ခွင့် လက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ အခကြေးငွေနှင့်ဒဏ်ကြေးငွေများ၊ လုပ်ငန်းလိုင်စင်ဆိုင်ရာအခကြေးငွေနှင့် ဒဏ်ကြေးငွေများ၊ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်သူက ကောက်ခံရရှိသော သတ်မှတ်ယာဉ်စစ်ဆေးခများထဲမှ ဦးစီးဌာနသို့ ပေးသွင်းစေရမည့် အခကြေးငွေများနှင့် ဒဏ်ကြေးငွေများ၊ ဤဥပဒေနှင့် နည်းဥပဒေများနှင့်အညီ သတ်မှတ်ကောက်ခံမည့် မော်တော်ယာဉ် စီမံခန့်ခွဲခြင်းဆိုင်ရာ အခကြေးငွေများနှင့် ဒဏ်ကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ခြင်း၊ လိုအပ်သလို ပြင်ဆင်ခြင်းပြုနိုင်သည်။

၁၂။ ဝန်ကြီးဌာနသည် -

(က) အမိန့်ကြော်ငြာစာထုတ်ပြန်၍ အများပြည်သူအကျိုးငှာ မည်သည့်မော်တော်ယာဉ်ကိုမဆို မှတ်ပုံတင်ရာတွင် မှတ်ပုံတင်ခ၊ ယာဉ်မှတ်ပုံတင်ခြင်းဆိုင်ရာနှင့် ယာဉ်မောင်းလိုင်စင်ဆိုင်ရာ အခြားအခကြေးငွေတို့ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

( ခ ) မော်တော်ယာဉ် အသုံးပြုနိုင်မည့်သက်တမ်းကို သတ်မှတ်ပေးရမည်။

( ဂ ) မော်တော်ယာဉ်များ ကနဦးမှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များ၊ စံချိန်စံညွှန်းများနှင့် စံသတ်မှတ်ချက်များကို အတည်ပြုထုတ်ပြန်ရမည်။

၁၃။ ဝန်ကြီးဌာနသည် -

(က) မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းကို စစ်ဆေးရန် မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့ကို သဘောတူစာချုပ်ချုပ်ဆို၍ စည်းကမ်းချက်များ သတ်မှတ်ပြီး တာဝန်ပေးအပ်နိုင်သည်။

( ခ ) မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့အနေဖြင့် မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းများအပေါ် စစ်ဆေးခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည် အကဲဖြတ်ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဦးစီးဌာနက ပေးချေရမည့်ဝန်ဆောင်ခကို သတ်မှတ်ပေးရမည်။ ယင်းအဖွဲ့၏ သက်တမ်းကာလတို့ကိုလည်း သတ်မှတ်ရမည်။

**အခန်း(၅)**

**ဦးစီးဌာန၏လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ**

၁၄။ ဦးစီးဌာန၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မော်တော်ယာဉ် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

( ခ ) မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

( ဂ ) ပြည်တွင်းသို့ ဝင်ထွက်သွားလာမည့် သို့မဟုတ် ဖြတ်သန်းသွားလာမည့် ပြည်ပမှတ်ပုံတင်မော်တော်ယာဉ်ကိုသော်လည်းကောင်း၊ ပြည်ပသို့ဝင်ထွက်သွားလာမည့် သို့မဟုတ် ဖြတ်သန်းသွားလာမည့် ပြည်တွင်းမှတ်ပုံတင် မော်တော်ယာဉ်ကိုသော်လည်းကောင်း နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကုန်းလမ်းပို့ဆောင်ရေးဆိုင်ရာ သဘောတူစာချုပ်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) ကုန်းလမ်းပို့ဆောင်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့် ဒေသဆိုင်ရာသဘောတူညီချက်များအရ မြန်မာနိုင်ငံက လက်ခံကျင့်သုံးနိုင်သည့် နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများမှ ထုတ်ပေးသော ယာဉ်မောင်းလိုင်စင်ကို အသိအမှတ်ပြုမောင်းနှင်ခွင့်ပြုခြင်း။

( င ) မော်တော်ယာဉ်များ ကနဦးမှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များ၊ စံချိန်စံညွှန်းများနှင့် စံသတ်မှတ်ချက်များကို သတ်မှတ်၍ ဝန်ကြီးဌာနသို့ တင်ပြခြင်းနှင့် သက်တမ်းတိုးမှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ စံချိန်စံညွှန်းများ သတ်မှတ်ခြင်း၊

( စ ) မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးခြင်းဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့် စစ်ဆေးခြင်း၊

(ဆ) ဝန်ကြီးဌာနက သတ်မှတ်ထားသည့် မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့၏ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းများအပေါ် စစ်ဆေးခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည် အကဲဖြတ်ခြင်းဆိုင်ရာလုပ်ငန်း ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ပေးချေရမည့် ဝန်ဆောင်ခကို ပေးချေခြင်း၊

( ဇ ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူ လိုင်စင်လျှောက်ထားမှုကို စစ်ဆေးခြင်း၊ ထုတ်ပေးခြင်း၊ အမျိုးအစားခွဲခြားခြင်း၊ သက်တမ်းသတ်မှတ်ခြင်း၊ သက်တမ်းတိုးခြင်း၊ မောင်းနှင်ခွင့်နှင့် သုံးစွဲခွင့်ဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

( ဈ ) အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ်နှင့် ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ် အသစ်ထုတ်ပေးခြင်းဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ည) မော်တော်ယာဉ်မောင်း သင်တန်းကျောင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးခြင်းဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့် စစ်ဆေးခြင်း၊

( ဋ ) ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ ပညာပေးလှုံ့ဆော်ခြင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

( ဌ ) လမ်းညွှန်း၊ လမ်းအမှတ်အသားနှင့် အချက်ပြများ သတ်မှတ်ခြင်း၊

( ဍ ) အများပြည်သူဆိုင်ရာလမ်းများတွင် ယာဉ်သွားလာမှုအန္တရာယ်ကင်းရှင်းရေးအတွက် လမ်းအန္တရာယ်ကင်းရှင်းရေး စိစစ်အကဲဖြတ်လုပ်ငန်းစဉ် (Road Safety Audit) များ ဆောင်ရွက်ခြင်း၊

( ဎ ) အများပြည်သူဆိုင်ရာနေရာတွင် ဆောင်ရွက်သည့် တည်ဆောက်မှုလုပ်ငန်းများအပေါ် ကြိုတင်ပြင်ဆင်ဆဲကာလတွင်ဖြစ်စေ၊ ဆောက်လုပ်ဆဲကာလတွင်ဖြစ်စေ၊ အသုံးပြုနေသည့် ကာလတွင်ဖြစ်စေ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အကြံပြုချက်များနှင့် သုံးသပ်ချက်များကို သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ ပေးပို့ခြင်း၊

(ဏ) ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပွားစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာများ အသုံးပြုနိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊ အကြံဉာဏ်များ ရယူဆောင်ရွက်ခြင်း၊

(တ) ယာဉ်မတော်တဆမှုများနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ခြင်း၊ ယာဉ်မတော်တဆမှုများ လျော့နည်းစေရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ထ) ယာဉ်ကြောင့်ဖြစ်ပေါ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ ပညာပေးလှုံ့ဆော်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

( ဒ ) အများပြည်သူသုံးလမ်းပေါ်တွင် သွားလာနေသည့် မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် အမြန်နှုန်း သတ်မှတ်ခြင်း၊

( ဓ ) မော်တော်ယာဉ်၏ မှတ်ပုံတင်သက်တမ်းကာလ သတ်မှတ်ခြင်းနှင့် မော်တော်ယာဉ် သက်တမ်းတိုး မှတ်ပုံတင်ပေးခြင်း၊

( န ) မော်တော်ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်ရသည့် အကြောင်းရင်းများကို စုံစမ်းစစ်ဆေးခြင်းနှင့် အလားတူ မတော်တဆမှုများ ဖြစ်ပေါ်ခြင်းမရှိနိုင်စေရန် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ခြင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ အကြံပြုခြင်း။

**အခန်း(၆)**

**မော်တော်ယာဉ်မှတ်ပုံတင်ခြင်း**

၁၅။ ဦးစီးဌာနသည် -

(က) ဦးစီးဌာနရှိ အရာရှိများထဲမှ သင့်လျော်သော အရာရှိများကို ဦးစီးဌာန မှတ်ပုံတင်အရာရှိအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

( ခ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့်မြို့နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရှိ အရာရှိများထဲမှ သင့်လျော်သော အရာရှိများကို ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၁၆။ ဦးစီးဌာနသည်-

(က) မော်တော်ယာဉ် ယာယီမှတ်ပုံတင်ခြင်းလုပ်ငန်းနှင့် ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်း လုပ်ကိုင်ရန် ဦးစီးဌာန မှတ်ပုံတင်အရာရှိများကို တာဝန်ပေးအပ်ရမည်။ သို့ရာတွင် လိုအပ်ပါက သင့်လျော်သည့် ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိများကိုလည်း တာဝန်ပေးအပ်နိုင်သည်။

( ခ ) ပြည်ပနိုင်ငံများတွင် မှတ်ပုံတင်ထားသော မော်တော်ယာဉ်များ မြန်မာနိုင်ငံအတွင်း ခေတ္တဝင်ရောက်ခြင်းနှင့် ခေတ္တဖြတ်သန်းသွားလာခြင်းအတွက် ယာယီမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် သင့်လျော်သော မှတ်ပုံတင်အရာရှိများအား တာဝန်ပေးအပ်နိုင်သည်။

( ဂ ) ပြန်လည်တင်ပို့ရန် ရည်ရွယ်၍ ပြည်ပနိုင်ငံများမှ ယာယီတင်သွင်းလာသော မော်တော်ယာဉ်များကို သတ်မှတ်ကာလအတွင်း အသုံးပြုနိုင်ရေးအတွက် ယာယီမှတ်ပုံတင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရန်သင့်လျော်သော မှတ်ပုံတင်အရာရှိများအား တာဝန်ပေးအပ်နိုင်သည်။

(ဃ) စည်းကမ်းချက်များသတ်မှတ်၍ သက်တမ်းတိုး မှတ်ပုံတင်ခြင်းနှင့် မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသည့် အခြားလုပ်ငန်းများ ဆောင်ရွက်ရန် ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိများအား တာဝန်ပေးအပ်နိုင်သည်။

၁၇။ မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်ကို သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံတွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရမည်။

၁၈။ မော်တော်ယာဉ်ပိုင်ရှင်သည်-

(က) မော်တော်ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရန် ဦးစီးဌာနက သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ထိန်းသိမ်းပြုပြင်ထားရှိရမည်။

( ခ ) အောက်ပါ အခြေအနေတစ်ရပ်ရပ်နှင့် ငြိစွန်းသော မော်တော်ယာဉ်ကို မှတ်ပုံတင်ခွင့် မရှိစေရ-

(၁) စက်ချို့ယွင်းပျက်စီးနေခြင်း၊

(၂) ပုဒ်မခွဲ (က) ပါ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် မညီညွတ်ခြင်း၊

(၃) နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့် မညီညွတ်ခြင်း၊

(၄) မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ယခင်က မှတ်ပုံတင်ခဲ့ဖူးကြောင်း ဖော်ပြရန် ပျက်ကွက်ခြင်း။

၁၉။ (က) မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်ကို ယာယီမှတ်ပုံတင်ခြင်း ဆောင်ရွက်ပေးရန် သက်ဆိုင်ရာမှတ်ပုံတင်အရာရှိထံ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

( ခ ) သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ညီညွတ်ပါက မော်တော်ယာဉ်ကို အချိန်ကာလနှင့် နေရာအပိုင်းအခြား သတ်မှတ်၍ ယာယီမှတ်ပုံတင်ပေးနိုင်သည်။

၂၀။ သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိသည် မော်တော်ယာဉ် ကနဦးမှတ်ပုံတင်ရန် လျှောက်ထားချက်များကို စိစစ်ပြီး သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရန်ခွင့်ပြုခြင်း၊ ပြန်လည်ပြုပြင်စေရန် ညွှန်ကြားခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၁။ ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိသည် သက်တမ်းတိုးမှတ်ပုံတင်ခြင်း ဆောင်ရွက်ရန် သို့မဟုတ် မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် အခြားလုပ်ငန်းများ ဆောင်ရွက်ရန် လျှောက်ထားချက်များကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး-

(က) ခွင့်ပြုခြင်း၊ ပြန်လည်ပြုပြင်စေရန် ညွှန်ကြားခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

( ခ ) သီးခြားသတ်မှတ်ထားသော စည်းကမ်းချက်များနှင့် အကျုံးဝင်သည့် ကိစ္စရပ်များတွင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်ရန် ဦးစီးဌာနသို့ တင်ပြရမည်။

( ဂ ) အောက်ပါ အကြောင်းကိစ္စတစ်ရပ်ရပ် ပေါ်ပေါက်ပါက မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် မှတ်ပုံတင်ဖျက်သိမ်းခြင်းပြုရန် သဘောထားမှတ်ချက်ဖြင့် ဦးစီးဌာနသို့ တင်ပြရမည်-

(၁) အများပြည်သူကို အန္တရာယ်ဖြစ်စေနိုင်သော သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော ချို့ယွင်းချက်တစ်ခုခုကို မော်တော်ယာဉ်တွင် စစ်ဆေးတွေ့ရှိခြင်း၊

(၂) ကြိုတင်ခွင့်ပြုချက်မရှိဘဲ မော်တော်ယာဉ်၏ အဓိက အစိတ်အပိုင်းဖြစ်သည့် ရုပ်သဏ္ဌာန်၊ ကိုယ်ထည်၊ ဘောင်၊ ဝင်ရိုးနှင့် မောင်းနှင်တံအထိုင်စနစ်တို့ကို ပြောင်းလဲပြင်ဆင်ခြင်း။

(၃) အခါအားလျော်စွာ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိစေရေး ထပ်မံစိစစ်ရန် ကိစ္စရပ်များ စစ်ဆေးတွေ့ရှိခြင်း။

*(ဆက်လက်ဖော်ပြပါမည်)*

# မကွေးမြို့၌ လူထုအခြေပြု ဖျားနာကုဆေးခန်းဖွင့်လှစ်



**မကွေး မေ ၂၈**

မြန်မာနိုင်ငံဆရာဝန်များအသင်း(မကွေး)၊ ရွှေပါရမီ ပညာရေးဖော်ဒေးရှင်း အသင်းနှင့် ကရုဏာရှင်များ နာရေးကူညီမှုအသင်းတို့ ပူးပေါင်းဆောင်ရွက်သည့် လူထုအခြေပြု ဖျားနာကုဆေးခန်းကို မကွေးမြို့ မြို့မဈေးအနီးရှိ ကရုဏာရှင်များနာရေးကူညီမှု အသင်းရုံး၌ ဖွင့်လှစ်ထားရှိပြီး မေ ၂၆ ရက်က တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက်ဖွင့်လှစ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး စေတနာရှင် အလှူရှင်များ၏ လှူဒါန်းမှုများကို လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ (ယာပုံ) လူထုအခြေပြု ဖျားနာကုဆေးခန်း ကုသနေမှုကို ကြည့်ရှုသည်။

လူထုအခြေပြု ဖျားနာကုဆေးခန်းကို မေ ၂၈ ရက်မှ စတင်၍ တစ်နေ့တာ တာဝန်ကျ ဆရာဝန် တစ်ဦး၊ သူနာပြုတစ်ဦး၊ ကြက်ခြေနီ သုံးဦး၊ မီးသတ်သုံးဦး၊ ပိုးသတ်နှစ်ဦးနှင့် လူနာပို့ နှစ်ဦးတို့ဖြင့် စောင့်ကြပ်ကြည့်ရှု၍ အခမဲ့ကုသ ဆောင်ရွက်ပေးမည်ဖြစ်ပြီး၊ အပတ်စဉ် တနင်္လာ၊ ကြာသပတေးနှင့် စနေနေ့များတွင် နံနက် ၈ နာရီမှ ၁၀ နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## မြေဩဇာမှန်ကန်စွာထည့်သွင်းခြင်းဖြင့် စပါးသီးနှံအထွက်တိုးရေး ဆောင်ရွက်

**နေပြည်တော် မေ ၂၈**

နေပြည်တော် တိုင်းစိုက်ပျိုးရေးဦးစီးဌာန (မြေအသုံးချရေးဌာနခွဲ)၏ နွေစပါးသီးနှံတွင် ဓာတ်မြေဩဇာနှုန်းထား အမျိုးမျိုးစမ်းသပ်ကွက် ရိတ်သိမ်းမှု ကွင်းသရုပ်ပြပွဲ အခမ်းအနားကို နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာတောင်သူ ဦးတင်ထွန်း၏ စိုက်ကွင်း၌ ယနေ့နံနက်က ပြုလုပ်သည်။

အခမ်းအနားတွင် တိုင်းစိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းဦးနှင့် တိုင်းမြေအသုံးချရေးတာဝန်ခံတို့က စမ်းသပ်ကွက်ပြုလုပ်ရခြင်း လုပ်ငန်းရည်ရွယ်ချက်နှင့် ပြုလုပ်ပုံဆောင်ရွက်မှုမှတ်တမ်းအဆင့်ဆင့်ကို ရှင်းလင်းတင်ပြရာ ခရိုင်/မြို့နယ်တို့မှ မြေအသုံးချရေးတာဝန်ခံများ၊ ဝန်ထမ်းများနှင့် တောင်သူများက သိရှိလိုသည်များကို အပြန်အလှန်ဆွေးနွေးကြောင်း သိရသည်။ **မောင်ကျော်ကြီး**



## အများပြည်သူများနှင့် ရေလုပ်ငန်းရှင်များ သိရှိစေရန် ကြေညာခြင်း

မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ကြသည့် ကမ်းဝေး ငါးဖမ်း/ငါးသယ်ရေယာဉ်အားလုံးတွင် E-MTU/ Transponder(VMS ကိရိယာ)များကို ၃၁-၁-၂၀၂၀ ရက်နေ့တွင် တပ်ဆင်ခဲ့ပြီးဖြစ်၍ ငါးလုပ်ငန်းဦးစီးဌာန၏ VMS Control Center များမှ စောင့်ကြည့်ထိန်းချုပ်ခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။ ၁-၂-၂၀၂၀ ရက်နေ့မှ ၃၁-၅-၂၀၂၀ ရက်နေ့အထိ ကမ်းနီးငါးလုပ်ငန်းရေပြင်၊ Marine Protected Area အဖြစ် သတ်မှတ်ထားသော လန်ပိကျွန်းဇရိယာနှင့် တားမြစ်ထားသည့်ငါးဖမ်းကွက် (F13, F14, F20, F21) များအတွင်းသို့ ဝင်ရောက် ငါးဖမ်းဆီးသော စည်းကမ်းဖောက်ဖျက်သည့် ရေယာဉ်များ၏ ပိုင်ရှင်များ၊ ရေယာဉ်မှူးများ၊ တရားဝင်ရေယာဉ်ကိုယ်စားလှယ်များအား ဖုန်းဖြင့်သတိပေးခြင်း၊ စာဖြင့်သတိပေးခြင်း၊ အလားတူ စည်းကမ်းဖောက်ဖျက်မှုမျိုး ထပ်မံပြုလုပ်ခြင်းမရှိစေရန် ခံဝန်ကတိလက်မှတ်ရေးထိုးစေခြင်း၊ ငါးလုပ်ငန်းအဖွဲ့ချုပ် အပါအဝင် ငါးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များသို့ ဖြန့်ဝေအသိပေးခြင်းတို့ကို အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံပိုင် သတင်းစာများတွင် ကြေညာခြင်း၊ MRTV ရုပ်သံတို့မှ အသိပေးကြေညာခြင်းနှင့် စည်းကမ်းဖောက်ဖျက်သည့် ရေယာဉ်စာရင်းအား ငါးလုပ်ငန်းဦးစီးဌာန၏ Website တွင် (၅)ကြိမ်တိုင်တိုင် အသိပေးကြေညာခြင်းတို့ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

တည်နေရာသတင်းအချက်အလက်ပေးပို့မှု မရှိသည့် ရေယာဉ်များ (Silent Vessels) ၏ ပိုင်ရှင်များ၊ တရားဝင် ကိုယ်စားလှယ်များအား ရေယာဉ်၏ တည်နေရာ သတင်းအချက်အလက်ပေးပို့မှု ပြတ်တောက်စေမည့် စက်ဖြုတ်ခြင်း၊ စက်ပိတ်ခြင်းတို့ကို လုံးဝမပြုလုပ်စေရန်၊ ရေယာဉ်၏ တည်နေရာ ပြန်လည်ပေးပို့စေရန်နှင့် အလားတူ ကိစ္စရပ်မျိုး ထပ်မံပြုလုပ်ခြင်းမရှိစေရန်အတွက် ဖုန်းဖြင့် သတိပေးခြင်း၊ စာဖြင့်သတိပေးခြင်း၊ ခံဝန်ကတိ လက်မှတ်ရေးထိုးစေခြင်းအပြင် ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ငါးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များသို့ ဖြန့်ဝေအသိပေးခြင်းတို့ကိုလည်း အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် အထက်ဖော်ပြပါ စည်းကမ်းဖောက်ဖျက်သည့် ကမ်းဝေးငါးဖမ်း/ငါးသယ် ရေယာဉ်များအား(၁-၆-၂၀၂၀) ရက်နေ့မှ စတင်၍ ငါးလုပ်ငန်းဦးစီးဌာန၏ တည်ဆဲဥပဒေများနှင့် ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အမှတ်(၅/၂၀၁၈)နှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူများနှင့် ရေလုပ်ငန်းရှင်များသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ ဗိုလ်ဥတ္တမလမ်း၊ မြေကွက်အမှတ်(၅၁၇)၊ ဧရိယာ ပေ(၄၀x၆၀)၊ ဂရန်မြေအတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော ဧရိယာ ပေ(၂၀x၆၀) မြေနှင့်ယင်းမြေပေါ်ရှိ (၂)ထပ်နေအိမ် အပါအဝင် အကျိုးခံစားခွင့်အားလုံးကို စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းထွန်းဝင်း ၁၀/သထန(နိုင်) ၁၂၀၄၁၀ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးဝင်းထွန်း ၇/ညလပ(နိုင်) ၀၀၀၀၀၇က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက မည်သူမဆို ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဦးကျော်ကျော်မိုး (LL.B)**
အထက်တန်းရှေ့နေ(စဉ်-၂၆၆၁၈/၀၇)
(ရုံး)တက်နေဝန်းအိမ်ခြံမြေကုမ္ပဏီလီမိတတ်၊ ကျောင်းလမ်းမှတ်တိုင်၊
ပင်လုံလမ်းမကြီး၊ မြောက်ဒဂုံမြို့နယ်
ဖုန်း-၀၉-၈၉၂၀၉၀၁၇၂၊ ၀၉-၄၄၈၀၂၅၇၄၂

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပ ရပ်ကွက်မှ မြေဧရိယာ(၀ဒသမ၁၄၆)ဧကရှိ ဦး ဝင်းမြင့် ၉/မမန(နိုင်) ၀၁၃၅၉၇ (ဘ) ဦးသန်းရွှေ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၁၄၆၇)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၃၆/၂၀၁၅ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဒေါ်ဝင်းမင်းဖြိုး ၁၂/ဥကတ(နိုင်)၀၀၀၅၃၀(ဘ) ဦးတင်လှမှ ဒေါ်အေးအေးခိုင် ၁၃/တကန (နိုင်) ၀၆၈၆၈၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ပြုလုပ်ထားကြောင်းကြေညာခြင်း

ကျွန်မဒေါ်ထက်ထက်အောင် ၁၂/ဒဂမ(နိုင်)၀၁၄၄၄၀ကိုင်ဆောင်သူအမှတ်(၃၀/ခ)အနီဃာလမ်း၊ ရန်ကင်းမြို့နယ်နေ ထိုင်သူသည် ဦးသင်းမောင်အေး ၁၂/အလန(နိုင်)၀၀၀၉၀၄ ကိုင်ဆောင်သူ အမှတ်(၉၆)နှင်းဆီကုန်းလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး နေထိုင်သူထံမှ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ နှင်းဆီကုန်းလမ်း၊ အမှတ်(၉၇)တည်ရှိရာ HillTop Condo မှ Shop Area1 st & 2 nd Floors၊ အကျယ်အဝန်း(7286)စတုရန်းပေနှင့် Hill Top Condo မှ Shop Area မြေညီထပ် အကျယ်အဝန်း (1730)sqft ရှိသော အခန်းကို တိုက်ခန်းအရောင်းအဝယ် ကတိစာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပါသည်။

အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ် အပြီးသတ်ဆောင်ရွက်ရန် ကိစ္စအဝဝကို ဆက်လက်ဆောင်ရွက်တော့မည်ဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်ကြောင်း အထောက်အထားနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ဆက်သွယ်လာရောက် ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ**
**ဒေါ်ထက်ထက်အောင်**
**အမှတ်(၉)၊ သီရိမြိုင်လမ်း၊ သီရိရတနာရိပ်သာ၊ သင်္ဃန်းကျွန်းမြို့နယ်**

### ၂၆-၅-၂၀၂၀ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ-၂၆၌ ဒေါ်ခင်နီတာလွင်(တရားလွှတ်တော်ရှေ့နေ)နှင့် ဦးစိန်မြင့်(အထက်တန်းရှေ့နေ)တို့၏ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)က အများပြည်သူသိရှိနိုင်ရန် ကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် (၁၀၉)၊ ခုနစ်လွှာတွင် တရားဝင်ရုံးခန်းဖွင့်လှစ်ထားသော မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)၏ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ ဦးကျော်ကျော်(ခ) ဦးခင်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အမိန့်ကြော်ငြာစာအမှတ် ၉၈/၂၀၁၉ ဖြင့် အစ္စလာမ်ဘာသာရေးအသင်းအဖွဲ့ကြီးအဖြစ် အသိအမှတ်ပြုကြောင်းကို မော်လဝီအဖွဲ့ချုပ်(ဗဟို)တရားဝင်ရုံးခန်းတည်ရှိသည့် အမှတ် (၇၉) ၆-လွှာ၊ ဗိုလ်ဆွန်ပက်လမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့လိပ်မူ၍ ထုတ်ပေးခဲ့ရာ ဆရာ ဦးကျော်စိုး (ယခင်အထွေထွေအတွင်းရေးမှူးချုပ်)ကိုယ်တိုင် နေပြည်တော်သို့ သွားရောက်ရယူခဲ့ပါသည်။

ထို့နောက် ဆရာဦးကျော်စိုးမှာ ကျန်းမာရေးအခြေအနေကြောင့် အထွေထွေအတွင်းရေးမှူးချုပ် တာဝန်မှ အနားယူရန်အတွက် အဖွဲ့၏ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးရန် ဥက္ကဋ္ဌ ဆရာကြီးဦးစိန်လှအား ခေါ်ယူခဲ့သော်လည်း လာရောက်ခြင်းမရှိသည့်အတွက် အဖွဲ့ဝင်များ၏ဆန္ဒနှင့်အညီ ဦးကျော်ကျော်(ခ)ဦးခင်ထွန်းအား အထွေထွေအတွင်းရေးမှူးချုပ်တာဝန်ကို တရားဝင်လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ထိုသို့လွှဲပြောင်းပေးအပ်ပြီးနောက် အဖွဲ့၏လုပ်ငန်းသဘောအရ အထွေထွေအတွင်းရေးမှူးချုပ်၏ လက်ဝယ်၌ရှိသော မော်လဝီအဖွဲ့ချုပ်၏ တရားဝင်တံဆိပ်တုံးများ၊ Letter head များနှင့်အတူ အထက်ဖော်ပြပါအမိန့်ကြော်ငြာစာအမှတ် ၉၈/၂၀၁၉ မူရင်းစာရွက်များအား ဆရာဦးကျော်စိုးမှ လုပ်ပိုင်ခွင့်အရ ဦးကျော်ကျော်(ခ)ဦးခင်ထွန်းအား တရားဝင်လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

ထိုသို့ ဦးကျော်ကျော်(ခ)ဦးခင်ထွန်းမှ အထွေထွေအတွင်းရေးမှူးချုပ်တာဝန်ကို တရားဝင်လွှဲပြောင်းရယူလက်ခံပြီးနောက် ဆရာဦးကျော်စိုး ဦးသျှောင်နာယကအဖြစ်ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် (၁၀၉)၊ ခုနစ်လွှာသို့ မော်လဝီအဖွဲ့ချုပ်(ဗဟို)ရုံးခန်းအား ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။

ယခုလက်ရှိအချိန်တွင် အမိန့်ကြော်ငြာစာအမှတ် ၉၈/၂၀၁၉ စာရွက်စာတမ်းမူရင်းနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်၏ တစ်ခုတည်းသောတံဆိပ်တုံးများအပါအဝင် Letter head စာရွက်စာတမ်းမူရင်းများမှာ ဆရာဦးကျော်စိုးနှင့် ဦးကျော်ကျော်(ခ) ဦးခင်ထွန်းတို့ပါဝင်သည့် အလုပ်အမှုဆောင်အဖွဲ့ထံ၌သာရှိသောကြောင့် မည်သူတစ်ဦးတစ်ယောက်ကမျှ ဆရာဦးကျော်စိုးနှင့် ဦးကျော်ကျော်(ခ)ဦးခင်ထွန်းတို့ပါဝင်သည့် အလုပ်အမှုဆောင်အဖွဲ့၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရဘဲ အများပြည်သူထင်ယောင်ထင်မှားဖြစ်စေရန်အတွက် အလွဲသုံးစားမပြုလုပ်ရန် ကြေညာပါသည်။

၂၆-၅-၂၀၂၀ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၆)တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)နှင့် စပ်လျဉ်း၍ပါရှိသော သာသနာရေးဦးစီးဌာန၏ တရားဝင်အကြောင်းကြားစာနှင့် အစ္စလာမ်ဘာသာရေးအဖွဲ့လေးဖွဲ့၏ တရားဝင်သဘောတူညီချက်အရဟု ရေးသားဖော်ပြချက်နှင့်ပတ်သက်၍ ၂၀-၅-၂၀၂၀ရက်စွဲပါ စာအမှတ် ၀၂/၀၇/သသန-၃/၁၈ (၁၇၀) ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ ပေးပို့လာသည့်စာတွင် ၂၄-၄-၂၀၂၀ရက်စွဲပါ စာအမှတ် ၀၂/၀၇/သသန-၃/၁၈ (၁၃၇) ရည်ညွှန်းချက်စာအရ မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးအနေဖြင့် ဦးစိန်လှနှင့် ဦးကျော်စိုး နှစ်ဦးတို့အား ခေါ်ယူညှိနှိုင်းရန်နှင့် ခေါ်ယူညှိနှိုင်းမှုအခြေအနေကို ပြန်လည်တင်ပြရန် ညွှန်ကြားခဲ့ကြောင်း သိရှိရပါသည်။

သို့သော် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ဦးစိန်လှနှင့် ဦးကျော်စိုးနှစ်ဦးတို့၊ အသင်းနှင့်ပတ်သက်၍ ဖြစ်ပွားနေသည့်ပြဿနာအရပ်ရပ်အပေါ် နှစ်ဦးနှစ်ဖက်တွေ့ဆုံခြင်း၊ ညှိနှိုင်းဖြေရှင်းပေးခြင်းမရှိပါဘဲလျက် ဆွေးနွေးခဲ့ကြောင်း အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး လေးဖွဲ့နှင့် အလ်ဟာဂျ်မွဖ်သီစအီဒွလ္လာဟ်(ခ)ဆရာကြီး ဦးစိန်လှတို့အတူ ပူးပေါင်းကာ သာသနာရေးဦးစီးဌာနသို့ မမှန်မကန်တင်ပြ၍ စာရွက်စာတမ်းရယူခဲ့ကြောင်း သိရှိရသည့်အတွက် ပြန်လည်၍ ဥပဒေနှင့်အညီ တရားစွဲဆိုရန် ပြင်ဆင်ထားပြီးဖြစ်ကြောင်း ကိုလည်း အများသိစေအပ်ပါသည်။

ထို့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သာသနာရေးဦးစီးဌာနသို့ အမှန်တရားသိရှိနိုင်ရန်အတွက် ပြန်လည်တင်ပြသွားမည်ဖြစ်ကြောင်းနှင့် ၂၆-၅-၂၀၂၀ရက်စွဲပါ ကြေးမုံသတင်းစာပါ ကြေညာချက်အား သတင်းစာမှတစ်ဆင့် ပြန်လည်ရုပ်သိမ်းပေးရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဦးညီညီအောင်(စဉ်-၁၄၇၆၁)**
တရားလွှတ်တော်ရှေ့နေ
အမှတ် ၃၆၆(က)၊ ဗိုလ်ခန့်လမ်း၊ ၇-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၂၅၃၈၈၇၇၁၁၊ ၀၉-၇၉၅၇၀၃၉၇၁

# ကြော်ငြာရှင်များသို့ . . .

ယခုကာလအတွင်း မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာထည့်သွင်းလိုပါက ကြော်ငြာရှင်များ အဆင်ပြေချောမွေ့စေရန်အတွက် မြန်မာ့အလင်းသတင်းစာတိုက်သို့ လူကိုယ်တိုင်လာရောက်ထည့်သွင်း၍သော်လည်းကောင်း၊ G-mail(သို့မဟုတ်) Viber ဖြင့်ပို့၍ သော်လည်းကောင်း ကြော်ငြာထည့်သွင်းနိုင်ပါသည်။

G-mail(သို့မဟုတ်)Viber ဖြင့် ကြော်ငြာထည့်သွင်းလိုပါက mmalygn 544@gmail.com(သို့မဟုတ်)Viber ဖုန်းနံပါတ်- ၀၉-၄၂၀၁၁၄၀၀၅ သို့ အထောက်အထားပြည့်စုံစွာ ပေးပို့ထည့်သွင်းနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ်-၀၁-၅၅၉၁၁၈၊ ၀၉-၄၂၀၁၁၄၀၀၅သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့အလင်းသတင်းစာတိုက်**


## သက်ရှည်ကျန်းမာဇေကမ္ဘာဆေးလုံး

သွေးတိုး၊ နလုံး၊ လေငန်း၊ ဆီးချိုကြိုတင်ကာကွယ်ဆေး

အမှတ် - ၂၈၊ မြောက်ဖက်တန်း(အပေါ်ထပ်)ပိုလ်ချုပ်ဈေး၊ ရန်ကုန်မြို့။ ဖုန်း - ၅၄၉၁၁၆

0311YR003534



**စာရှုး**

**ဦးကျော်မင်း (ကထိက)**

**စာပေသမားတိုင်း ဖတ်ရှုသင့်သော စာအုပ်**

ဆိုင်တိုင်းတွင်မေးဝယ်ပါ။


## အမည်ပြောင်း

သထုံမြို့နယ်၊ ဘင်လှိုင်ရပ်ကွက်၊ ပရိုကိုးလမ်း၊ အိမ်အမှတ် (၇၁၄)နေ ဦးပြည့်ဖြိုးလင်း ၁၀/သထန(နိုင်) ၁၇၄၁၄၃ ၏သား မောင်စွမ်းရည်ထူးအား ယနေ့မှစ၍ စောဟိန်းစည်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**စောဟိန်းစည်**

## အမည်ပြောင်း

ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ အထက(၅) G-3 တွင် ပညာသင်ကြားနေသော မောင်ပြည့်စုံ(ဘ)ဦးဝင်းကိုနိုင်အား မောင်ခန့်ဇာနည်ဟိန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

ကသာမြို့၊ စက်ပန်းရပ်ကွက်နေ (ဘ)ဦးဘိုကေ၏သား ဦးဗိုလ်ဝင်း (ကျူရှင်ဆရာ) ၏ အမည်မှန်မှာ ဦးဘိုဝင်း ၅/ကသန(နိုင်)၀၄၀၉၁၂ ဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၈-၄-၁၉၇၁ ဖြစ်ပါကြောင်း။ **ဦးဘိုဝင်း**

## အမည်ပြောင်း

ဦးမောင်မောင်စန်း ၁၄/အဂပ(နိုင်) ၀၀၀၆၁၁ ၏ သမီး ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင် ဖျာပုံမြို့နယ် အထက(၄) Grade-6 ($R_1$)မှ မကြည်သာမြတ်အား မခင်နန္ဒာစမ်းဟု ပြောင်းလဲခေါ်ပါရန်။ **မခင်နန္ဒာစမ်း**

## တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ အလက(ခွဲ)(မြောက်ကျီ) မှ အလပြ ဆရာမဒေါ်ငွေအုန်း ၅/ဘတလ(နိုင်)၀၀၀၈၂၈ နှင့် ဒေါ်ငွေအုံးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ အထက(၅) မြောက်ဒဂုံမြို့နယ် နဝမတန်းမှ မောင်ရဲထက်နိုင်၏ဖခင် ဦးပိုင်သူထွန်း၏ အမည်မှန်မှာ ဦးမျိုးဝင်း ၁၄/မအပ(နိုင်)၁၇၁၆၆၂ ဖြစ်ပါကြောင်း။

**ဦးမျိုးဝင်း**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ ကွင်း/အမှတ်နှင့်အမည် (၄၃/ရွှေတောင်)၊ ဦးပိုင်အမှတ် (၅၇)၊ ဧရိယာ ၀ ဒသမ ၀၂၂ ဧကရှိမြေသည် မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ် (V) ၁၁၄/၂၀၀၇-၂၀၀၈အရ ဦးတိတ်ထိန် အမည်ဖြင့် နှစ် (၃၀)မြေငှားဂရန်ရရှိထားပြီး ဂရန်သက်တမ်းမှာ ၇-၂-၂၀၃၈ရက်တွင် ကုန်ဆုံးမည်ဖြစ်ပါသည်။ မူလအမည်ပေါက်သူ ဦးတိတ်ထိန်သည် ၁၂-၆-၂၀၁၉ ရက်တွင်လည်းကောင်း၊ ဇနီးဖြစ်သူ ဒေါ်လှကျင် (ခ)ဒေါ်အေးချမ်းသည် (၁၉၉၄) ခုနှစ်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ရာ ၎င်းတို့တွင် အမွေစားအမွေခံသားသမီး (၆)ဦးရှိပြီး ၎င်းတို့မှာ (၁) ဦးသိန်းဇော်၊ (၂) ဦးဖုန်းမော်၊ (၃) ဦးဖုန်းကျော်၊ (၄) ဦးဖုန်းသော်၊ (၅) ဦးငွေမင်း၊ (၆) ဒေါ်စောနှင်းနန္ဒာတို့ဖြစ်ကြပါသည်။ ဦးတိတ်ထိန်၏ ဒုတိယဇနီးဖြစ်သူ ဒေါ်ကျင်အေးသည် ၂၀၁၉ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီး ၎င်းတို့တွင် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်စန္ဒာလွင်ကျန်ရှိပြီး သားသမီး (၆)ဦးအနက် ဦးဖုန်းမော်သည် (၂၀၁၃)ခုနှစ်တွင် လည်းကောင်းကွယ်လွန်ခဲ့သဖြင့် ၎င်း၏အမွေစုကို ဇနီးဖြစ်သူ ဒေါ်အေးဆန်းမှလည်းကောင်း၊ ဦးဖုန်းကျော်သည် (၂၀၁၇) ခုနှစ်တွင်လည်းကောင်း၊ ဇနီးဖြစ်သူ ဒေါ်လှညွန့်ရီသည် (၁၉၉၇)ခုနှစ်တွင် လည်းကောင်းကွယ်လွန်ခဲ့ပြီး ၎င်းတို့တွင် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ယဉ်ယဉ်အေးကျော်မှလည်းကောင်း၊ ဦးဖုန်းသော်သည် (၂၀၀၂) ခုနှစ်တွင် လူပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ပြီး ဦးငွေမင်းသည် (၂၀၀၀)ခုနှစ်တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏အမွေစုကို ဇနီးဖြစ်သူ ဒေါ်မို့မို့ဦးမှလည်းကောင်း အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြပါသည်။ ကျန်ရစ်သူ ဦးသိန်းဇော်၊ ဒေါ်အေးဆန်း၊ ဒေါ်ယဉ်ယဉ်အေးကျော်၊ ဒေါ်မို့မို့ဦး၊ ဒေါ် စောနှင်းနန္ဒာနှင့် ဒေါ်စန္ဒာလွင်တို့ (၆) ဦးမှ မွန်ပြည်နယ်တရားလွှတ်တော်ရုံး၏ ကျမ်းကျိန်လွှာအမှတ်စဉ် (၂၀၄/၂၀၂၀)ဖြင့် ကျမ်းကျိန်ဆိုပြီး စာချုပ်အမှတ် (၃၄/၂၀၂၀)အရ မှတ်ပုံတင်ကာ မော်လမြိုင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အိမ်နှင့်မြေကွက်တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာသည့်စာချုပ်အမှတ် (၃၅/၂၀၂၀)အရ ဦးသိန်းဇော်၊ ဒေါ်အေးဆန်း၊ ဒေါ်ယဉ်ယဉ်အေးကျော်၊ ဒေါ်မို့မို့ဦး၊ ဒေါ်စောနှင်းနန္ဒာနှင့် ဒေါ်စန္ဒာလွင်တို့ (၆) ဦးမှတရားဝင်ပိုင်ဆိုင်လာပါသည်။

ဦးသိန်းဇော်၏ကိုယ်စား ဆောင်ရွက်နိုင်ရန်အတွက် မောင်စည်သူလွင်အား စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာချုပ်(၇၂/၂၀၂၀)အရ လွှဲအပ်ထားပါသည်။ ဒေါ်အေးဆန်း၊ မယဉ်ယဉ်အေးကျော်၊ ဒေါ်မို့မို့ဦး၊ ဒေါ်စောနှင်းနန္ဒာနှင့် ဒေါ်စန္ဒာလွင်တို့ (၅)ဦးမှ မိမိတို့၏ပိုင်ဆိုင်မှုအစုကို ဦးသိန်းဇော်အား အပြီးအပိုင်စွန့်လွှတ်ပေးကမ်းသည့် စာချုပ်အမှတ် (၅၇/၂၀၂၀)အရ စွန့်လွှတ်ပေးကမ်းသဖြင့် ဦးသိန်းဇော်မှ တရားဝင်ပိုင်ဆိုင်လာ၍ ၎င်းအမည်ဖြင့် မြေငှားဂရန် အမည်ပြောင်းလျှောက်ထားရခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

# သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ကုသရေးဦးစီးဌာန

မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်ရောဂါ

အထူးကုဆေးရုံကြီး

မန္တလေးမြို့

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်းခွဲစိတ်ရောဂါအထူးကုဆေးရုံကြီးသည် ၂၀၁၉-၂၀၂၀ ပြည့်နှစ်၊ ဘဏ္ဍာရေးနှစ်အတွက် Consumable for Speciality ပစ္စည်းများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ရန် အသိပေးအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာများ စတင်ရောင်းချမည့်ရက်** - ၂၉-၅-၂၀၂၀ ရက် (သောကြာနေ့)

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၂၉-၆-၂၀၂၀ ရက် (တနင်္လာနေ့) ညနေ ၄း ၀၀ နာရီ

၃။ လိုအပ်သော တင်ဒါစည်းမျဉ်းနှင့် Consumable ပစ္စည်းများအကြောင်းကို သိရှိလိုပါက ရုံးချိန်အတွင်း ဆေးရုံအုပ်ကြီးရုံးခန်းသို့ စုံစမ်းနိုင်ပါသည်။

**မနနလ-ဆေးရုံကြီး၊ မန္တလေးမြို့**

**ဖုန်း-၀၂-၄၀၃၁၂၀၀၊ ၀၂-၄၀၂၁၁၀၆**

## လေလံကြော်ငြာ

၁။ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းနှင့် လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးတို့မှ ဖမ်းဆီးရမိပြီး ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် အထွေထွေလူသုံးကုန်ပစ္စည်းများအား အောက်ဖော်ပြပါအတိုင်း လေလံတင်ရောင်းချသွားပါမည်-

(က) **လေလံတင်ရောင်းချမည့်ရက်စွဲ** - ၅-၆-၂၀၂၀ ရက် (သောကြာနေ့)

(ခ) **လေလံတင်ရောင်းချမည့်အချိန်** - နံနက် ၀၉:၃၀ နာရီ

(ဂ) **လေလံတင်ရောင်းချမည့်နေရာ** - မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ လားရှိုးမြို့

၂။ လေလံဆွဲဝယ်ယူလိုသူများသည် လေလံစည်းကမ်း၊ ပစ္စည်းစာရင်းနှင့် ကြည့်ရှုခွင့်လက်မှတ်များအား ၃-၆-၂၀၂၀ရက်မှစတင်၍ ၄-၆-၂၀၂၀ရက်အထိ ၀၉:၃၀နာရီမှ ၁၆:၃၀ နာရီအတွင်း လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးတွင် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဖုန်း-၀၈၂-၂၂၀၃၀၆၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**

**အမည်ပြောင်း**

တောင်ကြီးမြို့၊ အောင်သပြေကျေးရွာအုပ်စု၊ ညောင်ကုန်းရပ်ကွက်နေ ဦးကျော်စိုးမိုး၏သား စိုင်းသက်အောင် ၁၃/တကန(နိုင်)၃၂၁၆၉၆ အား ယနေ့မှစ၍ သူရိန်ဇော်မိုးဟု ပြောင်း လဲခေါ်ပါရန်။ **သူရိန်ဇော်မိုး**

## ရုံခန်းလိပ်စာပြောင်းလဲခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ သစ္စာလမ်း၊အမှတ်(၄၇၀)တွင် Green Vision Construction Co.,Ltd. ၏ရုံးခန်းကို အမှတ်(၁၁-က)၊ ဦးဘိုးသုန်ရိပ်သာလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့သို့ ၂၀၂၀ပြည့်နှစ် ဇွန် ၁ ရက်မှစတင် ပြောင်းလဲဖွင့်လှစ်မည်ဖြစ်ပါကြောင်း။

## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်၊ ကလန်ချောင်းကျေးရွာနှင့် မြိတ်ခရိုင်၊ တနင်္သာရီမြို့နယ်၊ မြေမအုံကျေးရွာတို့တွင် (၆၀x၆၀x၂၄)ပေ၊ ၃၆၀၀စတုရန်းပေရှိ (သံကူကွန်ကရစ်တစ်ထပ်)ဘက်စုံသုံး ဘေးဒဏ်ခိုလှုံရန် အဆောက်အအုံ (Multipurpose Shelter) နှစ်လုံးဆောက်လုပ်ရန် တင်ဒါစနစ်ဖြင့် ခေါ်ယူသွားမည်ဖြစ်ပါ၍ Cyclone Shelter များဆောက်လုပ်သည့် အတွေ့အကြုံရှိသော ပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီများ ဝင်ရောက်ယှဉ်ပြိုင်ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၅-၅-၂၀၂၀ရက်

(ခ) **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၅-၆-၂၀၂၀ရက်

(ဂ) **တင်ဒါပုံစံ(၁)စောင်ဈေးနှုန်း** - တစ်သောင်းကျပ်တိတိ

(ဃ) **တင်ဒါပုံစံစတင်လက်ခံမည့်ရက်** - ၂၅-၆-၂၀၂၀ရက်

(င) **တင်ဒါပုံစံနောက်ဆုံး တင်သွင်းရမည့်ရက်** - ၅-၆-၂၀၂၀ရက်

(စ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ဆိပ်ကမ်းသာလမ်း၊ ဆန်းချိုကွက်သစ်ရပ်၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၃၅၇၆၊ ၂၄၀၂၀

၂။ တင်ဒါလမ်းညွှန်ချက်နှင့်ပုံစံများကို အထက်ဖော်ပြပါ တင်ဒါပုံစံရောင်းချမည့်နေရာတွင် ၁၅-၅-၂၀၂၀ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၅၉-၂၃၅၇၆ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့**

**အမည်ပြောင်း**

ဦးစိုးမိုး၏သား စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၊ အောင်မေတ္တာရပ်ကွက် နယ်မြေ (၆)နေ မောင်စစ်သီဟနိုင်အား မောင်စစ်သီဟသန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်စစ်သီဟသန်း**

## အသိပေးအကြောင်းကြားခြင်း

အေးသာယာမြို့၊ ရပ်ကွက်(၅)၊ နယ်မြေ(၃)၊ အိမ်အမှတ်(၁၈၈)နေ ဦးသိန်းဇော်ဦး(ဘ)ဦးမောင် ကျော်ဝင်း ၉/မထလ(နိုင်)၂၅၇၄၁၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေး အကြောင်းကြားအပ်ပါသည်။ တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အကွက်အမှတ် (၁၇)၊ အကွက်အမည် နောင်အင်အနောက်မြောက်၊ မြေကွက်/ဦးပိုင်အမှတ်(၅၁)၊ဧရိယာ ၀ဒသမ၁၂၃ဧကရှိ ဦးသန့်ကြီး (စီအီး-၀၆၃၀၇၃) အမည်ပေါက်ပိုင်ဆိုင်သော တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေငှားဂရန် အမှုတွဲအမှတ်(၅၀၂/၁၉၉၁)ဖြင့် ထုတ်ပေးထားသော နှစ်(၃၀)ဂရန်အား ဦးသိန်းဇော်က ဝယ်ယူလက်ဝယ်ထားရှိခဲ့ပါသည်။ သို့ဖြစ်ပါ၍ ရောင်းချထားသူများဘက်က ကြော်ငြာပါသည့်ရက်မှစ၍ ဤ ၁၀ရက်အတွင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်နန်းဝါဝါပေါက်(LL.M)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၁၄၉/၁၃)**

**စ/၃၀၆၊ခတ္တာလမ်း၊စိန်ပန်းရပ်ကွက်၊တောင်ကြီးမြို့ ဖုန်း-၀၉-၂၆၀၄၇၈၄၀၀**




## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ ကွင်း/အမှတ်နှင့်အမည်(၄၃/ရွှေတောင်)၊ ဦးပိုင်အမှတ် (၅၆)၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိမြေသည် မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲအမှတ်(V) ၁၄၉/၂၀၀၉-၂၀၁၀ အရ ဦးတိတ်ထိန်အမည်ဖြင့် နှစ်(၃၀) မြေငှားဂရန်ရရှိထားပြီး ဂရန်သက်တမ်းမှာ ၂-၆-၂၀၄၁ရက်တွင် ကုန်ဆုံးမည်ဖြစ်ပါသည်။ မူလအမည်ပေါက်သူ ဦးတိတ်ထိန်သည် ၁၂-၆-၂၀၁၉ ရက်တွင်လည်းကောင်း၊ ဇနီးဖြစ်သူ ဒေါ်လှကျင်(ခ)ဒေါ်အေးချမ်းသည် (၁၉၉၄) ခုနှစ်တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ရာ ၎င်းတို့တွင် အမွေစားအမွေခံသားသမီး (၆)ဦးရှိပြီး ၎င်းတို့မှာ (၁) ဦးသိန်းဇော်၊ (၂) ဦးဖုန်းမော်၊ (၃) ဦးဖုန်းကျော်၊ (၄) ဦးဖုန်းသော်၊ (၅) ဦးငွေမင်း၊ (၆) ဒေါ်စောနှင်းနန္ဒာ တို့ဖြစ်ကြပါသည်။ ဦးတိတ်ထိန်၏ ဒုတိယဇနီးဖြစ်သူ ဒေါ်ကျင်အေးသည် ၂၀၁၉ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီး ၎င်းတို့တွင် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်စန္ဒာလွင်ကျန်ရှိပြီး သားသမီး (၆)ဦးအနက် ဦးဖုန်းမော်သည် (၂၀၁၃) ခုနှစ်တွင်လည်းကောင်း ကွယ်လွန်ခဲ့သဖြင့် ၎င်း၏အမွေစုကိုဇနီးဖြစ်သူ ဒေါ်အေးဆန်းမှလည်းကောင်း၊ ဦးဖုန်းကျော်သည် (၂၀၁၇) ခုနှစ်တွင်လည်းကောင်း၊ ဇနီးဖြစ်သူ ဒေါ်လှညွန့်ရီသည် (၁၉၉၇) ခုနှစ်တွင်လည်းကောင်းကွယ်လွန်ခဲ့ပြီး ၎င်းတို့တွင် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ယဉ်ယဉ်အေးကျော်မှလည်းကောင်း၊ ဦးဖုန်းသော်သည် (၂၀၀၂) ခုနှစ်တွင် လူပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ပြီး ဦးငွေမင်းသည် (၂၀၀၀)ခုနှစ်တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏အမွေစုကို ဇနီးဖြစ်သူ ဒေါ်မို့မို့ဦးမှလည်းကောင်း အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြပါသည်။ ကျန်ရစ်သူ ဦးသိန်းဇော်၊ ဒေါ်အေးဆန်း၊ ဒေါ်ယဉ်ယဉ်အေးကျော်၊ ဒေါ်မို့မို့ဦး၊ ဒေါ်စောနှင်းနန္ဒာနှင့် ဒေါ်စန္ဒာလွင်တို့ (၆) ဦးမှ မွန်ပြည်နယ်တရားလွှတ်တော်ရုံး၏ ကျမ်းကျိန်လွှာအမှတ်စဉ် (၂၀၄/၂၀၂၀) ဖြင့် ကျမ်းကျိန်ဆိုပြီး စာချုပ်အမှတ် (၃၄/၂၀၂၀)အရ မှတ်ပုံတင်ကာ မော်လမြိုင်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏အိမ်နှင့်မြေကွက် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာသည့် စာချုပ်အမှတ်(၃၅/၂၀၂၀)အရ ဦးသိန်းဇော်၊ ဒေါ်အေးဆန်း၊ ဒေါ်ယဉ်ယဉ်အေးကျော်၊ ဒေါ်မို့မို့ဦး၊ ဒေါ်စောနှင်းနန္ဒာနှင့် ဒေါ် စန္ဒာလွင်တို့ (၆) ဦးမှ တရားဝင်ပိုင်ဆိုင်လာပါသည်။

ဦးသိန်းဇော်၏ကိုယ်စား ဆောင်ရွက်နိုင်ရန်အတွက် မောင်စည်သူလွင်အား စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏အထူးကိုယ်စားလှယ်လွှဲအပ်စာချုပ် (၇၂/၂၀၂၀)အရ လွှဲအပ်ထားပါသည်။ ဒေါ်အေးဆန်း၊ မယဉ်ယဉ်အေးကျော်၊ ဒေါ်မို့မို့ဦး၊ ဒေါ်စောနှင်းနန္ဒာနှင့် ဒေါ်စန္ဒာလွင်တို့ (၅)ဦးမှ မိမိတို့၏ပိုင်ဆိုင်မှုအစုကို ဦးသိန်းဇော်အား အပြီးအပိုင်စွန့်လွှတ်ပေးကမ်းသည့် စာချုပ်အမှတ် (၅၇/၂၀၂၀)အရ စွန့်လွှတ်ပေးကမ်းသဖြင့် ဦးသိန်းဇော်မှ တရားဝင်ပိုင်ဆိုင်လာ၍ ၎င်းအမည်ဖြင့် မြေငှားဂရန် အမည်ပြောင်းလျှောက်ထားရခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မော်လမြိုင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ဒေါ်တင်လှိုင်
### အသက် (၉၁)နှစ်

ဒါးပိန်မြို့နေ (ဦးနေဝင်း-ဒေါ်ခြူ)တို့၏သမီး၊ မန္တလေးမြို့နေ (ဦးအောင်ကျော်-ဒေါ်ငြိမ့်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာလမ်း၊ အမှတ် (၈၁/ဘီ)နေ (ဒုတိယဗိုလ်မှူးကြီးအုံးကြွယ်)၏ဇနီး၊ (ဒေါက်တာဦးငွေးကြွယ်-ဒေါ်ခင်အေးသွင်)၊ ဦးငွေးအောင်(သဘော်အင်ဂျင်နီယာ)-ဒေါ်ကျင်တီ၊ ဦးကျော်ဇင်(သဘော်အင်ဂျင်နီယာ)-ဒေါက်တာဒေါ်အေးအေးမူ (Sun Clinic)၊ (ဦးတင်ထွန်း)၊ ဦးရဲထွန်း-ဒေါ်နွဲ့တင်၊ ဦးခင်မောင်ကြီး-ဒေါ်မြမြသန်း(လယ်ပြ+အမက-၂)၊ မြောက်ဒဂုံ)၊ ဗိုလ်မှူးခင်မောင်လေး(ငြိမ်း)-ဒေါ်ခင်ယုမော်၊ ဗိုလ်မှူးကျော်နိုင်(ငြိမ်း)-ဒေါ်ခင်မိမိကြွယ်၊ ဒေါ်ခင်စန်းကြွယ်၊ ဦးရဲမြင့်(ခေတ္တ-U.S.A) တို့၏ ချစ်လှစွာသော မိခင်ကြီးသည် ၂၈-၅-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၂:၂၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်တင်လှိုင်
### အသက် (၉၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ သာသနာ့ရိပ်သာလမ်း၊ အမှတ် ၈၁(ဘီ)နေ (ဒုတိယဗိုလ်မှူးကြီး အုံးကြွယ်)၏ဇနီး၊ ဦးရွှေဇင်ထွန်း-ဒေါ်အေးမွန်သူ၊ ဦးမျိုးသိန်းဦး-ဒေါ်တင်ရတနာစိန်မြင့်၊ ဦးထွန်းဇေယျ-ဒေါ်ခင်မာမာကြွယ်၊ ဦးကျော်နိုင်စိုး-ဒေါ်ဖြူသီအောင်၊ မောင်ဝင့်သူအောင်၊ ဒေါက်တာဇေယျာကျော်၊ ဦးမြတ်မင်းစိုး-ဒေါ်မွေးသစ္စာလှိုင်၊ ဦးရဲနိုင်ဝင်း-ဒေါ်အိအိခိုင်၊ မောင်ဘုန်းပြည့်ကြွယ်၊ မတင်မာလာထွန်း၊ မခင်ဝိုင်းချစ်၊ မယုမွန်အောင်၊ မောင်အောင်ကောင်းမိုး၊ မောင်ထူးကျော်အောင်၊ မောင်စည်သူအောင်၊ မောင်ထက်အောင်လှိုင်၊ မမြတ်နိုးခင်၊ မောင်အောင်ကောင်းမြတ်၊ မောင်မင်းထက်ကျော်၊ မောင်ဟိန်းဝေယံထွဋ်တို့၏ ချစ်လှစွာသော အဘွား၊ မြစ်၁၁ယောက်တို့၏ ဘွားဘွားကြီးသည် ၂၈-၅-၂၀၂၀ရက်(ကြာသပတေးနေ့) နံနက် ၂:၂၀နာရီ တွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကျော်နိုင်
### ဒုဦးစီးမှူး(ငြိမ်း)သမဝါယမ
### လက်ပံတန်းမြို့
### အသက်(၈၅)နှစ်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ လမ်းမတော်လမ်းနေ ဒေါ်ခင်မြင့်(မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ငြိမ်း)၏ ခင်ပွန်း၊ (ဦးသာလှိုင်-ဒေါ်အုန်းသင်)တို့၏သား၊ ဦးအောင်မြတ်-ဒေါ်လတ်လတ်ကျော်၊ ဦးဇော်လင်းအောင်-ဒေါ်နွယ်နီဝင်း၊ ဦးစိုးရန်နိုင်တို့၏ ဖခင်၊ မချောကေရီကျော်၊ မမြတ်ကြည်ဖြူခင်၊ မောင်ဇေယျာဇော်လင်းတို့၏အဘိုးသည် ၂၆-၅-၂၀၂၀ရက် (အင်္ဂါနေ့)တွင် အာရုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဗိုလ်မှူးရင်မောင်သန်း(ငြိမ်း)
### ကြည်း-၁၀၂၂၂
### အပတ်စဉ်(၃၀)
### အသက်(၈၀)

ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်သာလမ်းနေ (ဦးဘသန်း-ဒေါ်တင်ရွှေ)တို့၏သား၊ ဒေါ်ခင်မျိုးနွယ်၏ခင်ပွန်း၊ ဦးအောင်ဇော်ဟိန်း၊ Capt ရန်မျိုးအောင်(Uniteam)-ဒေါ်ယဉ်မျိုးပိုက်(D.S.Y) တို့၏ဖခင်၊ မယဉ်မီကို၊ မယဉ်မင်းအေး(MISAKI)တို့၏ဘိုးဘိုးကြီးသည် ၂၆-၅-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၁၀:၃၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၅-၂၀၂၀ရက် မွန်းလွဲ ၁ နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တံတိုင်းဒါယိကာမကြီး
## ဒေါ်ညွန့်ညွန့်ကြည်(ခ)ဒေါ်အုန်း အသက်(၈၅)နှစ်
### မော်လမြိုင်(ကရုပ္ပိ)

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်နေ [ဦးလှမောင်(ဆားအင်စပတ်တာ-ငြိမ်း)-ဒေါ်ညိန်းရွှေ]တို့၏သမီး၊ (ဒေါ်သန်းညွန့်) ၏ညီမ၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ၈၂/ရပ်ကွက်၊ ဘုမ္မာ(၃)လမ်း၊ အမှတ်(၆၈၇)နေ ဦးကြည်စိန်၏ ချစ်လှစွာသောဇနီး၊ (ဦးတင်ဝင်းနိုင်-ဒေါ်ချိုချိုယု)၊ ဦးဇော်သက်နိုင်-ဒေါ်လွင်လွင်စိုး၊ ဦးကြည်သော်နိုင်-ဒေါ်ဝင်းရွှေ၊ ဦးအေးကိုကို-ဒေါ်ကေသွယ်နိုင်၊ ဦးမိုးကျော် နိုင်-ဒေါ်စိုးစိုးမာတို့၏မိခင်၊ မြေး ၁၁ ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၈-၅-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၆:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၂၀ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှ ကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၃-၆-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါ မြောက်ဥက္ကလာပမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးမြရီ
### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ်(၇၈၇)နေ ဒေါ်ကြည်ကြည်ဝင်း၏ခင်ပွန်း၊ ကိုဇော်သဲမောင်-မအေးခင်ဆွေ၊ ကိုစိုးစံ-မဇင်မာထွန်း၊ ကိုအောင်သပြေ-မယုယုဆွေ၊ ကိုသူရလင်း-မကေသွယ်ခင်တို့၏ဖခင်၊ မြေး လေးယောက်တို့၏အဘိုးသည် ၂၇-၅-၂၀၂၀ ရက် ညနေ ၆:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၂၀ရက် နံနက် ၉နာရီတွင် ရေ ဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
## ဦးငွေစိုး
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
### အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
### အသက်(၆၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ လက်ပံကုန်းကျေးရွာနေ(ဦးစိန်ဖေ-ဒေါ်ခင်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးသန်း-ဒေါ်ကျင်စိန်)တို့၏သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ရွာသစ်ကျေးရွာ၊ ဗိုလ်တေဇလမ်း၊ အမှတ်(၁၁၃)နေ ဒေါ်နုနုငွေး(အလပြ-ငြိမ်း၊ အထက-၂၊ ဒဂုံ)၏ခင်ပွန်း၊ ရဲအုပ်မင်းအောင်စိုး-ဒေါ်ခင်မေဦး၊ ဦးသန်းအောင်စိုး-ဒေါ်စိမ်းနွဲ့အေး၊ ဦးနေလင်း -ဒေါ်ပြည့်ပြည့်ငွေစိုးတို့၏ဖခင်၊ မထက်ရတီကျော်၊ မောင်မင်းဟိန်းကျော်၊ မလင်းမွန်မွန်သော်၊ မောင်ဟိန်းခန့်အောင်တို့၏အဘိုးသည် ၂၇-၅-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄:၃၀နာရီတွင် ရန်ကုန်မြို့၊ ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၂၀ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ထောက်ကြန့်မြို့၊ မြို့ရှောင်လမ်း သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ခွာပါ မည်။)

ကွယ်လွန်သူအားရည်စူး၍ ၂-၆-၂၀၂၀ရက် (အင်္ဂါနေ့) နံနက်တွင် အထက်ပါမင်္ဂလာဒုံမြို့နယ်နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဗိုလ်မှူးကျော်ထင်(ခ)သစ္စာ(ငြိမ်း)-ဒေါ်ဥမ္မာခိုင်တို့၏ ဖခင်ဖြစ်သူ ဗိုလ်မှူးခင်မောင်နွယ်(ငြိမ်း)သည် ၂၇-၅-၂၀၂၀ ရက်နေ့တွင် ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ် (၃၄) မိသားစု**

### ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့နယ်၊ ပေါင်းတလည်မြို့၊ ပေါင်း တလည်အရှေ့ပိုင်း၊ အကွက်အမှတ်(၆၂) အရှေ့ ပိုင်းကွက်၊ ဦးပိုင်အမှတ်(၉၁)မှ မြေဧရိယာ (၀ဒသမ၃၉၈)ကေအနက်မှ (၀ဒသမ၂၄၁)ကေ နှင့် ဦးပိုင်အမှတ်(၉၄)မှ မြေဧရိယာ (၀ဒသမ ၂၇၄)ကေအနက်မှ (၀ဒသမ၁၇၀)ကေ စုစုပေါင်း (၀ဒသမ၄၁၁)ကေကို ဦးမောင်ဝင်း အမည်ဖြင့် မြေငှားဂရန်လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာ ဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန် မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှား ဂရန် ခွင့်ပြုချထားပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့**

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်စတယ်လာ
### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးအေး(၄)လမ်း၊ အမှတ်(၁၁၂/၁၁၄)နေ (ဦးဖိုးဆိုင်-ဒေါ်စိန်ပွင့်)တို့၏သမီး၊ (ဦးဖိုးကျင်-ဒေါ်မြစိမ်း)တို့၏သမီးချွေးမ၊ (ဦးစောလီယို)၏ ချစ်လှစွာသောဇနီး၊ ဦးဂျော့(ချ်)လီယို-(ဒေါ်ခင်သန်းဦး)၊ ဒေါ်ရိုဇက်တာလီယို-ဦးမောင်မောင်၊ (ဦးအက်ဒွပ်လီယို)-ဒေါ်ယွေ့နန်း၊ (ဦးသီဟအောင်နိုင်)၊ (ဒေါ်မိုရင်းလီယို-ဦးစောတင်အောင်မင်း)၊ ဦးအယ်လ်ဘတ်လီယို-ဒေါ်မာမာလွင်၊ (ဦးရောဘတ်လီယို)- ဒေါ်ထုဆိုင်၊ ဒေါ်မေပုလဲ-Mr.Peter Swarbrick တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၉ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၂၈-၅-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၈:၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမြတ်လှစိန်
### ဌာနမှူး(ငြိမ်း)
### ရုပ်ရှင်လုပ်ငန်းအတတ်ပညာဒေသကောလိပ်-၂
### အသက်(၇၇)နှစ်

တပည့်များအားလုံး၏ ချစ်ခင်လေးစားရပါသော ဆရာ ဦးမြတ်လှစိန်သည် ၂၅-၅-၂၀၂၀ရက်တွင် ရုတ်တရက်ကွယ် လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**RC-2-Cinema-3rd Batch မှ**
**ချစ်တပည့်များ**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ဖြူဖြူသန်း အသက်(၆၆)နှစ်
### (တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ၊ သမိုင်း၊ ငြိမ်း)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်(စံပြ)ရပ်ကွက်၊ မဟာမြင့်မိုရ်လမ်း၊ အမှတ်(၉၁သုံးလွှာ)နေ (ဦးလှထွေး-ဒေါ်အုန်းညွန့်)တို့၏သမီး၊ (ဦးဉာဏ်လင်း)(တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ၊ သမိုင်း)၏ချစ်လှစွာသောဇနီး၊ ကိုအောင်စိုးမိုး(ကိုတားနီ)(Premier Coffee, Capital Diamond Star Group)၏ချစ်လှစွာသောမိခင်၊ ဦးနေမျိုးအောင်(ရန်ကုန်အနောက်ပိုင်းခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်)-ဒေါ်လဲ့လဲ့ဝင်း(ဗဟန်းမြို့နယ်၊ စာရင်းစစ်ရုံး၊ ငြိမ်း)၊ ဦးတင်သန့်(ဦးဓမ္မစာရ)-ဒေါ်ခင်ခင်သိန်း(မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငြိမ်း)တို့၏ညီမ၊ ဒေါ်ကြွယ်ကြွယ်သန်း(ခ)မသီရိ၊ ဒေါ်စိမ်းစိမ်း(ခ)မစန္ဒာ(ပြန်ကြားရေး၊ ငြိမ်း)၊ ဗိုလ်ကြီးမြဆွေ(ငြိမ်း)-ဒေါ်ခင်ထွေး ညွန့်တို့၏အစ်မ၊ တူ၊ တူမ ငါးယောက်တို့၏အဒေါ်၊ မြေး နှစ်ယောက်တို့၏အဘွားသည် ၂၈-၅-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၇နာရီတွင် သျှင်ပါကူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၂၀ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင်ထွက်ခွာပါမည်။)ကွယ်လွန်သူအားရည်စူး၍ ၃-၆-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးလွင်မျိုးဇော်(ခ)ဦးကို
### အသက်(၅၅)နှစ်

ရန်ကုန်မြို့နေ (ဦးမြင့်လွင်)-ဒေါ်မူမူတို့၏သား၊ (ဦးတင်အောင်-ဒေါ်တင်ရီ)တို့၏သားသမက်၊ ဦးအောင်မျိုးဇော်-ဒေါ်မင်းပပအောင်၊ ဦးမျိုးမင်းမင်းလွင်-ဒေါ်အေလာမြင့်၊ဦးကျော်သူရ-ဒေါ်နုထွေးလှိုင်၊ဦးသော်သော်အောင်တို့၏အစ်ကို၊ မောင်ဝေယံ၏ ဖခင်၊ ဒေါ်ဝါဝါပြုံး(ဒုလက်ထောက်ကြီးကြပ်၊ မြို့နယ်ပညာရေးမှူးရုံး)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၈-၅-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၃:၃၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၂၀ရက် (စနေနေ့)ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါ သည်။

ကွယ်လွန်သူအားရည်စူး၍ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့၊ (၆)ရပ်ကွက်၊ အင်း၀(၇)လမ်း၊ အမှတ်(၉၄၅)နေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေ များရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော် လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော် လည်းကောင်း၊ ရေထုညစ်ညမ်းပြီးဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်း ကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေးဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေးအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နူန်း (၂၅-၄၀) စင်တီမီတာအတွင်းရှိနေစေရန် (မိမိလက်ကိုတံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေ ရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေးရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေ ပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမိန့်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**အမိန့်အမှတ်၊ ၅၆/၂၀၂၀**

**၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၇ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၈ ရက်)**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ (Coronavirus Disease 2019 –COVID – 19) ကြိုတင်ကာကွယ်ရေးနှင့် ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာထိန်းချုပ်နိုင်ရေးတို့အတွက် လိုအပ်သောအမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ခဲ့ပါသည်။

၂။ ယခုအခါ COVID – 19 ရောဂါဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ နိုင်ငံတွင်းကူးစက်ဖြစ်ပွားမှု လျော့နည်းလာခြင်း၊ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများတွင်သာ ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိရခြင်း၊ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများကို သတ်မှတ်ထားသောနေရာများတွင် အသွားအလာကန့်သတ်၍ စောင့်ကြည့်နေမှုအား ဒေသဆိုင်ရာအဖွဲ့အစည်းများက စနစ်တကျ ဝိုင်းဝန်း၍ ဆောင်ရွက်လျက်ရှိခြင်း၊ ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းလုပ်ငန်းကို အထူးအလေးထားဆောင်ရွက်လျက်ရှိခြင်း၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေးဌာနမှဝန်ထမ်းများ၊ နီးနွယ်ဌာနများနှင့် အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူလူထုက ရောဂါကာကွယ် ထိန်းချုပ်ခြင်းလုပ်ငန်းများတွင် တက်တက်ကြွကြွဆောင်ရွက်လျက်ရှိခြင်းတို့ကို တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၁၆-၄-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် (၃၇/၂၀၂၀) အရ လူ ၅ ဦးဖြစ်စေ၊ လူ ၅ ဦးထက်ပို၍ဖြစ်စေ စုဝေးခြင်းပြုနိုင်သည့်ကိစ္စရပ်များတွင် အောက်ပါကိစ္စရပ်များကို ထပ်မံဖြည့်စွက်လိုက်သည်-

(က) အစိုးရဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်ခြင်း၊

(ခ) အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများ၊ ဘုန်းတော်ကြီးသင်စာသင်ကျောင်းများ၊

(ဂ) အစိုးရဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံများအတွင်း ဆောင်ရွက်ရမည့်ဆွေးနွေးပွဲ၊ အစည်းအဝေးနှင့်သင်တန်းများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အကြံပြုသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အကြံပြုသတ်မှတ်ချက်များနှင့်ကိုက်ညီ၍ သက်ဆိုင်ရာဒေသအစိုးရအဖွဲ့များက ဖွင့်လှစ်ခွင့်ပြုထားသော စားသောက်ဆိုင်များတွင် စားသောက်ခြင်း၊

(င) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၃-၅-၂၀၂၀ ရက်စွဲဖြင့် အသိပေးထုတ်ပြန်ကြေညာထားသည့် မရှိမဖြစ်လိုအပ်သည့် လုပ်ငန်းများ၊ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများနှင့် အများပြည်သူအတွက် လိုအပ်သောလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ခြင်း။

**(ဒေါက်တာမြင့်ထွေး)**
**ပြည်ထောင်စုဝန်ကြီး**

## ကီပါ၏နေရာကို ဘာကီဖြင့် အစားထိုးရန် ချယ်လ်ဆီး ရည်ရွယ်

ချယ်လ်ဆီးအသင်းသည် အသင်းမှ ဂိုးသမား ကီပါ၏ နေရာကို အစားထိုးရန်အတွက် ဒေါ့မွန်အသင်းမှ ဂိုးသမား ရိုမန်ဘာကီကို ခေါ်ယူရန် ချဉ်းကပ်လိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ သည်ဆန်း၏ အဆိုအရ ချယ်လ်ဆီးအသင်းသည် ဒေါ့မွန်အသင်းမှ ဂိုးသမား ဘာကီကို ပေါင် ၁၅ သန်းဖြင့် ကမ်းလှမ်းမှုပြုလုပ်ရန် အဆင်သင့်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

ချယ်လ်ဆီးအသင်းသည် စတန်းဖို့ဒ်ဘရစ်တွင် လက်စွမ်းပြသထားနိုင်ခြင်းမရှိသော ဂိုးသမား ကီပါ၏ နေရာကို အစားထိုးရန် စဉ်းစားနေခြင်းဖြစ်သည်။ နည်းပြလမ်းပတ်သည် ၂၀၁၈ ခုနှစ်တွင် အက်သလက်တစ်ဘီဘာအိုအသင်းမှ ပေါင် ၇၂ သန်းဖြင့် ကော့တွိုက်စ်၏နေရာကို

*စာမျက်နှာ ၁၀ ကော်လံ ၁* ✻



# တောင်ကြီးမြို့၌ တိုင်းရင်းသားအိမ်ထောင်စုများအတွက် စားနပ်ရိက္ခာများနှင့် ငွေကျပ် တစ်သောင်းစီ ထောက်ပံ့

**တောင်ကြီး မေ ၂၈**


ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်နယ်ဝန်ကြီးများ၊ ကမ္ဘောဇဘဏ်လီမိတက်နာယက ဦးအောင်ကိုဝင်း၊ ရှမ်းပြည်နယ် ပြည်သူလူထုစားနပ် ရိက္ခာထောက်ပံ့ရေးကော်မတီဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များသည် မေ ၂၇ ရက် နံနက် ၈ နာရီတွင် တောင်ကြီးမြို့ အေးသာယာမြို့သို့ ရောက်ရှိပြီး ထနော့၊ လီဆူ၊ ရှမ်း၊ ကချင်၊ ကရင်နှင့် ဗမာတိုင်းရင်းသားအများစုနေထိုင်ရာ ရပ်ကွက် (၆) ရပ်ကွက်ရှိ အခြေခံတိုင်းရင်းသားပြည်သူ အိမ်ထောင်စု ၁၁၈၉ စု အတွက် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ ပါဝင်သည့် ရိက္ခာထုပ် ၁၅၂၆ ထုပ်နှင့် ငွေကျပ် တစ်သောင်းစီကို တိုင်းရင်းသားပြည်သူများ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းသည်။ (ယာပုံ)

*စာမျက်နှာ ၄ ကော်လံ ၁* ❒





ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုဗစ်-၁၉ ထပ်မံဖြစ်ပွားသူ ၂၀၂၉ ဦးရှိလာ စာ ၁၂

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၈-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ စာ ၁၅




ဇာစ်မြစ်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။




ဇာစ်မြစ်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။